www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

မြပုလဲသွယ်

# သူများရည်းစား

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၁၇၅၁၀၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၂၇၀၁၁၁၀ |
| အဖုံးဒီဇိုင်း | - | Lလင်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၇၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ၊ ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ . ၈၃

မြပုလဲသွယ်

သူများရည်စား/မြပုလဲသွယ်။ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၁၁

၂၈၀ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) သူများရည်စား


## အခန်း (၁)

မြူးကြွသည့် တေးဂီတသံက ခန်းမတစ်ခုလုံး လွှမ်းခြုံထားသလို နောက်ဆုံးပေါ် ဖက်ရှင်ဒီဇိုင်းတွေနှင့် လူတစ်စုကလည်း မိုတ်တုတ်စ်ခါ၊ လင်းတစ်လှည့် ခပ်မှုန်မှုန်အလင်းထဲမှာ ကဲချင်တိုင်းအပြတ်ကဲနေသည်။

တေးဂီတ၏ ဆူဝေမြူးကြွခြင်းထဲမှာ အလှလည်းပါသည်။ အကလည်း ပါသည်။ စိတ်လွတ်ကိုယ်လွတ် ပျော်နေကြသူများသာ စုဝေးသောအရပ်အဖြစ် ကိုယ့်လွတ်လပ်ခွင့်မှတစ်ပါး တခြားဘာကိုမှ စိတ်မဝင်စား။

တိုးတိုးကျိတ်ကျိတ် ရယ်သံနွေးနွေးလေးတွေက ဟိုတစ်စ ဒီတစ်စ။ အားလုံးထဲမှာ မင်းညတို့စုံတွဲက လိုက်ဖက်အညီဆုံး။



www.burmeseclassic.com

www.burmeseclassic.com



အထင်ပေါ် အကျော်ကြားဆုံး စုံတွဲလေးအဖြစ် နေရာယူထားသည်။

အထူးသဖြင့် မင်းညဆိုသည့် ရွှေမင်းသားလေးဘဝ၏ ကြီးကျယ်ခမ်းနားမှု၊ ချမ်းသာပြည့်စုံကြွယ်ဝမှု အစုစုက ထင်ရှားသည်။ လူသိများသည်။

မင်းညဒက်ဒီ ဦးသက်မင်းဆိုတာက နာမည်ကြီးမြို့မျက်နှာဖုံးတစ်ယောက်။ ဦးသက်မင်းပိုင်ဆိုင်မှုတွေက မြန်မာတစ်နိုင်ငံလုံး လက်ညှိုးထိုးမလွဲနိုင်အောင် များပြားသည်။

မင်းကုမ္ပဏီလုပ်ငန်းတွေဆို နေရာတိုင်းရှိသည်။ ဦးသက်မင်းကိုယ်တိုင်ကလည်း လူချောတစ်ယောက်မို့ ထင်ပေါ်ကျော်ကြားစရာတွေထဲ တစ်မျိုးအကျုံးဝင်လျက်။ ဦးသက်မင်းဆိုလျှင် မိန်းကလေးတိုင်းက သည်းသည်းလှုပ် စိတ်ဝင်စားကြသည့်အထဲက ဖြစ်သည်။

မင်းညကြပြန်တော့ အဖေဖြစ်သူ၏ အချောအလှနှင့် အမေဖြစ်သူ၏ အချောအလှတွေအားလုံး ပေါင်းစပ်ပိုင်ဆိုင်ထားသူအဖြစ် မိန်းကလေးတိုင်းက မင်းညမှ မင်းည ဆိုတာမျိုး။

အပြတ်ကဲကြ သည်းကြသည်။





နည်းအမျိုးမျိုးသုံးပြီး မင်းညလိုလူတစ်ယောက်နှင့် ရင်းနှီးပတ်သက်ခွင့်ရအောင် ကြိုးစားကြပေမယ့် မင်းညက ဘယ်သူမှ ဂရုမစိုက်။

သူ အာရုံရသည့်အချိန် ရသလို သူ့စိတ်ကြိုက်မိန်းကလေးနှင့် တွဲသည်။ အကြာကြီးတော့ မဟုတ်။ ဘယ်မိန်းကလေးကိုမှ လေးငါးရက်ထက် ပိုမတွဲ။ ဒီကြားထဲကပဲ မိန်းမလှလေးတွေက သူ့လိုလူအနားမှာ ဝိုင်းဝိုင်းလည်နေ၏။

ကလပ်က မင်းည ပြန်လာတော့ ညနစ်နာရီခွဲနေပြီ။ မက်တဲလစ်ကာလာ ပရာဒိုကားကြီးကို မင်းကမ္ဘာခြံကြီးရှေ့မှာ ရပ်လိုက်တော့ တိတ်ဆိတ်ခြင်းကို ရက်စက်စွာ ဖြိုခွင်းနေသော ဒက်ဒီနှင့်မာမီ၏ ရန်ဖြစ်စကားများသံ။ ပစ္စည်းများ ထုရိုက်ဖောက်ခွဲ ဖျက်ဆီးနေသံတွေကြားမှာ မင်းညမျက်နှာချောချော ထိန်းမရအောင် ပျက်သွား၏။

လူတကာ ငေးမောအားကျနေရတဲ့ မင်းညဘဝဆိုတာ ဒါလား။

မင်းညလိုချင်တာ ဂုဏ်တွေမဟုတ်။ သုံးမကုန် ဖြုန်း



www.burmeseclassic.com

www.burmeseclassic.com



မကုန်သည့် ငွေတွေမဟုတ်။

ငြိမ်းချမ်းအေးမြသော၊ သိမ်မွေ့နူးညံ့သော ချစ်စရာမိသားစု ကမ္ဘာလေးဖြစ်ပေမယ့် ထိုမိသားစုဘဝလေးကို မင်းည မပိုင်။

ပိုင်ဆိုင်ခွင့်လည်း ရမည်မဟုတ်။ လက်တွေ့ဘဝမှာ မင်းည ပိုင်ဆိုင်နေရသည်က မာမီနှင့်ဒက်ဒီတို့၏ မဆုံးနိုင်သော ရန်ပွဲများ၊ ပစ္စည်းများကျကွဲသံ၊ မာမီ့ငိုရှိုက်သံများသာ။

မီးရောင်ထိန်ထိန်ညီးနေသော နန်းတော်တမျှ ခမ်းနားကြီးကျယ်လှသော အဆောင်အယောင်များဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော အိမ်ကြီးကို တစ်ချက်လှည့်ကြည့်လိုက်ပြီး ကားကို နေရာက မောင်းအထွက်မှာ မိုးက အသံမပေး ဘာမပေး သွန်ချသလို ဝေါခနဲရွာသည်။

မိုးက အငြိုးတကြီး။ သည်းသည်းမည်းမည်း။

ပတ်ဝန်းကျင်တစ်ခုလုံး ဘာတစ်ခုမှ သည်းသည်းကွဲကွဲ မမြင်ရသည်အထိ။

ကားမီးကြီးကိုဖွင့်ပြီး လမ်းအတိုင်း လျှောက်မောင်းနေပေမယ့် မင်းညအတွက် ဦးတည်ရာမရှိ။





ဒီအချိန်ကြီး ဘယ်ကိုမှမသွားချင်။

ကိုယ့်ဒုက္ခကို ရင်ဖွင့်ပြီး မျှဝေခံစားပေးမည့်သူလည်းမရှိ။

ရှိလည်းမလိုချင်။

မာမီနှင့်ဒက်ဒီ အဖြစ်ကိုမြင်ရ၊ ကြားရတာနဲ့ပင် စိတ်ကုန်၊ စိတ်ပျက်လှပြီ။

ကားကို လမ်းတစ်ခုထဲ ဆွဲယူချိုးအကွေ့ ကားမီးရောင်အောက်မှာ ဘွားကနဲပေါ်လာသည့် လူအရိပ်ကြောင့် ကားဘရိတ်ကို အားကုန်ဖိနင်းလိုက်ပေမယ့် မလွတ်။

"တီ"

"ကျွီး"

"ဟာ"

ကားမီးရောင်မှာ ခွေခနဲ လဲပြိုသွားသည့်သူကြောင့် မင်းည မျက်လုံးထဲ ပြာသွားသည်။

သွားပြီ…။

လူတစ်ယောက်ကို သူ့ကားနှင့် ဝင်တိုက်မိပြီ။

မိုးရေထဲသို့ ကားပေါ်က မင်းည ပြေးဆင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထင်သည့်အတိုင်း မီးရောင်အောက်မှာ ခွေခွေလေးလဲနေသည့် သဏ္ဌာန်လေးတစ်ခု။

မည်းနက်ရှည်လျားသည့် ဆံပင်တွေကြားမှာ ဖြူဖွေးနေသည့် မျက်နှာလေးတစ်ခု။

မိန်းကလေးတစ်ယောက်ပါလား။ ထူထဲသော မင်းညှ မျက်ခုံးအစုံ တွန့်ကုတ်သွား၏။

မိုးရေထဲ မလှုပ်မယှက် ငြိမ်သက်နေသော မိန်းကလေးကို မင်းညှ ခေါ်ကြည့်သည်။ တဝေါဝေါ ရွာချနေသည့် မိုးသံမှတစ်ပါး မင်းညှခေါ်သံကို တုံ့ပြန်ထူးမည့်သူမရှိ။

“ကျွတ်”

ခေါင်းက မိုးရေစိုရွှဲနေသော ဆံပင်တွေထဲ လက်ကိုထိုးဖွပြီး သူ့မျက်စိရှေ့ ခွေခွေလေးလဲနေသော မျက်နှာကို ဒုတိယအကြိမ် ငုံ့ကြည့်မိသည်။

သေများသွားပြီလား။

ဒါမှမဟုတ် သတိမေ့နေတာလား။

ဒဏ်ရာပြင်းပြင်းထန်ထန် မရပါစေနှင့် ဆုတောင်းရင်း





မိုးရေထဲမှာ သတိမေ့နေသည်ဟု ထင်ရသော မိန်းကလေး၏ ကိုယ်တစ်ပိုင်းကို သူ့ရင်ခွင်ထဲ ဆွဲပွေ့လှုပ်ခါကြည့်သည်။

“ဟိတ်”

“ဒီမှာ...ဒီမှာ”

“ခေါ်နေတာ ကြားလား”

“ကြားရင် မျက်လုံးဖွင့်ကြည့်ပါဦး”

နှုတ်က မပြတ်ခေါ်သလို လက်တစ်ဖက်ကလည်း မိန်းကလေးမျက်နှာကို ခပ်ဆတ်ဆတ် ပုတ်နှိုးရင်း ကားမီးရောင် အကူအညီနှင့် မိန်းကလေးကိုယ်ပေါ်က ဒဏ်ရာကို အပြေးအလွှားရှာသည်။

ဘာဒဏ်ရာမှ မတွေ့သလို သွေးထွက်သံယိုလည်း မမြင်မှ သက်ပြင်းချသည်။

“အင်း”

“ဟော...သတိရလာပြီ”

ညည်းညူသံသဲ့သဲ့နှင့် လှုပ်ရှားလူးလွန့်လာသော ခန္ဓာကိုယ်ကြောင့် မင်းညှရင်ထဲ ဒိတ်ခနဲ ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



တော်ပါသေးရဲ့ ဘာမှမဖြစ်လို့။

“မင်း သတိရပြီလား”

မင်းညှ ထပ်မေးတော့ မိန်းကလေးက သူ့ရင်ခွင်မှာ ပျော့ခွေနေပြီ။

ပြဿနာပါလား။

မင်းည စိတ်ရှုပ်သွားသည်။

သူ့ရင်ခွင်ထဲက မိန်းကလေး သတိပြန်မေ့သွားပြီပဲ။

တစ်လမ်းလုံး မင်းညနှင့် သတိမေ့နေသော မိန်းကလေး နှစ်ယောက်တည်း ရှိသည်။ မိုးကလည်း အသည်းအမည်း ရွာနေလိုက်သည်မှာ နှစ်ယောက်စလုံး လမ်းလယ်ခေါင်မှာ ရေမွှန်းသည့် ကြွက်စုတ်လေးတွေလို ရေထဲနစ်အိုင်နေသည်။

လူသားချင်း စာနာစိတ်ကင်းစွာ ကိုယ့်ကြောင့် ဖြစ်လာသည့် တာဝန်ကိုမယူဘဲ ဖြစ်ချင်ရာဖြစ် ပစ်ထားနိုင်သူတွေရှိပေမယ့် မင်းညက ထိုလူယုတ်မာအုပ်စုထဲက မဟုတ်။

မိုးရေထဲမှာ သတိမေ့နေသော မိန်းကလေးကို ပွေ့ယူပြီး သူ့ကားနောက်ခန်းမှာ ထည့်သည်။ ကားကို နေရာက မောင်းထွက်





လာသည်အထိ မိန်းကလေးက သတိမရ။

မင်းညကိုယ်တိုင်လည်း သူ့ကားနှင့်တိုက်မိသည့် မိန်းကလေးကို ဘယ်ခေါ်သွားရမှန်းမသိ။

ဒီအချိန်ကြီး ဘယ်ဆေးရုံ၊ ဆေးခန်းမှ မသွားချင်။

သူ့ကားနှင့် ဝင်တိုက်မိတာလည်းမဟုတ်။ လန့်ပြီး သတိမေ့ ရှော့ခ်ဖြစ်သဖြင့် လာရာလမ်းအတိုင်း ကားကို ပြန်ဦးတည်လိုက်၏။ ဒီတစ်ခါ သူသွားမည့်နေရာက အတိအကျဖြစ်၏။

သို့သော် မင်းည ဦးတည်ရာက မင်းကမ္ဘာခြံကြီး သို့မဟုတ် သူတစ်ဦးတည်း သီးသန့်နေထိုင်သော ညကမ္ဘာခြံသို့ ဖြစ်သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ခြံရှေ့မှာ ကားရပ်လိုက်သည့်အချိန်အထိ မိုးက ရွာကောင်းတုန်းဖြစ်သည်။ လမ်းတိုင်း ရေတွေ ဖွေးဖွေးလှုပ် စီးမျောနေတာကို က မီးရောင်အောက်မှာ အထင်းသားမြင်နေသည်။

ကိုယ်တိုင် မိုးရေထဲမှာ နစ်လာခဲ့ပြီးသားမို့ ကားပေါ်က အဆင်းမှာ ထီးဆောင်းဆင်းနေစရာ မလိုတော့။

"ညီ…ညီ"

ကားနောက်ခန်းမှ လှုပ်ရှားလူးလွန့်သံနှင့် တစ်စုံတစ်ရာ ညည်းညူသံသဲ့သဲ့ကြောင့် မင်းည ကားထဲက မီးလုံးလှမ်းဖွင့်ပြီး ကားနောက်ခန်းကို လှမ်းကြည့်သည်။

ရီဝေလှုပဝိုင်းစက်သော မျက်နက်ဝန်းတစ်စုံ ပွင့်နေတာ





မြင်ရ၏။

"မင်း သတိရပြီလား"

အသံလာရာ ဖျတ်ခနဲ အကြည့်ရွေ့လာပေမယ့် အကြည့်တွေက ရီဝေဝေ။

"မို…ဘာဖြစ်တာလဲ"

"မင်းနာမည် မိုလား"

တစ်ဖက်က မလှုပ်။

မင်းညကပဲ ဆက်ပြောလိုက်၏။

"မိုးရေထဲ ကိုယ့်ကားနဲ့ မင်း ဝင်တိုးမိတာ မှတ်မိလား"

"မို…ကားတိုက်တာလား"

"အဲဒီလို ပြောရမှာပေါ့၊ ဒါပေမဲ့ မင်း ဘာမှမဖြစ်ပါဘူး၊ လန့်ပြီးသတိမေ့သွားရုံပါ"

"အသေတိုက်သတ်လိုက်တာ မဟုတ်ဘူး"

"ဟင်"

အက်ကွဲကွဲ၊ ဆို့နစ်နစ်အသံလေးက တိုးပေမယ့် မင်းညနားမှာ သည်းကွဲစွာ ကြားနိုင်ပါသည်။ သူ အံ့ဩမှင်သက်နေတုန်း



www.burmeseclassic.com

www.burmeseclassic.com



ရီဝေဝေ မျက်ဝန်းအကြည့်လေးတွေက မင်းညထံ ရောက်လာပြန်သည်။ ဘာကိုမှ မြင်တွေ့ပုံမရ။

"ရှင်...ဘာလို့ မို့ကို သေအောင်တိုက်ပြီး လမ်းပေါ်မှာ ပစ်မထားခဲ့ရတာလဲ"

"ဟာ...မဟုတ်တာ"

ဒီတစ်ခါတော့ မင်းည တကယ်လန့်သွားပြီး သူ့မျက်စိရှေ့က မိန်းကလေးမျက်နှာကို စေ့စေ့သေချာစွာ ကြည့်ဖြစ်သွားသည်။

ကြည့်စမ်း...သူမပါးပြင်ပေါ်မှာ မျက်ရည်ပေါက်ကြီးတွေနဲ့ပါလား။

"မို...သေပါရစေ"

"မို့ကို သေခွင့်ပြုပါ"

လဲလျောင်းနေရာက ရုတ်ခနဲ ကျုံ့ရုံးထသည်။ ပြီးတော့ မင်းည ဘာမှမပြောနိုင်ခင် ကားတံခါးကို ဝုန်းခနဲဆွဲဖွင့်ပြီး မိုးရေထဲ ပြေးဆင်းသွားပုံက အလန့်တကြား။

"ညီ...ညီရေ"

"မို့ကိုခေါ်ပါ၊ မို့ကိုခေါ်ပါ"





"ဟာ"

"ဟိတ်...ရှေ့မှာ ရှေ့မှာ"

"အား"

"ဝုန်း"

"ဟေး"

မင်းည အချိန်မီ ဖမ်းဆွဲချင်ပေမယ့် အချိန်မမီ။ ရေအရှိန်အောက်မှာ နစ်ကျနေသော ရေမြောင်းလေးထဲ အရှိန်ပြင်းစွာ ထိုးကျသွားသူရှိရာ ရောက်သွားတော့ မိုဆိုသည့် ကလေးမက သတိမေ့နေပြီ။

"ကျွတ်...သေတော့မှာပဲကွာ"

ဒီတစ်ခါတော့ ရီးရီးသတိမေ့ခြင်းမဟုတ်။ ဖြူဖွေးသော မျက်နှာပေါ် နီရဲသောသွေးတို့ တစိမ့်စိမ့်စီးကျနေ၏။

မင်းည ဘာမှစဉ်းစားနေချိန်မရတော့။

သူ့ကိုယ်သူ မိုဟုပြောသော မိန်းကလေးကိုယ်ကို ကားပေါ် ပြန်ပွေ့ယူချီမပြီး ကားထဲထည့်လိုက်သည်။

ခြံတံခါးကို ခပ်သွက်သွက်ဖွင့်ပြီး ကားကို ရပ်သည်အထိ

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက မလှုပ်။ အဆင့်ဆင့်ခတ်ထားသော သော့တွေကို တစ်ခုပြီးတစ်ခု တွန်းဖွင့်ပြီးမှ သူမကိုယ်လေးကို အိမ်ထဲအရောက် ပွေ့ချရသည်။

မင်းညကို ဘယ်သူမှ ကူညီမည့်သူမရှိ။ အိပ်ခန်းထဲက မင်းည ခြုံစောင်ထူထူကြီးတစ်ထည်ကို ဆွဲယူပြီး နှစ်ယောက်ထိုင်ဆိုဖာပေါ်မှာ မလှုပ်မယှက် ငြိမ်သက်နေသော မိန်းကလေးကိုယ်ပေါ် ခပ်တင်းတင်း ဆွဲခြုံပေးအပြီးမှာ မင်းညကိုယ်တိုင် အတော်မောဟိုက်သွားသည်။

သူ ဘာဆက်လုပ်ရမည်နည်း။

နီးရာဆိုဖာပေါ် ခြေပစ်လက်ပစ် ဝင်ထိုင်ရင်း မင်းည မျက်နှာကို လက်ဖဝါးနှစ်ဖက်ဖြင့် ဆွဲယူပွတ်သပ်ကာ မိုးရေတွေကို ခါချပစ်သည်။

ဘယ်သူမပြု မိမိမှုပဲ။

ပြဿနာက ဒီအတိုင်း ထိုင်နေရုံနှင့်မပြီး။ နှစ်ယောက်စလုံး မိုးရေထဲ နစ်လာသဖြင့် ခန္ဓာကိုယ်တွေက အေးစက်ချင်နေပြီ။





တစ်အိမ်လုံး မီးရောင်ထိန်ထိန်ညီးနေပေမယ့် မင်းညက မိုးရေစိုရွှဲနေသော မိန်းကလေးကိုကြည့်ကာ ချွေးပျံချင်နေသည်။

မင်းညကိုယ်ပေါ်က အဝတ်ရေစိုတွေကို မလဲခင် သွေးထွက်နေသည့် ဒဏ်ရာကို မီးရောင်မှာ ရှာရသည်။

နဖူးကွဲသွားတာပါလား။

ဒီလောက်တော့ ပြဿနာမရှိ။

အသင့်ရှိနေသည့် ဆေးအိတ်ကို ယူပြီး အနာကို သန့်စင်ဆေးထည့်ပြီး ပလာစတာ ကပ်လိုက်သည်။

ကဲ…အခု သူ့ကိုယ်ပေါ်က ရေစိုအဝတ်တွေ ဘယ်သူလဲပေးမှာလဲ။

မင်းည မျက်နှာချောချော ချက်ချင်းမှုန်သွားသည်။

"မဆီမဆိုင်ကွာ"

နှုတ်က မကျေမချမ်း ရေရွတ်သံထွက်လာသည်။

အချိန်အကြာကြီး ပစ်ထားလို့လည်းမဖြစ်။ ဖြစ်ချင်ရာဖြစ် သူမ ရေစိုအဝတ်တွေကို မဖြစ်မနေ လဲရမည့်တာဝန်က မင်းည တာဝန်ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွာ၊ ဘယ်လိုဝင့်ဒုက္ခလဲ"

သူ့အခန်းထဲက ရုပ်အင်္ကျီတစ်ထည်၊ ပုဆိုးတစ်ထည် လက်လှမ်းမှီရာ ဆွဲယူရင်း မျက်နှာချောချောတစ်ခုလုံး တင်းမာ မှုန်ကုပ်စွာ မှီဆိုသည့် မိန်းကလေးရှေ့ ပြန်ရောက်လာသည်။

"ဒီလောက်နဲ့တော့ မသေနိုင်လောက်ပါဘူး၊ ဒီအတိုင်းပဲ ထားလိုက်မယ်"

တစ်ယောက်တည်း အဆိုတင်သွင်းပြီး တစ်ယောက်တည်း ထောက်ခံသံကို ဘယ်သူမှမကြား။

စိတ်ရှုပ်ရှုပ်နှင့် မျက်စိရှေ့က မှီကို ငုတ်တုတ်ထိုင်အကြည့် မှာ ဘာတစ်ခုမှ အပြစ်ဆိုစရာမရှိအောင် လှချင်တိုင်းလှနေသည့် မျက်နှာလေးကြောင့် ပိုစိတ်ရှုပ်သွားသည်။

တော်တော်လှတဲ့ မျက်နှာလေးပါလား။ ဘာအပြင်အဆင် အခြယ်အသမှ မရှိဘဲ ဝင်းမွတ်နုဖတ်နေသည့် မျက်နှာလေးထက်မှာ မေးယှက်ထားသည့် ရှည်လျားထူထဲသည့် မျက်တောင်ကော့ကြီး တွေ။

နှာတံလေးက စင်းနေသည်။ ဇင်ရော်တောင် မျက်ခုံးတွေ





က စိမ်းမြမြ။ ပန်းသွေးရောင် ဖောင်းကြွနေသည့် နှုတ်ခမ်းအစုံက ဆေးမကူဘဲ သွေးရောင်တောက်စိုစွာ။

မျက်ဝန်းအစုံကို မှိတ်ပြီး ဦးခေါင်းကို ဆတ်ခနဲ ခါပစ် သည်။ ကိုယ်တိုင်လည်း ရေစိုအဝတ်တွေနှင့် ချမ်းတုန်စပြုလာသလို ဝုန်းဒိုင်းကျဲနေသည့် မိုးမင်း၏ ဒေါသကမစဲ။

လူတစ်ယောက်၏ အသက်ပါလားဆိုသည့် အသိစိတ် သိမ်းကျုံးမွေးလိုက်ရသည်။

ကိုယ်မှမကယ်လျှင် သူမ တစ်ခုခုဖြစ်သည်အထိ လက်ပိုက်ကြည့်နေရမည့်အဖြစ်။

နွေးထွေးသောအဝတ်ကို မင်းညကိုယ်မှာ အရင်လဲသည်။ ပြီးမှ မှီဆိုသည့် မိန်းကလေး၏ ရေစိုအဝတ် အစိတ်အပိုင်းတွေကို ခြံစောင်ထူကြီးအားကိုးနှင့် ဖွတ်နစ်၍ လဲလိုက်သည်။

ခြေထောက်မှာလည်း ဒဏ်ရာနဲ့ပါလား။ မို့မောက် ဝင်းမွတ်နေသည့် ခြေထောက်လှလှလေးတစ်ဖက်။ ခြေကျင်းဝတ် နေရာမှာ နီရဲယောင်ကိုင်းနေတာ မျက်ခုံးတွန့်ကြည့်နေခိုက် ညည်းသံ သဲ့သဲ့ ထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com

“အား…ကျွတ်…ကျွတ်”

“မင်း သတိရပြီလား”

“ဟိတ်…တို့ပြောတာ ကြားလား”

“အင်း…ဟင်း…ဟင်း”

မင်းည မေးတာကို ဖြေတာလား။

သူမကိုယ်ပေါ်က ဒဏ်ရာဒဏ်ချက်တွေကြောင့် ညည်းတာလားမသိ။ မပီမသ မသည်းမကွဲ ညည်းသံအဆုံးမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားဟန်ဖြင့် အသက်ရှူသံ ခပ်မှန်မှန်ကြားရသည်။

နက်မှောင်ရှည်လျားသော သူမဆံပင်ရှည်ကြီးမှာ မိုးရေနှင့်စိုအိနေ၏။ မင်းညမျက်ဝန်းရှေ့မှာ မလှုပ်မယှက် ငြိမ်သက်စွာအိပ်ပျော်နေသူကို နှိုးပြီး ခေါင်းကရေစိုဆံပင်တွေ စင်အောင်သုတ်ပြီးမှ ပြန်အိပ်လို့ပြောရမလား စဉ်းစားကြည့်သည်။

သတိရလာတာနှင့် စောစောကလို ကမူးရှူးထိုး ထပြေးလျှင် မင်းည ဒီတစ်ခါ ဘာလုပ်သင့်သနည်း။

ဖြစ်ချင်ရာဖြစ် ဒီအတိုင်း လက်ပိုက်ကြည့်နေသင့်သလား။





မသွားပါနဲ့လို့ မိုးထဲလေထဲ ပြေးမသွားအောင် ဆွဲထားရမှာလား။

ဘာမှန်းမသိသော အီလည်လည်အကြည့်နှင့် စိတ်ရှုပ်စွာအိမ်တံခါးမကြီးကို သော့ပိတ်လိုက်သည်။

ရှိစေ။ ကိုယ်နှင့် ဘာမဆိုင် ညာမဆိုင် သူစိမ်းမိန်းမတစ်ယောက်ကို ကိုယ်တိုင် ရေစိုအဝတ်တွေလဲပေးခဲ့ပြီးပြီ။

ဒါထက် ပိုပြီး ဘာမှထပ်လုပ်မပေးနိုင်တော့။

ကိုယ်နဲ့ ဘာမှမဆိုင်တဲ့ မိန်းမတစ်ယောက်ဆိုသည့် သတိက မင်းည ယောကျ်ားမာနကို လာဆွနေတာနှင့် ဆိုဖာပေါ်က မှီဆိုသည့် မိန်းကလေးကို ကျောခိုင်းဖို့ အဆင်သင့်ဖြစ်သွားသည်။

❖ ❖ ❖


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

အစကတော့ ဝိုးတဝါး။

မပီမသ မသည်းမကွဲ။

နောက်တော့ ပီပီသသ ဝမ်းပန်းတနည်း ကြေကြေကွဲကွဲ။

နှစ်ခြိုက်စွာ အိပ်နေရာမှ ဆတ်ခနဲ ခေါင်းထောင်အကြည့်မှာ မင်းည သတိတရားထဲ ဝင်လာတာက မှီဆိုသည့် မိန်းမလှလေးမျက်နှာ။

နောက်တော့ ညကအကြောင်းတွေ တစ်ခုပြီးတစ်ခု မင်းညခေါင်းထဲကို အစီအရီ ရောက်လာသည်။

အိပ်ရေးမဝသေးသော်လည်း အိပ်ရာက ကျုံးထလိုက်၏။ အိပ်ခန်းအပြင်အရောက်မှာ မျက်နှာလှလှလေးကို မမြင်မတွေ့နိုင်





အောင် အုပ်ကွယ်ထားသည့် မည်းမည်းခက်ခက် ဆံပင်တွေထဲ ခေါင်းဝှက်ပြီး ငိုနေသော မှီကို ညကထားခဲ့သည့် နှစ်ယောက်ထိုင်ဆိုဖာပေါ်မှာ ကျုံ့ကျုံ့လေး ထိုင်ပြီးငိုနေတာ တွေ့ရသည်။

ဘာအသံမှမပေးဘဲ ခဏငေးခနဲကြည့်ပြီး မျက်ခုံးတွန့်လျက် ကိုယ့်အခန်းထဲပြန်ဝင်ကာ ကိုယ်လက်သန့်စင်သည်။

အခန်းထဲက သူပြန်ထွက်လာတော့ ငိုရှိုက်သံ တိတ်နေပြီဖြစ်သော်လည်း လူကား ထိုပုံစံမပျက်။ ဆံပင်တွေထဲမှာ မျက်နှာလှလှလေးကို ဝှက်ကွယ်ထားဆဲ။

"မင်းကို ကိုယ်ဘာလုပ်ပေးရမလဲ"

မင်းညအသံကြောင့် ဆတ်ခနဲ ခေါင်းထောင်လာချိန်မှာ မှီ့မျက်ဝန်းအလှကို ငေးခနဲ ကြည့်ဖြစ်သွား၏။

အလွန် အင်မတန် ရိုးသားသန့်စင်သော မျက်နက်ဝန်းအစုံက ကြည်ရှင်းစိုလက်စွာ မည်းနက်ဝိုင်းစက်နေပုံက ဘယ်အလှမှ လိုက်မမှီနိုင်သော အလှဖြစ်သည်။

သိပ်လှတဲ့ မျက်ဝန်းတွေပါလား။

"ညီ"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ…ဟေ့"

သူ့ရင်ခွင်ထဲ စိတ်လွတ်ကိုယ်လွတ် တအားပြေးဝင်ဖက်တွယ်လာသူကြောင့် မင်းညကိုယ်မင်းည မထိန်းနိုင်ဘဲ နောက်ကို အလန့်တကြား ယိုင်ထွက်သွားသည်။

"ညီ"

"ညီ…ညီရယ်၊ ညီ ဘာမှမဖြစ်ဘူးနော်"

မင်းညတစ်ကိုယ်လုံး အင်အားရှိသမျှ သိမ်းကျုံးဖက်ထားပုံက အခုပဲ သူ့မလက်ထဲက မင်းည ထွက်ပြေးပျောက်ကွယ်သွားတော့မယ့်အတိုင်း ဖြစ်သည်။

လှပသော မျက်ဝန်းအစုံမှာ ပြည့်အိုင်စိုလက်လာသည့် မျက်ရည်တွေက မင်းညမျက်စိရှေ့မှာ ပိုးပိုးပေါက်ပေါက်နှင့် နုညက်ဝင်းမွတ်စွာ ဖြူအုနုဖတ်နေသော မျက်နှာလေးအပေါ် အတားအဆီးမဲ့စွာ။

ညီဆိုသည့် နာမည်ကို နှုတ်ဖျားကမချ။ မင်းည ရင်ခွင်ထဲ နစ်ဝင်ပူးကပ်နေသော မွှေးရနံ့ဖျော့ဖျော့နှင့် အိထွေးနူးညံ့သော အတွေ့မှာ မင်းည အနေရခက်စွာ အသက်ရှူမှားမတတ်ဖြစ်သည်။





"အာ…ဟိတ်"

"မင်း…လူမှားနေပြီ"

"ဟင့်အင်း…ဟင့်အင်း မို့ လူမမှားဘူး"

"မို့ချစ်တဲ့ ညီကို မို့ ဘာလို့မှားရမှာလဲ"

"ညီကို မို့ချစ်တယ်"

"မို့ကို ခွဲမသွားပါနဲ့ ညီရယ်၊ မို့…မို့ ညီနဲ့မခွဲပါရစေနဲ့"

"မခွဲပါရစေနဲ့ ညီရယ်နော်"

"ဟာကွာ"

သူ့ကိုယ်ကြီးကို မမှီမကမ်း လက်ကလေးများဖြင့် သိမ်းကျုံးပွေ့ဖက်ထားသော မိန်းမလှလေးထံမှ တုန်ရီစိုနင့်စွာ၊ ကြေကွဲထိခိုက်စွာ အသနားခံ တိုးရှိုးတောင်းပန်နေဟန်လေးကိုကြည့်ပြီး မင်းညပြောမည့်စကားတွေ လည်ချောင်းဝမှာ ပျောက်ကွယ်သွားသည်။

မို့ဆိုသည့် မိန်းမလှလေးက မင်းညကို သူ့ချစ်သူ ညီဆိုတဲ့ တစ်ယောက်နဲ့ လူမှားနေပြီပဲ။

ပစ်ပစ်ခါခါ ပြောမထွက်သလို နစ်နစ်နာနာလည်း မပြော



www.burmeseclassic.com

www.burmeseclassic.com

ရက်သဖြင့် သူ့ရင်ခွင်ထဲမှာ သိမ့်သိမ့်ရှိုက်ငိုနေသူ၏ ပခုံးနှစ်ဘက်ကို အသာဖွဖွ ထိကိုင်လိုက်သည်။

"ဒီမှာ တို့ ရှင်းပြပါရစေဦး"

"ဟင့်အင်း...ဟင့်အင်း၊ မှီ့ကို ညီ ဘာမှမရှင်းပြနဲ့၊ ညီ့နားမှာ မှီ ရှိနေခွင့်ရရင်ကိုပဲ မှီ ကျေနပ်ပါတယ် ညီရယ်"

"ညီ့နားမှာပဲ မှီ နေပါရစေနော်"

"မဟုတ်သေးဘူးလေ၊ ကိုယ်က မင်းရဲ့ညီမှ မဟုတ်တဲ့"

"ညီ"

မျက်ရည်ရောင်တောက်နေသော လှပသည့် မျက်ဝန်းအကြည့်တွေက ဝမ်းနည်းကြေကွဲခြင်းအပြည့်နှင့် မင်းညမျက်နှာကို နာကျင်ထိခိုက်စွာ သူ့ရင်ခွင်ထဲက မော့မော့လေး ကြည့်သည်။

ဇင်ရော်တောင် မျက်ခုံး၊ လှပဝိုင်းစက်သည့် မျက်နက်ဝန်း၊ ဖြောင့်စင်းလှပသည့် နှာတံ၊ နီရဲစွတ်စိုသော နှုတ်ခမ်းလွှာမှာ ဘာဆေးရောင်မှ မရှိ။ ဝင်းမွတ်နုဖတ်သော အသားအရေက ဖြူစင်လျက် ပန်းသွေးရောင်ထအောင် နုဖတ်နေ၏။

"ညီ...ညာတာ"





"ကျွတ်"

"မှီကို ညီ ဒီလိုပြောပြီး ဒက်ဒီတို့ဆီ မှီကို ပြန်ပို့ဦးမလို့ မဟုတ်လား၊ ဒီတစ်ခါတော့ ညီ့နားက မှီ ဘယ်မှမသွားဘူး ညီ"

"မှီချစ်တဲ့ ညီ့နားမှာပဲ မှီသေတဲ့အထိ နေမယ်၊ မှီ့ကိုသနားပါ ညီရယ်"

"မှီကို တကယ်ချစ်ရင် မှီ ဘယ်ကိုမှ မသွားပါရစေနဲ့ ညီရယ်"

"ညီ့နားမှာပဲ မှီ နေပါရစေနော်"

ပြောလည်းပြော ငိုလည်းငိုနေတာမို့ ကြာတော့ မင်းည စိတ်ရှုပ်လာသည်။ မင်းညကိုယ်ကြီးကို တင်းတင်းကြပ်ကြပ်ဖက်ပြီး တအင့်အင့်ငိုနေသူကြောင့် မင်းည အသက်ပင် ရဲရဲမရှူရဲ။

"မင်းလူမှားနေပြီ မှီ"

"မှီ မမှားဘူး ညီ၊ ညီကို မှီ ဘယ်တော့မှ လူမမှားဘူး"

"ကိုယ့်နာမည် ညီမဟုတ်ဘူး၊ မင်းည"

"မင်းချစ်သူ မဟုတ်ဘူး"

မှီက မင်းညမျက်နှာကို မော့ကြည့်ပြီး ဘာမှမပြော။



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ပေါက်ပေါက်ကျနေသည်။

"ကိုယ်ပြောတာ မင်းနားလည်လား"

မို မဖြေ။

မင်းည ဘာမှမပြောဘဲ သူ့ကိုယ်ကြီးကို တင်းကြပ်စွာ ဖက်ထားဆဲ မို့လက်ကလေးကို ညင်သာစွာ ခွာထုတ်ပြီး နောက်ကို ခြေတစ်လှမ်းစာ ဆုတ်ပြီးရပ်သည်။

"ညီ"

"မင်းညလို့ ပြောပြီးပြီလေ"

"ဟင့်အင်း"

ဘာကို ဟင့်အင်းမှန်းမသိ။

ဦးခေါင်းလှလှလေးကို ဝမ်းနည်းကြေကွဲစွာ ဆတ်ခနဲ ပင့်အခါမှာ မျက်ရည်ပေါက်ကြီးတွေ လျှောခနဲ ပြုတ်ကျ၏။

"ညက မင်းကို ကိုယ့်ကားနဲ့ ဝင်တိုက်မိမလိုဖြစ်တာ မင်းမှတ်မိတယ် မဟုတ်လား"

မျက်ရည်ပြည့်နေသည့် မျက်လုံးကြီးတွေနှင့် မင်းည မျက်နှာကို မျက်တောင်မခတ် စိုက်ကြည့်နေပုံက စိတ်မသက်သာ





ချင်စရာ။

ဒီလောက်ပဲ ညီဆိုတဲ့ မို့ချစ်သူနဲ့ မင်းညရုပ်က ခွဲမရအောင် တူနေပြီလား။

"ညက ညီမှန်းမသိလို့"

မို့အသံလေး ရှိုက်နင့်စွာ တိုးတိတ်ကြေကွဲလျက်။

ညက ညီမှန်းမသိလို့ဆိုတော့ အခု မင်းညမျက်နှာကို စေ့စေ့ကြည့်ပြီး သူမချစ်သူ ညီမှ ညီပါပဲဟု အတတ်စွဲလိုက်မှန်း သူမအကြည့်၊ အပြောလေးများအရ မင်းည သိလိုက်သည်။

"အခုလည်း ညီမှမဟုတ်ဘဲ၊ မင်း လူမှားနေပြီ မို"

"မိုမှ မယုံဘဲ"

"ကျွတ်"

မင်းညပြဿနာက ရှင်းလေရှုပ်လေ။

စိတ်ရှုပ်ထွေးစွာ မို့မျက်နှာလှလှလေးကို စိုက်ကြည့်ပစ်သည်။ သူ့ကို ပြန်ကြည့်နေသည့် မို့ပုံစံက မင်းညလိုလူတစ်ယောက်ကို ဖွတ်အတင်း ဇာတ်လမ်းရှာပြီး ခွာချလို့မရ တွယ်ကပ်ဖို့ ကြိုးစားနေတာမဟုတ်မှန်းတော့ သေချာသည်။ မိုနားမှာ ဝတ်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးထဲ စိန်နားကပ်နှင့် ရွှေကြိုးမျှင်မျှင်ပါသော်လည်း စိန်လော့ကက်က ဖွေးလက်စွာ လင်းလက်သွား၏။ ပုံစံကြည့်ထဲက တော်ရုံအနေအထားထဲက လာတဲ့သူမဟုတ်နိုင်တာကိုလည်း အကဲခတ်မိသည်။

"ညီ"

"ညီ မဟုတ်ဘူးကွ"

မင်းညအသံက ထန်နေသည်။

ပင်ကိုယ်အခံဓာတ်ကိုက စိတ်အလိုမကျခြင်းတွေနှင့် စိတ်မရှည်ချင်နေတာလည်း ပါသည်။ သူ့အသံကြောင့် ဟင့်ခနဲ ရှိုက်သံနှင့် ပါးပြင်ပေါ် စီးကျလာသည့် မျက်ရည်စီးကြောင်းတွေကြောင့် မင်းည မျက်ခုံးတွေ တွန့်ကုတ်သွားသည်။

ဘာလဲကွာ။ နေရင်းထိုင်ရင်း ဘယ်လိုမှ ရှင်းမရအောင် ဇယားတွေလာရှုပ်နေသည်။ သူ သက်ပြင်းရှိုက်လိုက်သည်။

အခုမှ တကယ့်ပြဿနာပါလား။

ညထဲက ဘာမှဟုတ်တိပတ်တိ စားထားတာမရှိတော့ ဗိုက်က ဆာနေပြီ။ မို့ကိုကြည့်လိုက်တော့ ငိုကောင်းဆဲ။



အရွယ်လေးက ငယ်ငယ်။ ရုပ်ကလေးက လှလှနဲ့ အဖိုးတန် စိန်ထည်တွေက တဖျတ်ဖျတ်။

မင်းညနေရာမှာ တခြားကောင်တစ်ကောင်ဆို ဒီလိုသွားပြီလို့ကတော့ ဘာကိုမှ ရှင်းလို့ရတော့မှာမဟုတ်။ ညကလည်း တစ်ညလုံး မင်းညအိမ်မှာဆိုတော့ သမီးအချောအလှလေး ပျောက်သွားလို့ မိဘတွေစိတ်ပူနေမှာ သေချာသည်။

"မင်းကို ဘယ်ကိုပို့ပေးရမလဲပြော"

"ဘယ်မှမပို့နဲ့"

"မင်း ကိုယ့်ကို ပြဿနာမရှာနဲ့နော် မို့၊ မင်းကို ကိုယ်မသိဘူး၊ ပြီးတော့ ကိုယ်က မင်းရဲ့ညီလည်းမဟုတ်ဘူး"

"မို့ကို မသိဘူးဆိုပြီး ဘာလို့ မို့နာမည်ကို ခဏခဏခေါ်နေရသေးလဲ"

"ဟ…အဲဒါက မင်းကိုယ်မင်း မို့ကလို့ ပြောနေတာကိုးကွ"

"ကဲ…ပြော မင်းအိမ် ဘယ်မှာလဲ"

"မို့မှာ အိမ်မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

မင်းည တကယ်အာရုံနောက်သွားသည်။

ပြောပုံက မလွယ်။ မှီမှာ အိမ်မရှိဘူးဆိုတော့ သူကပဲ မှီ့ကို သူ့အိမ်မှာ ခေါ်ထားရမလိုလို။

"မင်းစကားကို ဆင်ခြင်ပြော၊ ကိုယ့်ကားနဲ့ မင်းကို ဝင်တိုက်မိမလိုဖြစ်တာနဲ့ပဲ မင်းကို ကိုယ့်အိမ်မှာ ခေါ်ထားမယ်ထင်နေလား"

"ညီမခေါ်လည်း မှီကတော့ ဒီမှာနေရမှာပဲ"

"ဘာလဲကွာ…မင်း ဘယ်လိုမိန်းကလေးလဲ၊ မင်းကို ကိုယ်မသိဘူး၊ လက်မခံနိုင်ဘူးလို့ ပြောနေပြီပဲ၊ သဘောပေါက်မှ ပေါ့"

"တီ…တီ"

စိတ်ရှုပ်ရှုပ်နှင့် ကားဟွန်းသံကြားရာ ခြံရှေ့သို့ မင်းည လှမ်းအကြည့် မာမီ့ကားကို မြင်လိုက်ရသဖြင့် ပိုညစ်သွားသည်။

"မင်း…ကိုယ့်အခန်းထဲ ခဏဝင်နေစမ်း မှီ"

"ဘာဖြစ်လို့လဲ"





"လာစမ်းပါကွာ"

မှီ့လက်ကလေးတစ်ဖက်ကို ခပ်ကြမ်းကြမ်း ဆွဲအယူ ပူဆွေးနေသော အရေပြားအထိအတွေ့ကြောင့် မျက်နှာလုလုလေးကို ဖျတ်ခနဲ ငုံ့ကြည့်ဖြစ်သွားသည်။

"မင်းဖျားနေပြီ"

"တီ…တီ"

"ကိုယ် မခေါ်မချင်း အခန်းထဲမှာနေနော်၊ အပြင်မှာ ရောက်နေတာ ကိုယ့်မာမီကား"

မင်းညနှင့်မှီ အကြည့်ချင်းဆုံသွားသည်။ မှီ့လက်လေးကို ဆွဲပြီး သူ့ အိပ်ခန်းထဲ ဝင်စေလိုက်ကာ အခန်းတံခါးကို ဆွဲပိတ်လိုက်သည်။

ခြံတံခါးရှိမှတ်ကို လှမ်းအနှိပ်မှာ တံခါးချပ်တွေ ဝေါခနဲ ပွင့်သွားသည်။ မာမီကိုယ်တိုင် မောင်းလာသော ကားက မင်းည ကားနောက်မှာ ရပ်သွားသည်။

အသက်လေးဆယ်ကျော်ဟု မထင်ရအောင် နုရွလှပနေသော မာမီက သွက်လက်ပေါ့ပါးသော သူ့မူဟန်အတိုင်း ကားပေါ်



www.burmeseclassic.com

www.burmeseclassic.com



က လုလုလေး ဆင်းလာသည်။

"အခုမှ အိပ်ရာက နိုးတာလား သား"

"ဟုတ်ကဲ့"

"ဆောရီး…သားရယ်၊ ညက သားပြန်လာတာ မာမီ မြင်လိုက်တယ်၊ ဒါပေမဲ့ သားမျက်နှာကို မာမီမထောက်နိုင်ဘူးလေ"

"စတယ်လာတဲ့၊ ဟိုတစ်ယောက်ထက် ပိုငယ်ပိုချောတယ်ဆိုပဲ"

"အဟင်း…ဟင်း…ဟင်း"

မာမီ့ရယ်သံက ခြောက်ကပ်ကပ်။

အိပ်ရေးပျက်ထားသည့်ပုံနှင့် မျက်ကွင်းလေးတွေ မသိမသာ ညိုကျနေသည်။

မျက်နှာမှာ အလှအပတွေ ပြင်ဆင်ခြယ်သထားပေမယ့် မာမီ့မျက်လုံးလေးတွေထဲမှာ နာကျင်မှုတွေ ပြည့်နေသည်။

"သား ဘာလုပ်ပေးရမလဲ မာမီ"

"ဘယ်သူမှ မာမီ့ဒုက္ခကို မကူညီနိုင်ပါဘူး သားရယ်"





ပြောပြီး မာမီရယ်သည်။

ဒက်ဒီနဲ့ပတ်သက်ပြီး မာမီ ဘယ်တုန်းကမှ စိတ်ချမ်းသာရတာမရှိ။ အမြဲလိုပင် အကြောင်းကိစ္စ တစ်ခုမဟုတ်တစ်ခုနှင့် စိတ်ဆင်းရဲနေရသည်က အချိန်များစွာ။

"တစ်ခုပဲ သားကို မာမီအားနာတယ်၊ သားဒက်ဒီနဲ့ ပတ်သက်ရင် မာမီ့ဘက်က ဘယ်လိုမှ မတတ်သာလို့ဆိုတာ သား သဘောပေါက်ရင် မာမီကျေနပ်ပြီ"

"မာမီ့ကို သား နားလည်ပါတယ် မာမီ၊ သားကို အားမနာပါနဲ့၊ မာမီ့ကို သားချစ်ပါတယ်"

"သင့်ခ်ယူပါ သားရယ်၊ သားကို မာမီ တကယ်ကျေးဇူးတင်တာပါ၊ သား ဘာစားပြီးပြီလဲ၊ မာမီနဲ့အတူ သွားစားမယ်လေ"

"မစားတော့ဘူး မာမီ၊ ဒီနေ့ သွားစရာလေးတွေရှိနေလို့"

"အိုကေ…ဒါဆို မာမီသွားမယ်နော်"

"ဟုတ်ကဲ့ မာမီ"

မင်းညကို နှုတ်ဆက်ပြီး မာမီပြန်သွားတော့ မင်းညရင်မောစွာ ပင့်သက်ချမိသည်။ ဒက်ဒီကိုယ်တိုင် မာမီ့ကိုချစ်တာ



www.burmeseclassic.com

www.burmeseclassic.com



သိသေမယ့် အပျော်အပါးတော့ မကင်း။

ဒက်ဒီနားမှာ မာမီ တစ်ချိန်လုံးရှိနေသည့်ကြားကပင် ဟိုနေရာ ဒီနေရာက သတင်းစကားတွေ မကြာခဏ ထွက်လာတတ်သည်။ ဒက်ဒီကြောင့် မာမီ ဗျာများနေချိန်မှာ ထိုကိစ္စ သူနှင့်မဆိုင်သလို ဒက်ဒီက ခပ်အေးအေးလုပ်နေတတ်သည်။

တစ်ခုတော့ ဒက်ဒီကို ကျေးဇူးတင်စရာကောင်းသည်။ ဒက်ဒီမှာ မာမီကလွဲပြီး တခြားဘယ်မိန်းကလေးကိုမှ နေရာပေးအလေးထား၍ တရားဝင်လက်ထပ် နေရာပေးထားခြင်းမရှိ။

ဒက်ဒီဘဝမှာ မာမီတစ်ဦးတည်းသာ မူပိုင်ရှင်ဖြစ်သော်လည်း ဒက်ဒီကို မာမီတစ်ယောက်တည်း အမြဲမပိုင်နိုင်။ ထိုကိစ္စနှင့်လင်မယားနှစ်ယောက် စကားများ ရန်ဖြစ်ကြ၊ ရိုက်ကြ၊ ခွဲကြနှင့်။ မင်းကမ္ဘာခြံထဲ ထွက်ပြေးခဲ့ရသည့် ညများစွာက မင်းညအတွက် သိပ်မထူးဆန်းသောကိစ္စမျှသာ။

ပြဿနာတစ်ခါဖြစ်တိုင်း မင်းညက မင်းကမ္ဘာခြံကို တော်တော်နှင့်မပြန်။ ညကမ္ဘာမှာ သူတစ်ယောက်တည်း သီးသန့်တိတ်ဆိတ်နေတတ်သည်။





ဒါကိုသိ၍လည်း မာမီက ညကမ္ဘာကို လိုက်လာခြင်းဖြစ်သည်။ အတူပြန်လိုက်ဖို့ ဘယ်တော့မှမခေါ်ပါ။ မင်းညအတွက် လိုအပ်မည်ထင်တာလေးတွေသာ ဝယ်ခြမ်းဖြည့်ဆည်းပေးသွားတတ်သည်။

မင်းည မာမီ့ကိုချစ်သလို ဒက်ဒီ့ကိုလည်း ချစ်သည်။ ဒါပေမဲ့ မင်းည လိုချင်သည့် မိသားစုကမ္ဘာက အခုလိုပုံစံမျိုး မဟုတ်။

မိသားစု အရှုပ်အထွေးပြဿနာကြားမှာ မိုကို သူ ဖျတ်ခနဲ သတိရသွားသည့်အတွက် ခြေလှမ်းကျဲကြီးတွေ သူ့အခန်းရှိရာ ပြန်လျှောက်ခဲ့ပြီး သူကိုယ်တိုင် စေ့ပိတ်ထားခဲ့သော အိပ်ခန်းတံခါးကို ဖျတ်ခနဲ ဆွဲဖွင့်လိုက်သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

မည်းနက်ထူထဲသော မျက်တောင်ကော့ရှည်များ စေ့ပိတ်လျက် ငြိမ်သက်နေသူ၏ မျက်နှာလှလှလေးကို စိုက်ခနဲ ငေးကြည့်ဖြစ်သွားသည်။ အဖျားရှိနေကြောင့် နှမ္မတ်ဝင်းဖန့်သန့်စင်သော မျက်နှာလေးက ပန်းသွေးရောင်ထနေ၏။

လှတာက တော်တော့်ကိုလှသည်။ ပိုးသားလို နက်မှောင်နေသော ဆံပင်ရှည်ကြီးက ဖြူလွှသော ခေါင်းအုံးထက်မှာ ပဝါတစ်စ ပစ်ချထားသလို မျက်နှာလှလှလေးကို ပို၍အားဖြည့်ထားသည်။

မှီဆိုသည့် မိန်းမလှလေး ဖျားနေသည်။ ပြီးတော့ ညီဆိုသည့် လူတစ်ယောက်နှင့် မင်းညကို လူမှားနေသည်။ သူ ဘာလုပ်





ရမည်နည်း။

"ညီ"

သူမမျက်နှာလေးကို စိတ်ရှုပ်စွာ ငေးကြည့်နေခိုက် မှေးမိတ်ထားသော မျက်ဝန်းအလှတို့ ဖျတ်ခနဲ ပွင့်လာခြင်းဖြစ်သည်။

ပြီးတော့ မင်းညမျက်နှာကို စေ့စေ့ကြည့်ပြီး ညီဆိုသည့် အမည်ကို တိုးတိတ်စွာ ခေါ်နေပြန်သည်။

"မင်း နေသာရဲ့လား၊ ကိုယ် ဆရာဝန်ခေါ်လိုက်မယ်"

"ဟင့်အင်း"

"ဘာဆရာဝန်မှ မခေါ်နဲ့၊ မှီ့အနားမှာ ညီရှိနေရင် ရပြီ"

"မင်းအဖျားက ဆရာဝန်ပြမှ ဖြစ်မှာကွ၊ မင်းကို ဆေးခန်းလိုက်ပို့မယ်"

"မပို့နဲ့"

မျက်ဝန်းအစုံ ပြန်မှိတ်ပြီး မင်းည သိုးမွေးခြုံစောင်ထဲ ကွေးကွေးလေး အိပ်နေသူကို ကြည့်ပြီး မင်းည စိတ်ရှုပ်လာ၏။

ပြဿနာက မလွယ်။

ပိုဆိုးတာက သူပြောသမျှ ဘာတစ်ခုမှ အရာမထင်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ဖြစ်ချင်ရာဖြစ် မင်း ငါ့အိမ်မှာ မနေနဲ့လို့ သူမလက်က ဖွတ်ဆွဲနှင်ထုတ်ရအောင်လည်း မင်းညက နှလုံးသားမဲ့၊ ခံစားချက်မဲ့ လူရိုင်းလည်းမဟုတ်။

ပြီးတော့ မှီဆိုသည့် မိန်းမလှလေးက တစ်ကိုယ်လုံး ခြစ်ခြစ်တောက် ပူ၍ ဖျားနေလိုက်သေးသည်။

"ဟိတ်...ထ ဆေးခန်းသွားမယ်"

မင်းညအသံက ခပ်ဆတ်ဆတ်။

အစထဲက မရှည်သည့်စိတ်က တိုချင်နေပြီ။ မှီဆိုသည့် မိန်းမလှလေးနှင့် မင်းည ဘာစကားပြောပြော အဆင်မပြေ။ အခုလည်း မင်းညစကားကို ဘာတစ်ခုမှ နားမထောင်။ သူမပြောချင်တာပြောပြီး မင်းည ခုတင်ပေါ်မှာ တအင်းအင်း အဖျားတက်လျက် အိပ်ပျော်နေသည်။

"ဟိတ်...ဒီမှာ"

"မင်း...ကိုယ်ခေါ်တာ ကြားလား"

ဘာတစ်ခုမှ တုံ့ပြန်ခြင်းမရှိ။

မင်းညဆံပင်ထဲ လက်ငါးချောင်း ထိုးထည့်လိုက်ရင်း

စိုးမိုး၁၁၆ပ



ကျစ်ခနဲ စုတ်သပ်လိုက်သည်။

စိတ်ရှုပ်၊ စိတ်ညစ်ရမည့်ကိစ္စဆို ဘာတစ်ခုမှ စိတ်မဝင်စား၍ မိန်းကလေးအပေါင်းအသင်းတွေပေါ်မှာ အကန့်အသတ်နှင့် ဆက်ဆံလာခဲ့သူကြမှ ပြဿနာက အထုပ်အထည်နှင့် မင်းညအိမ်ပေါ်အထိ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။

သူ့ဘက်က ငြိမ်နေလျှင် အနေအထားက အေးဆေးဖွယ်ရာမရှိ။ ပိုဆိုးတော့မည်။ ခြေလှမ်းကျဲကြီးတွေနှင့် မှီဆိုသည့် မိန်းမလှလေးနား မားခနဲ ရောက်သွားသည်။

"ဟိတ်...ထစမ်း"

"အင်း"

"ဟာ"

"ဟိတ်...ဟိတ်...ဒီမှာ...ဒီမှာ"

စိတ်မရှည်စွာ သူ ခုတင်ပေါ်က ဖျားနေသည့် မှီဆိုသည့် မိန်းမလှလေး၏ ပူခြစ်နေသော လက်ကောက်ဝတလေးတစ်ဖက်ကို ခပ်ကြမ်းကြမ်း ဆောင့်ဆွဲအထူမှာ ညည်းညူသံသဲ့သဲ့နှင့် မှီက သူ့မျက်စိရှေ့မှာပင် ပျော့ခွေသတိလစ်သွားသည်။

စိုးမိုး၁၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



မေးချွန်ချွန်လေးကို လှုပ်ယမ်းပြီး မှီ သတိရအောင် ကြိုးစားပေမယ့် မရ။ သူ့ရင်ခွင်ထဲမှာ ပျော့ခွေနေသော မိန်းမလှလေးကို ကြည့်ကာ မင်းညမျက်နှာ သိသာစွာ ပျက်သွား၏။

ကောင်မလေး အဖျားကြီးပြီး သတိလစ်နေပြီ။ ဒီတစ်ခါလည်း ညတုန်းကလို ဖြစ်ချင်ရာဖြစ်ဆိုပြီး ပစ်ထားလို့မဖြစ်တာကို သူသိသည်။

သူမ တစ်ခုခုဖြစ်လျှင် အရင်ဆုံး အမှုပတ်မည့်သူက မင်းည။ မှီဆိုသည့် အမည်တစ်ခုကလွဲပြီး သူမနှင့် ပတ်သက်သည့် အကြောင်းအရာ ဘာဆိုဘာမှ သိတာလည်းမဟုတ်။

တကယ့်ကို လုံးဝ ဘာမဆိုင်ညာမဆိုင် မင်းညလိုလူနှင့်ကြမှ ကြုံဖန်လာငြိနေသည်။ ဆေးရုံကို ပို့၍မဖြစ်။ နောက်ဆက်တွဲပြဿနာတွေ ရှိသည်။ ဆေးခန်းသွားဖို့ကြတော့ ဘယ်ဆရာဝန်ထံခေါ်သွားရမှန်းမသိ။ မင်းညတို့ မိသားစုဆရာဝန်နှင့်တော့ လုံးဝမဖြစ်။ ရှောင်ရှိသည်။ မာမီနှင့် ဒက်ဒီနှား ပေါက်သွားရင် သွားပြီ။

"တကယ့် အရှုပ်ထုပ်ပဲကွာ"

မင်းညထံမှ မကျေမချမ်း ရေရွတ်သံနှင့် တင်းမာခက်ထန်





သော မျက်နှာချောချော မှုံနေပုံကို သူမ မမြင်။ သူ့အိပ်ခန်းကို ကျော်ခိုင်းထားခဲ့ပြီး အိမ်တံခါးကို သော့အထပ်ထပ်ခတ်၍ ဘုမသိဘမသိ အသစ်စက်စက် သူ့အိမ်မှာ ရောက်နေသော လူမမာအတွက် ဆရာဝန်ထွက်ရှာရသည်။

ဆိုင်းဘုတ်သာရှိ၍ တချို့ လူကမရှိ။ ရှိသည့်ဆရာဝန်ကြတော့ မင်းညနောက် မလိုက်နိုင်။ နောက်ဆုံး မင်းညနောက်ကိုလိုက်ပြီး လူနာကြည့်နိုင်မည့် ဆရာဝန်နှင့် ဆုံသည်။

ဆရာဝန်က ကားတစ်စီး၊ မင်းညက ကားတစ်စီး။ ညကမ္ဘာကို အတူပြန်ရောက်လာချိန်အထိ မှီက စောစောက သူချထားသည့်ပုံစံမပျက်။ ဖြူဖွေးသောအိပ်ရာထက် မလှုပ်မယှက်။

"သူပဲဒေါက်တာ"

"ခင်ဗျားဇနီးလား"

"ဗျာ"

"လူနာက တော်တော်အားနည်းနေတယ်ဗျာ၊ နှလုံးခုန်သံကိုလည်း ကျွန်တော် သိပ်မကြိုက်ဘူး၊ စိတ်ထိခိုက်စရာတစ်ခုခုများရှိသလား ကို…"



www.burmeseclassic.com

www.burmeseclassic.com



"မင်းညပါ ဒေါက်တာ"

"ဟုတ်ကဲ့ ကိုမင်းည၊ ဖြစ်နိုင်ရင် လူနာကို ဆေးရုံတင်လိုက်တာ ပိုအဆင်ပြေမယ်လို့ ကျွန်တော်ထင်တယ်"

"သူ့မှာ နှလုံးရောဂါအခံလည်း ရှိပုံရတယ်ဗျာ"

"ခင်ဗျာ"

ဆေးရုံတင်ရမည်ဆိုသော စကားနှင့်ပင် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိရသည့်အထဲ နှလုံးရောဂါဆိုသည့် စကားက မင်းညကို ပို၍ ခေါင်းနပန်းကြီးသွားစေသည်။

"ကိုမင်းည သဲဘောကရော"

"ဟိုဗျာ...ဖြစ်နိုင်ရင် သူ့ကို ဒီမှာပဲ အဖျားပျောက်တဲ့အထိ ဒေါက်တာကိုယ်တိုင် ကြပ်မတ်ကုသပေးစေချင်ပါတယ်ဗျာ"

"ကျွန်တော့်မှာလည်း ကိုယ်ခွဲမရှိ၊ တခြားမှာလည်း အလုပ်ကိစ္စလေးတွေလည်း ရှိနေတာဆိုတော့"

"ကျွန်တော့်မျက်စိရှေ့မှာထားပြီး ဒေါက်တာနဲ့ပဲ စိတ်ချလက်ချ ကုသချင်ပါတယ် ဒေါက်တာ"

မင်းညစကားကို ဒေါက်တာထံမှ မည်သို့မျှ မတုံ့ပြန်။



မိုကိုသာ လိုအပ်သည့် စစ်ဆေးမှုတွေ တစ်ခုပြီးတစ်ခု လုပ်နေတာကိုကြည့်ပြီး မင်းည ချွေးပြန်ချင်လာ၏။

သူပြောဆိုတောင်းခံတာကို လက်မခံဘဲ ငြင်းပယ်လိုက်လျှင် မင်းည ဘာဆက်လုပ်ရမည်မသိ။ သူမ တစ်ခုခုဖြစ်လျှင် မင်းညတာဝန်လုံးလုံးသာ။

"အေးဗျာ...တစ်ရက်၊ နှစ်ရက်လောက် လူနာအခြေအနေကို ကျွန်တော်တို့ စောင့်ကြည့်ကြသေးတာပေါ့၊ ပြီးမှပဲ လိုအပ်ရင် လိုအပ်သလို စီစဉ်ကြတာပေါ့ ဟုတ်လား"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

အခုချက်ချင်း သူမကို ဆေးရုံမတင်ရတာကိုပဲ ကျေးဇူးတင်နေရသေးသည်။ ထိုးဆေး၊ သောက်ဆေးပေးပြီး ဆရာဝန်သူ့ကားလေးနှင့်သူ ပြန်ကြွသွားတော့ ညကမ္ဘာမှာ မင်းညတစ်ယောက်တည်း ခြေကုန်လက်ပန်းကျ ကျန်ခဲ့သည်။

တစ်သက်နှင့်တစ်ကိုယ် အိပ်မက်ပင် မမက်ဖူးသည့်ကိစ္စဒီလိုဖြစ်ရပ်မျိုး ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲမှာသာ ရှိလိမ့်မည်ဟုထင်ခဲ့သမျှ အခုတော့ မင်းညကိုယ်တွေ့ ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အဖြစ်က ငိုရခက် ရယ်ရခက်။ ဒေါက်တာမပြန်ခင်က မှီဆိုသည့် သူမကို အတတ်နိုင်ဆုံး စိတ်ချမ်းသာစွာ ထားပေးပါဟု အကြိမ်ကြိမ် သတိပေးသွားလိုက်သေးသည်။

တယ်လည်း ရယ်စရာကောင်းတဲ့ မင်းညအဖြစ်ပါလား။

ကိုယ့်အဖြစ်ကိုယ် သဘောကျ နာကျင်ခံခက်စွာ ခပ်ဟက်ဟက် ရယ်မောလျက် လောကကြီးကို အရွဲ့တိုက်မိသည်။

ရှင်းလေရှုပ်လေဖြစ်နေသော ဉာဏ်ဝင်္ကဒုက္ခကို မည်သူမှ စာနာနားလည်နိုင်မည်မဟုတ်။ အရောင်အသွေး စုံလင်သော တစ်ခါသောက်ဆေး အစီအရီနှင့် သူ့ခုတင်ထက်မှာ ဆေးပုလင်းတန်းလန်း ဆွဲချိတ်ထားလျက်သား နှစ်ခြိုက်စွာ အိပ်မောကျနေသူထံ စူးရှနက်ရှိုင်းသော အကြည့်တစ်မျိုး စိတ်ရှုပ်ထွေးစွာ ရောက်သွား၏။

မင်းဟာ ဘယ်လိုမိန်းကလေးလဲ မှီ။

❖ ❖ ❖



## အခန်း (၅)

သွင်းထားသည့် ဆေးကုန်လျှင် ပိုက်ကို ဖြုတ်သိမ်းရမည့် တာဝန်နှင့် လူနာအခြေအနေကို မပြတ်စောင့်ကြည့် အကဲခတ်ရမည့်သူက မင်းညဖြစ်လာသည်။

အရေးကြုံလျှင် သူ့ဖုန်းကို အချိန်မရွေး ခေါ်ပါဟု သူ့လိပ်စာကဒ် ပေးသွားသည့် ဆရာဝန်ကိုပဲ ခြေကြွခ နှင့်နေအောင် ပေးလိုက်ရသည့်ကြားက ကျေးဇူးအထပ်ထပ် တင်နေရသည်။

ကိုယ့်ကို မွေးထုတ်ပေးသည့် မိဘနှစ်ပါးကိုပင် တစ်ကြိမ်တစ်ခါမျှ ဒီလို နီးနီးကပ်ကပ် မပြုစုရသူက အခုတော့ မင်းညနှင့် ဘယ်လိုမှ သွေးမတော် သားမစပ် ဘယ်ရပ်ဌာနေကမှန်းမသိသော လမ်းပေါ်က မိန်းကလေးတစ်ယောက်အနားမှာ အနီးကပ် ပြုစု



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်ရမည့်သူ ဖြစ်နေပါသည်ဟုဆိုလျှင် မင်းညအကြောင်း သိနေကြသူတွေ ယုံမှယုံကြပါမည်လား မသိ။

လက်တွေ့ကိုယ်တိုင် ကြုံနေရသည့် မင်းညကိုယ်တိုင် ကိုယ့်အဖြစ်ကိုယ် မယုံကြည်နိုင်သေး။ တိုက်ရမည့်ဆေး၊ လူမမာဆာလျှင် တိုက်ရ၊ ကျွေးရမည့် ကော်ဖီနှင့်မုန့်ကအစ အားလုံး သူ့စားပွဲမှာ အဆင်သင့်။

မင်းညကိုယ်တိုင် သူမအနားမှာ တရစ်ဝဲဝဲ အချိန်ကုန်လျက် သူမအခြေအနေကို စောင့်ကြည့်နေရသည့်အတွက် တခြားဘယ်နေရာကိုမှ အချိန်အကြာကြီး မသွားရဲ။ သူမ တစ်ခုခုဖြစ်လျှင် မင်းညတော့ သေပြီ။

တကယ့်ကို ဘုန်းကြီးအမူ ရှာပတ်သည့်ကိစ္စ။ မှီ့အနားမှာ မင်းည တစ်ချိန်လုံး ငုတ်တုတ်ထိုင်နေရ၏။ ဘယ်ဘဝက ဝဋ်ကြွေးမှန်းမသိ။

"ညီ"

သူ့ကိုခေါ်တာမဟုတ်မှန်း သိရက်နှင့် ညီဆိုသည့် နာမည်ကိုကြားတိုင်း မင်းည အာရုံနောက်နောက်သွားသည်။





အခုလည်း ညီဆိုသည့် အမည်ကို ကယောင်ကတမ်း သူမနှုတ်ဖျားက တမ်းတစွာ ခေါ်နေပြန်သည်။

ညီဆိုတာ သူမချစ်သူလား။

ဒါဆို ကိုယ့်ချစ်သူတစ်ယောက်လုံး မမှတ်မိစရာမရှိ။ မင်းညကို သူမချစ်သူ ညီဆိုပြီး ဇွတ်လာပတ်သက်နေသည်။

ဓာတ်လမ်းရှာတာလို့ မထင်ချင်ပေမယ့် ဒါမျိုးကိစ္စက အတိအကျပြောဖို့ခက်သည်။ သရုပ်ဆောင်လုပ်ဖို့ လေ့ကျင့်နေတာဆိုလျှင်တော့ မျက်ဝန်းပြာကြီးတွေမှာ ကြေကွဲရိပ်တွေ ပြည့်သိပ်လျက်။ မင်းညအနားက ဘယ်ကိုမှ မသွားပါရစေနဲ့ဟု တွယ်ကပ်နေပုံကအစ တကယ့်ကို အကယ်ဒမီရှော့လို့ ပြော၍ရသည်။

ဒီလိုမှမဟုတ်ဘဲ သူမချစ်သူကိုယ်တိုင် မင်းညနှင့် ခွဲမရအောင် တူသည်ဆိုလျှင်တော့ သူမတို့နှစ်ယောက်ကြားမှာ ပြဿနာတစ်စုံတစ်ခု ရှိနေသည်မှာ သေချာသည်။

ဘယ်လိုပြဿနာမှန်းတော့ မသိ။

လက်ရှိဖြစ်နေသည့် ပြဿနာက မင်းညကို ညီဆိုသည့်လူနှင့် လူမှားနေခြင်းဖြစ်သည်။ မင်းည မြင်တွေ့ရသလောက်တော့



www.burmeseclassic.com

www.burmeseclassic.com



ဟန်ဆောင်နေတာမျိုးမဟုတ်။

မင်းညမျက်နှာကို မြင်လိုက်ရတော့ ဖြူဖျော့သွားသည့် မျက်နှာလေးကအစ အံ့သြတုန်လှုပ်စွာ ဝမ်းပန်းတနည်း ကြေကွဲစို့နင့်စွာ ရှိုက်ငိုချလိုက်တာအဆုံး အားလုံး ဟန်ဆောင်တာ တစ်ခုမှ မပါ။

ကလေးတစ်ယောက်လို အပြစ်ကင်းစင် ရိုးသားလွန်းသည့် မျက်နှာလှလှလေးနှင့် မိခင်ပျောက်သော ကလေးငယ်လို သူ့ကို ဖက်တွယ်ထားသည့် လက်ကလေးတွေ တဆတ်ဆတ်တုန်နေတာ ပြန်သတိရမိတော့ မင်းညအတွက် ပိုခက်သွားသည်။

ပိုဆိုးတာက သူမနှင့်အတူ ဘာသဲလွန်စမှ ပါမလာခြင်း ဖြစ်သည်။

စိတ်ရှုပ်သည့်ကြားက ဆေးပိုက်ကုန်သည်အထိ စောင့်ဖြုတ်ရသည်။ ဒရင်းဘတ်တစ်လုံးချပြီး အိပ်ဖန်စောင့်လုပ်ရသဖြင့် မိုးစင်စင်လင်းသည့်အချိန်ထိ မနိုး။

ညက အိပ်ရေးပျက်ထားသည့်အရှိန်နှင့် မင်းည နှစ်ခြိုက်စွာ အိပ်ပျော်နေချိန်မှာ အိပ်ရာက လန်းဆန်းစွာ နိုးလာသူက မှီ။





အိပ်ရာထက်မှာ ငြိမ်ငြိမ်လေးနေပြီး မင်းညမျက်နှာကို မျက်တောင်မခတ်နိုင်အောင် တစိမ့်စိမ့် ငေးမောကြည့်နေ၏။ ဆံစကနေ ခြေဖျားအထိ ဘယ်လိုပဲကြည့်ကြည့် ညီမှ ညီအစစ်။

ဒါနဲ့တောင် မှီ့ကို နည်းနည်းမှ မကြည့်သလို စိမ်းကားရက်စက်ဖို့ ကြိုးစားသေးသည်။ ဒီတစ်ခါတော့ မှီ့အပေါ်မှာ ညီ ဘယ်လိုပဲ ရက်စက်ရက်စက် မှီကတော့ ဖြစ်ချင်ရာဖြစ် ဖွတ်တွယ်ကပ်နေရစ်တော့မည်။

ညီ့ကို ဘာအကြောင်းပြချက်နဲ့မှ ခွဲမထားတော့။ မှီမျက်စိရှေ့က ညီ ထပ်ပျောက်သွားမှာကိုသာ မှီ အကြောက်ဆုံးဖြစ်သည်။

ချစ်တယ် ညီရယ်။

ညီ့ကို မှီ သိပ်ချစ်တယ်။

ဘာအတွက်နဲ့မှ မှီချစ်တဲ့ညီ့ကို မခွဲပါရစေနဲ့။

ဒီတစ်ခါ ညီနဲ့ခွဲရရင် မှီ ဆက်ပြီးအသက်မရှင်ချင်တော့ဘူး။ ညီ ဘယ်သွားသွား၊ ဘယ်မှာနေနေ ညီ့အရိပ်လေးပဲဖြစ်ချင်တယ် ညီရယ်။

မှီ့တစ်သက်လုံး၊ မှီ့တစ်ဘဝလုံး ညီ့အနားမှာ မှီနေပါရစေ။



www.burmeseclassic.com

www.burmeseclassic.com



ခုတင်ပေါ်က မှီကိုယ်လေးကို အညင်သာဆုံး ဆင်းပြီး ညီ အိပ်နေသည့် ဒရင်းဘတ်နားမှာ စုစုပုံပုံလေး ထိုင်ချလိုက်သည်။ ပြီးတော့ ကလေးတစ်ယောက်လို အပြစ်ကင်းစင် ရှင်းသန့်စွာ အိပ်ပျော်နေသည့် ညီ့မျက်နှာကို ချစ်မြတ်နိုးခြင်းများစွာဖြင့် ငေးမော ကြည့်သည်။

ပြီးမှ ညီ့လက်ဖဝါးပေါ်မှာ မှီ့ပါးလေးကို ညင်သာဖွဖွ ဖိကပ်ကာ ညီအိပ်နေသည့် ခုံအစွန်းမှာ သူမကိုယ်လေးတစ်ပိုင်းကို အသာအယာ တိုးဝှေ့မှောက်ချလျက် တဖြည်းဖြည်း လေးပင်စွာ ငိုက်ကျလာသည့် မျက်ဝန်းအစုံကို စေ့ပိတ်လိုက်သည်။

နောက်တော့ ညီနှင့်အတူ မှီကိုယ်တိုင်လည်း တရှိန်းရှိန်း နွေးနေသော အဖျားငွေ့နှင့်အတူ နောက်တစ်ကြိမ် နှစ်ခြိုက်စွာ ပြန်လည်အိပ်ပျော်သွား၏။

အချိန်တွေ ဘယ်လောက်ကြာအောင် အိပ်ပျော်သွားသည် မသိ မင်းညှ အိပ်ရာကနိုးလာသည့်အချိန်မှာ ပထမဆုံး သတိထားမိ သည်က ညည်းညူသံသဲ့သဲ့ဖြစ်သည်။

''အင်း...ဟင်း...ဟင်း''





အစကတော့ ကိုယ့်ကိုယ်ကို ဘာဖြစ်လို့ ဖြစ်နေမှန်းမသိ သေး။ နောက်တော့ မှီဆိုသည့် အရှုပ်ထုပ်လေးကို ဖျတ်ခနဲ သတိရ လိုက်တော့ မေးမိုတ်ငြိမ်သက်နေသော မျက်ဝန်းအစုံက ဖျတ်ခနဲ ပွင့်လာသည်။

''ညီ''

သူ့နားမှာ နီးကပ်စွာ ထွက်လာသံနှင့်အတူ သူ အိပ်ပျော် နေသည့် ဒရင်းဘတ်အစွန်းလေးမှာ ဖြစ်သလို ကိုယ်လေးတစ်ပိုင်း တင်၍ နှစ်ခြိုက်စွာ အိပ်နေသည့်သဏ္ဌာန်ကြောင့် မင်းညှ ဝုန်းခနဲ ခုန်ထမိမတတ်ဖြစ်သွားသည်။

မှီ...မင်း။

တစ်ခုခုပြောရန် ပြင်နေသည့် စကားစုက မင်းညှလည် ချောင်းဝမှာ တန့်ရပ်လျက် သူ့လက်ဖဝါးတစ်ဖက်ပေါ် အပ်ထား သည့် မျက်နှာလေးနှင့် ပူလောင်သည့် အရေပြားအထိအတွေ့ အောက်မှာ ဘာစကားမှ မဆိုနိုင်အောင် နှုတ်ဆွံ့အသွားသည်။

တစ်ကိုယ်လုံး ခြစ်ခြစ်တောက် ပူလို့ပါလား။ ဒီပုံစံနှင့် ဘယ်အချိန်က သူအိပ်နေသည့် ခုံဘေးမှာ မေးတင်၍ လာအိပ်



www.burmeseclassic.com

www.burmeseclassic.com

နေသည်မသိ။ အနွေးထည်မပါ၊ ခြုံစောင်မပါနှင့် ကြမ်းပေါ်မှာ စုစုပုံပုံလေးထိုင်လျက် သူပျောက်သွားမှာ စိုးသည့်အလား သူ့လက်တစ်ဖက်ကို သူမလက်ကလေးတွေနှင့် တင်းကြပ်စွာ ဆုပ်ကိုင်ထားလိုက်သေးသည်။

ကျွတ်…အခုမှ တကယ့်ပြဿနာ။ မှီ မလွှတ်တမ်းဆုပ်ကိုင်ထားသည့် လက်က တဆစ်ဆစ်ဝေဒနာက မင်းညကို လာထိသည်။ ကိုယ်ကို ဖြည်းဖြည်းချင်း လှည့်ရွှေ့ပြီး သူမ မနိုးအောင် သတိထားလျက် မှီဆိုသည့် မိန်းမလှလေးလက်ထဲက သူ့လက်ကို အညင်သာဆုံးနည်းဖြင့် ဖယ်ရှားဆွဲထုတ်ကြည့်သည်။

မရ။

မှီ့ခေါင်းလေးကို အသာမရွှေ့သည်။ ပြီးမှ သူ့လက်ကို မှီ့လက်ချောင်းလေးတွေထဲက အသာဆွဲထုတ်မယူလိုက်တော့ မျက်နှာက ရှုံ့မဲ့သွားသည်။

မှီ အဖျားက မကျသေးပါလား။ စိတ်ရှုပ်ထွေးစွာ မှီ့မျက်နှာကို စိုက်ကြည့်ဖြစ်သည်။ ဝင်းမွတ်နုဖတ်နေသည့် မျက်နှာလေးက ရီးသားအပြစ်ကင်းစွာ။ မည်းခက်သော ဆံပင်များကြား





ပန်းနုရောင်ကြွနေ၏။

ဒီပုံအတိုင်းဆို မင်းည သူမအတွက် ဆရာဝန်ထပ်ခေါ်ရန်သာရှိသည်။ ဆရာဝန်မခေါ်ခင် သူမကို မင်းည ခုတင်ပေါ်ထားပြီး ခြုံစောင်အောက်မှာ နွေးနွေးထွေးထွေး ထားရဦးမည်။

အပြင်မှာ မိုးက တဖွဲဖွဲရွာနေဆဲ။

သက်ပြင်းတစ်ချက် ကျိတ်ချပြီး မှီ့နားမှာ ဒူးထောက်ထိုင်ချလိုက်၏။

"ဟိတ်…ဒီမှာ…ဒီမှာ"

သူခေါ်ကြည့်သည်။

မှီက မလှုပ်။

"ဟိတ်"

"မှီ…မှီ"

သူမပခုံးလေးကို အသာကိုင်လှုပ်တော့ မှီ့ထံမှ အင်းခနဲ ညည်းသံသဲ့သဲ့ ထွက်လာသည်။

"ဟိတ်…မင်းနိုးပြီလား၊ တို့ကို မျက်လုံးဖွင့်ကြည့်စမ်း"

"ညီ"



www.burmeseclassic.com

www.burmeseclassic.com



မကြားချင်ပေမယ့် မတတ်နိုင်။

မျက်လုံးပွင့်လာတာကိုပဲ ကျေးဇူးတင်ရဦးမည်။

''ဘယ်အချိန်ထဲက မင်း ဒီမှာလာအိပ်နေတာလဲ မှီ၊ မင်းကိုယ်မင်း ဖျားနေတာ မသိဘူးလား''

''မှီက ညီပျောက်သွားမှာစိုးလို့''

မှီ့အသံက တိုးတိုးလေး။

မင်းညမျက်နှာကို ငေးငေးလေး စိုက်ကြည့်နေတာကိုပဲ စိတ်ရှုပ်မိသည်။

''ငါက မင်းရဲ့ညီမဟုတ်ဘူး''

''ဟင့်အင်း…ဟင့်အင်း မှီ့အတွက်တော့ ညီဟာ ညီပဲ''

ခေါင်းလေးကို ဘယ်ညာခါယမ်းသည်။ မျက်ဝန်းအိမ်မှာ ပြည့်တက်လာသည့် မျက်ရည်တွေကို မြင်ရတော့ မင်းည မျက်ခုံးတွေ ကုပ်သွား၏။

''ညီ''

ပူနွေးနူးညံ့သော လက်ကလေးနှစ်ဖက်က မင်းည ညာလက်ကို အားကိုးတကြီး လာရောက်ဆုပ်ကိုင်လာသဖြင့် မင်းည





ကိုယ်မှာ တွန့်ခနဲဖြစ်သွားသည်။

''မှီ့ကို မရက်စက်ပါနဲ့ညီရယ်''

''မှီလေ…ညီ့ကိုချစ်တယ်''

''သိပ်ချစ်လို့ပါညီရယ်''

''မငိုနဲ့လေ''

တားတာကမှ နောက်ကျဦးမည်။ မှီဆိုသည့် မိန်းမလှလေးက မင်းညမျက်စိရှေ့မှာ ကိုယ်လေး သိမ့်သိမ့်တုန်သည်အထိ ရှိုက်ငင်ငိုနေပုံက စိတ်မသက်သာစရာ။

''အခုချိန်မှာ မင်းအတွက် အကောင်းဆုံးက အိပ်ရာထဲ ငြိမ်ငြိမ်လေး လှဲနေဖို့ပဲ မှီ၊ မင်းကြောင့် ငါ့ကို နောက်ထပ်ဒုက္ခ မရောက်စေချင်ရင်ပေါ့''

''ညီရယ်''

အငိုလေး တန့်သွားကာ မှီ သူ့မျက်နှာကို အလန့်တကြား လေး မော့ကြည့်သည်။ မင်းညက မှီ့ကိုမကြည့်။ တစ်ဖက်ကို မျက်နှာလွှဲထားသဖြင့် မျက်ရည်တွေကို တစ်ချက်ရှိုက်သိမ်းကာ နေရာက ကျုံးအထ…



www.burmeseclassic.com

www.burmeseclassic.com

"အမလေး"

"ဟိတ်...မို"

အချိန်မီသည်ဆိုရုံလေး မိုက်ခနဲ လဲပြိုလာသည့် မို့ကိုယ်လေးက မင်းညရင်ခွင်ထဲ ထွေးခနဲ ရောက်လာ၏။

"မို...မူးလိုက်တာ ညီရယ်"

"ကိုယ့်ကို ဖြည်းဖြည်းချင်း တွဲလျှောက်၊ မင်းကို အိပ်ရာထဲပို့ပေးမယ်"

မို ခေါင်းညိတ်လိုက်သလား၊ ခေါင်းခါလိုက်သလား မသိ။ မို့ကိုယ်လေးကို ထိန်းမတ်ပြီး အိပ်ရာထဲဖြည်းဖြည်းချင်း တွဲခေါ်အပို့...

"ဟာ...မို"

မိုက မင်းညရင်ခွင်ထဲ ပျော့ခွေလျက် သတိမေ့လျက်။

❖ ❖ ❖



## အခန်း (၆)

"မင်းဘယ်လိုလုပ်မှာလဲ မင်းည"

"ငါလည်းမသိဘူး"

သရက ဆေးရုံခုတင်ပေါ်က ဆေးပိုက်တန်းလန်းနှင့် နှစ်ခြိုက်စွာ အိပ်ပျော်နေသည့် မိုဆိုသည့် မိန်းမလှလေးကိုတစ်လှည့်၊ သူငယ်ချင်းမင်းည၏ စိတ်ရှုပ်ထွေးနေသော မျက်နှာကို တစ်လှည့် ကြည့်သည်။

အဖြစ်အပျက်အားလုံး မင်းညကြောင့်လို့ သိပြီးပြီဆိုပေမယ့် ပြဿနာက ထင်သလောက် မလွယ်မှန်း သရကိုယ်တိုင် နားလည်သဘောပေါက်ထားသည်။

"ကောင်မလေးက တော်တော်လှတယ်နော် မင်းည"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ငါက ဘာလုပ်ရမှာလဲ"

"သူ့မိဘတွေ စိတ်ပူနေလောက်ပြီလို့ ပြောတာကွ"

"သတင်းစာထဲ ငါ ကြော်ငြာထည့်ပေးရမလား"

"မင်းက ဘယ်လိုထည့်မှာလဲ"

"မင်းရေးပေးလေ၊ မင်းရေးတဲ့အတိုင်း သွားထည့်လိုက်မယ်"

"သွားစမ်းပါကွာ၊ ခေါင်းရှုပ်ရတဲ့အထဲ"

တကယ်ခေါင်းစားရသည့် အနေအထားမှာ သရဆိုသည့်ကောင်က ဘာမှအားမကိုးရ။ တစ်ချိန်လုံး မို့ကိုပဲ မျက်လုံးအပြူးသားနှင့် လိုက်ကြည့်ဖို့ပဲတတ်သည်။

"ငါတကယ်ပြောနေတာ မင်းည၊ တော်ကြာ ကောင်မလေး မင်းလက်ထဲ တစ်ခုခုဖြစ်သွားရင် မလွယ်ဘူးကွ"

"အဲဒါ မင်းပြောမှလား"

"မင်း မို့ကို ရအောင်မေးလေကွာ၊ ဒါမှ သူ့မိဘတွေကို ဆက်သွယ်လို့ရမှာ၊ လိုအပ်ရင် မင်းကိုယ်မင်း သူပြောနေတဲ့ ညီလို့ ပြောင်းလိုက်"





"ဟုတ်မှမဟုတ်ပဲကွ"

အခုအခြေအနေမှာတောင် မင်းညကို မို့ဆိုသည့် မိန်းမလေးက တစ်ညီထဲ ညီနေတာ။ မင်းညကိုယ်တိုင်က သူ့ကိုယ်သူ မို့ရဲ့ညီပါလို့ ဝန်ခံလိုက်ရင် ဘာတွေဖြစ်ကုန်မည်မသိ။

"မင်းကွာ…အရေးထဲ ဘာတွေလာပြောနေမှန်း မသိဘူး"

"အဖြစ်မှန်တွေ ပြောနေတာကွ၊ မင်းကိုယ်မင်း သူပြောတဲ့ညီလို့ ဟန်ဆောင်လိုက်တော့ ဘာဖြစ်မှာမို့လို့လဲ"

ဖြစ်လာစရာတွေ အများကြီးကွဆိုသည့် စကားကိုတော့ မင်းညစိတ်ထဲကပဲ ပြောလိုက်ပါသည်။

"လူနာရှင်က ဘယ်သူလဲ"

"ကျွန်တော်ပါ"

"ဘာတော်လဲ"

"သူငယ်ချင်း"

"ညီမပါ"

ဆရာဝန်မမက သရကို မျက်ခုံးပင့်ကြည့်ပြီး၊ ညီမပါဆို



www.burmeseclassic.com

www.burmeseclassic.com



သည့် မင်းညဘက်ကို ပြန်ကြည့်သည်။

"မိဘတွေကရော"

"နိုင်ငံခြားမှာပါ"

"ဟုတ်ပြီ၊ မင်းညီမမှာ စိတ်ထိခိုက်စရာတစ်ခုခု ရှိသလား"

မင်းည ဘာဖြေရမှန်းမသိ။ ဆရာဝန်မမက မင်းညကို မျက်မှန်ကိုင်းကို ကျော်ပြီးလှမ်းကြည့်သည်။

"ဘယ်လိုပဲဖြစ်ဖြစ် လူနာကို အတတ်နိုင်ဆုံး စိတ်ချမ်းသာအောင်ထားပါ၊ နောက်ထပ် နှစ်ရက်လောက် ဆေးရုံမှာနေပြီးမှ ဆင်းရမယ်"

"ဒီမှာ လိုအပ်တဲ့ဆေးတွေဝယ်ဖို့"

"ဟုတ်ကဲ့"

မင်းညလက်ထဲ ဆေးစာရွက်တစ်ရွက် ရောက်လာသည်။ ဒေါက်တာမမ ထွက်သွားတော့ မင်းညမျက်နှာကို သရက ကြည့်သည်။

"ဘယ်လိုလဲ မင်းည"





"ဆေးအရင် သွားဝယ်ကွာ သရ"

"ငါမေးတာ အဲဒါမဟုတ်ဘူးကွ"

"ပြီးရင် ဆေးရုံမှာ မင်းလူနာစောင့်"

"ဟ…ဘာဆိုင်လို့လဲ၊ မင်းပြဿနာ မင်းဘာသာရှင်း၊ ငါ ဆေးပဲဝယ်ပေးမယ်"

သရက မင်းညလက်ထဲက ဆေးစာရွက်ကို ဖျတ်ခနဲဆွဲယူပြီး သူနားက ထွက်သွားသည်။

"ဟိတ်…မင်းည၊ ယူ ဒီမှာဘာလုပ်နေတာလဲ"

"သရဖီပါလား"

စပ်စုမ သရဖီကို တွေ့လိုက်ရ၍ မင်းညမျက်နှာ ပျက်သွားသည်။ သရဖီက မာမီ့သူငယ်ချင်း အန်တီထွေးသမီး။ မင်းညနှင့် ငယ်သူငယ်ချင်းမ။

"နင်ကရော ဒီကိုဘာလာလုပ်တာလဲ"

မင်းညမျက်နှာက မှုန်တည်တည်။

"သရဖီက မမလွင်ဆီ လာတာလေ၊ နင်ရောလိုက်ဦးလေ၊ သရဖီ မိတ်ဆက်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မလိုက်ပါဘူး၊ နင့်ဘာသာ သွားစရာရှိတာသွား"

"နင်ကရော"

"ဆေးရုံပါဆို၊ လူနာလာမေးတာပေါ့"

"ဒါဆိုလည်း ပြီးရော"

မင်းညက မကြည်သလို လုပ်နေတော့ သရဖီလည်း စိတ်ကောက်ပြီး မင်းညနားက ခပ်ဆောင့်ဆောင့်လေး ထွက်သွားသည်။

ပြဿနာက ရှင်းလေရှုပ်လေ။

နာ့စ်တစ်ယောက် ငှားထားလို့လည်းမရ။ နှစ်ယောက်နှင့်လည်း မပြီး။ လူမမာရှင် မရှိမဖြစ် လိုအပ်နေသည်ဆိုတော့ မင်းည ကိုယ်တိုင် ဘာကိုမှ အမြင်မကြည်ချင်အောင် ဖြစ်လာသည်။

သရပြောသလို မိန်းကလေးတစ်ယောက် ကောက်ရထားသည်ဆိုတာမျိုး သတင်းစာထဲ ကြော်ငြာထည့်လို့ ဖြစ်တာလည်း မဟုတ်။ သရဆိုသည့်ကောင်ကလည်း မင်းညနှင့်အတူ လူမမာလာစောင့်သည်ဆိုပေမယ့် ဘာတစ်ခုမှ အားမကိုးရ။ စားပြီးအိပ်လိုက်တာနှင့် ပြန်ကိုမနိုးတော့။





မင်းညသာ သူမတစ်ခုခုဖြစ်သွားရင်ဆိုသည့် အတွေးနှင့် အအိပ်မဖြောင့်၊ အစားမဖြောင့်။

"ညီ"

မို သတိရလာချိန်မှာ ထိုနာမည်ကို စကြားရသည်။ ပြီးတော့ တမ်းတမ်းတတ မျက်ဝန်းအကြည့်လေးတွေက မင်းညမျက်နှာက တစ်ဖဝါးမခွာ။

"မင်း သတိရပြီလား"

မိုက ခေါင်းညိတ်ပြသည်ဆိုရုံလေး ညိတ်၍ အကြည့်တွေက စတင်ရွေ့သည်။

"မို…ဆေးရုံရောက်နေတာလား ညီ"

"အင်း"

"ညီ့ကို အားနာလိုက်တာ၊ မို့ကြောင့် ညီ သိပ်ပင်ပန်းသွားမှာပဲနော်"

အသံက တိုးတိုးလေး။

ဖြူဖျော့သည့် မျက်နှာလေးက အချိန်မရွေး တစ်ခုခုဖြစ်သွားမလား ထင်ရသည့်အနေအထားမို့ မင်းည မျက်နှာထားကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှိသလောက် ခက်ထန်တင်းမာမထားရဲ။

"မင်းသာ နေကောင်းအောင်နေပါ၊ တခြား ဘာမှမစဉ်းစားပါနဲ့"

စိတ်ကို တစ်ဝက်မက လျှော့ချပြီး ပြောလိုက်ရတာကိုယ်ပဲ သိသည်။

"မို့နားမှာ ညီရှိရင် မို့ နေကောင်းပါတယ် ညီရယ်"

"အခုရှိနေပြီပဲ"

"တကယ်ပြောတာလား ညီ၊ မို့ကို ညီ့အနားက နောက်ထပ် မောင်းမထုတ်တော့ဘူးပေါ့နော်"

"နေကောင်းအောင်သာနေပါ"

"ညီရယ်"

မျက်ရည်တွေ ဝေါခနဲ ပြိုဆင်းလာသူကို ကြည့်ပြီး မင်းည အကြည့်ကို လွှဲပစ်သည်။ အရင်ကစိတ်နှင့်ဆို မိန်းမတွေ မျက်ရည်ကျတာမြင်တိုင်း ပြင်းပြင်းထန်ထန် ပြောချလိုက်ဖို့ ဝန်မလေးတတ်သူက အခုတော့ နှုတ်ဆိတ်နေရ၏။

"မင်းက ဘာလို့ ခဏခဏငိုနေရတာလဲ"





"ဝမ်းသာလို့ပါ ညီရယ်၊ ပြီးတော့"

မို့ထံမှ ရှိုက်သံရောနေသည့် စကားက တစ်ဝက်တစ်ပျက်နှင့် ရပ်သွားပြီး မင်းညမျက်နှာကို မျက်ရည်ပြည့်နေသော မျက်လုံးအစုံဖြင့် မော့ကြည့်သည်။

"ဘာဖြစ်လဲ ဆက်ပြောလေ"

"မို့ကို ညီ မမုန်းပါနဲ့၊ စိတ်လည်းမဆိုးပါနဲ့လို့ ပြောမလို့ပါ"

မို့အသံက ရှိုက်သံကြားက တုန်ရီတိုးတိတ်စွာ။ မင်းညကို ကြည့်နေသည့် အကြည့်လေးတွေက အသနားခံတောင်းပန်ဟန်။

"နောက်ထပ် ညီ စိတ်ဆိုးအောင် မို့ ဘာမှမလုပ်တော့ဘူးနော်၊ ညီ့သဘောအတိုင်း မို့ လိမ်လိမ်မာမာနေပါ့မယ်"

ဘယ်သူမှ မတောင်းဘဲ မို့ဘာသာပေးနေသည့် ကတိစကားတွေထဲမှာ မင်းည အသက်ရှူမဝချင်။

"ညီ"

"မျက်ရည်တွေ စင်အောင်သုတ်ပြီး အိပ်ပျော်အောင်အိပ်လိုက် မို့"



www.burmeseclassic.com

www.burmeseclassic.com



"ညီ သုတ်ပေးလေ"

"ဟင်"

ငေးငေးလေး ကြည့်နေသည့် ရွှန်းလဲ့သော မို့အကြည့်လေးတွေရှိရာ မင်းညအကြည့်တွေ အလန့်တကြား ရောက်သွားသည်။ မို့က အကြည့်ကိုမလွှဲ။ ဖြူဖျော့နေသည့် မျက်နှာလှလှလေးဆီ အကြည့်ရောက်သွားတော့ မင်းည သက်ပြင်းချလိုက်ရသည်။

မို့ကို ဆရာဝန်က ဘာအတွက်နှင့်မှ စိတ်ထိခိုက်မခံပါနှင့်ဟု ဆိုထားသည့်အတွက် သူ့အင်္ကျီအိတ်ထဲက လက်ကိုင်ပဝါကို ထုတ်ယူပြီး မို့ပါးပြင်ပေါ်က မျက်ရည်စတွေကို ခပ်ဖွဖွလေးအထိ

"ညီ"

"ဟာ"

လက်ကိုင်ပဝါ ကိုင်ထားသည့် မင်းညလက်ကို မို့က သူမလက်ကလေးနှင့် အုပ်ကိုင်ပြီး ဖွဖွလေး ဆုပ်ကိုင်လျက် သူမပါးမှာ အပ်ထားသဖြင့် မင်းည ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။

"မို့ကို မရက်စက်ပါနဲ့ ညီရယ်၊ ညီကသာ မို့ကို ရက်စက်ရင် မို့ သေသွားလိမ့်မယ်"





"မို့လေ…ညီ့ဆီက ရက်စက်စိမ်းကားတဲ့ဒဏ်ကို မခံနိုင်ဘူး သိလား"

"ညီ့ကို မို့ချစ်တယ်"

ပြောရန်စကားတို့ ပျောက်ဆုံးနေသူတစ်ယောက်လို မို့အနားမှာ မင်းည ကျောက်ရုပ်တစ်ရုပ် ချထားသလို ငြိမ်သက်ဆောင့်တင်းစွာ ရပ်တန့်နေမိသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ကျွန်တော်တို့ အတတ်နိုင်ဆုံး ကြိုးစားပြီးပါပြီ၊ ဒါပေမဲ့ ကလေးကို ဘယ်နေရာမှ ရှာလို့မတွေ့ပါဘူး မမကြီး"

"ဆေးရုံ၊ ဆေးခန်းတွေရော အကုန်ရောက်ပြီးပြီလား"

"အားလုံး ရောက်ခဲ့ပြီးပါပြီ မမကြီး"

ဧည့်ခန်းတစ်ခုလုံး အပ်ကျသံမကြားရအောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားပုံက ကြောက်စရာ။ ဘယ်သူမှ မလှုပ်ရဲ။ အားလုံး မျက်စိမျက်နှာပျက်နှင့် ဘာမှမကြံတတ်မစည်တတ်အောင် ဖြစ်နေကြသည်။

"ပြောလိုက်ရင် ငွေအကြောင်း၊ ဂုဏ်အကြောင်း၊ မျိုးရိုး အဆင့်အတန်းအကြောင်းတွေချည်းပဲ၊ အခုတော့ ဆယ်သက်စား





မကုန်တဲ့ငွေတွေ ဂုဏ်တွေက ဘာများတတ်နိုင်သေးလဲ"

"ညည်းသိပ်မက်တဲ့ဂုဏ်တွေ၊ စိန်တွေ၊ ရွှေတွေကရော ဘာများကူညီပေးနိုင်လို့လဲ ထရီဇာ"

"အခု...ငါ့ရဲ့တစ်ဦးတည်းသောမြေးမလေး ဘဝဆုံးရှာပြီ၊ ငါ့မြေးလေး အခုလိုဖြစ်ရတာ ညည်းကြောင့်၊ ညည်းကို ငါ တစ်သက်လုံး ခွင့်မလွှတ်ဘူး"

"ညည်း...ညည်း"

"မာမီ...မာမီ"

"လုပ်ကြပါဦး၊ မာမီ သတိမေ့သွားပြီ"

"ဆရာဝန်ကို ဖုန်းဆက်လိုက် ဦးစိန်"

"ဟုတ်ကဲ့ ဆရာ"

ရွှေလိပ်ပြာတစ်အိမ်လုံး အလုပ်ရှုပ်သွားသည်။ အိမ်ကြီး၏ သခင်မ ဒေါ်မာရီ သတိလစ်သွားသဖြင့် မိသားစုဆရာဝန်ကို ခေါ်ကြ၊ သူနာပြုအကူဆရာမနှင့် ပြုစုကြနှင့် ဘယ်သူမှ အသက် မရှူနိုင်။

"အားလုံး ထရီဇာ့အပြစ်တွေပါ ကိုရယ်၊ ထရီဇာသာ



www.burmeseclassic.com

www.burmeseclassic.com



သမီးတို့နှစ်ယောက်ကို''

စကားမဆုံးခင် ဒေါ်ထရီဇာတစ်ကိုယ်လုံး သိမ့်သိမ့်တုန်သွားသည်။

''မငိုပါနဲ့ ထရီဇာရယ်၊ ကိုတို့အားလုံးလည်း သမီးလေးအတွက် အကောင်းဆုံးဖြစ်မယ်ထင်တာ လုပ်ခဲ့ကြတာပဲ၊ ထရီဇာ့ကြောင့်ချည်း မဟုတ်ပါဘူးကွယ်''

ဦးဇော်လတ်က တသိမ့်သိမ့်ရှိုက်ငိုနေသော ဇနီးဖြစ်သူကို ရင်ခွင်ထဲ တင်းကျပ်စွာ ဆွဲယူပွေ့ဖက်ထားလျက် သမီးဖြစ်သူအတွက် ခံစားကြေကွဲနေသော ချစ်ဇနီးကို နှစ်သိမ့်ဖို့ ကြိုးစားနေပါသည်။

''သမီးကို လက်လွှတ်ဆုံးရှုံးလိုက်ရမှာ ထရီဇာ ကြောက်တယ် ကို၊ သမီးပျောက်သွားတဲ့နေ့ထဲက ထရီဇာ့ရင်ထဲ မီးတောက်နေတာ ကို သိလား''

''ကိုလည်း ထရီဇာနဲ့ထပ်တူ ခံစားနေရတဲ့သူပါကွယ်၊ ထရီဇာ သိပ်ပင်ပန်းနေပြီ၊ ဆေးသောက်ပြီး အနားယူလိုက်ပါ''

''ဟင့်အင်း…ထရီဇာ မအိပ်ဘူး၊ အနားလည်း မယူနိုင်ဘူး၊ သမီးကို ထရီဇာကိုယ်တိုင် လိုက်ရှာမယ်''

''စိတ်ကို ငြိမ်ငြိမ်ထားမှပေါ့ ထရီဇာရယ်၊ မာမီကိုယ်တိုင်လည်း သူ့မြေးကြောင့် သိပ်စိတ်ထိခိုက်နေတာ မြင်ရဲ့သားနဲ့၊ ထရီဇာ တပါ နောက်ထပ် တစ်ခုခုထပ်ဖြစ်ဦးမယ်ဆိုရင် ကို ရူးရလိမ့်မယ် ထရီဇာရယ်''

''ထရီဇာ ဘာမှမသိတော့ဘူး ကိုရယ်၊ ထရီဇာ ဘာမှမသိတော့ဘူး''

သမီးအတွက် သောကဗျာပွေနေရှာသော မိခင်တစ်ယောက်၏ ခံစားချက်ဖြင့် ချုံးပွဲချငိုလိုက်သော ဇနီးသည်၏ကိုယ်လေးကို တင်းကြပ်စွာ ဖက်ထားရင်း ဦးဇော်လတ်ရင်ထဲမှာလည်း မီးတောက်နေပါသည်။

ဒီလိုဖြစ်လာလိမ့်မည်ဟု ကြိုတင်သိခဲ့လျှင် သမီးအပေါ်မှာ ချစ်လွန်းသည့် စိတ်ဖောဖြင့် တင်းကြပ်ခဲ့မိသမျှ လိုက်လျောနိုင်ပြုခဲ့မိကြမှာ သေချာပါသည်။

အခုတော့ ရင်နာစရာ အဖြစ်ဆိုးတွေနှင့် သမီးကို လက်လွှတ်ဆုံးရှုံးရသည်အထိ အဖြစ်အပျက်တွေက တစ်ခုပြီး

www.burmeseclassic.com



တစ်ခု။

သမီးပျောက်သွားသည်ဆိုထဲက ရွှေလိပ်ပြာမိသားစု အားလုံး၏ ရင်ထဲမှာ မီးခဲမြှုပ်ထားသလိုဖြစ်ကာ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိအောင် ပျာကုန်ကြသည်။ ရဲစခန်းသွားပြီး အကြောင်းကြားသူ၊ သမီးလေး သွားတတ်သည့်နေရာမှန်သမျှ အားလုံး ပိုက်စိပ်တိုက် ရှာပေမယ့် ဘယ်နေရာမှာမှ မတွေ့။

နောက်ဆုံးတော့ ဆေးရုံ၊ ဆေးခန်းပါမကျန်။ သမီးက ပျောက်ခြင်းမလှ ပျောက်ဆုံးသွားခဲ့ပေပြီ။

"အခု ထရီဇာတို့ ဘာလုပ်ကြမလဲ ကို၊ သမီးကို ထရီဇာတို့ ဘယ်မှာလိုက်ရှာရမှာလဲ"

ဦးဇော်လတ် ချစ်ဇနီး၏အမေးကို မဖြေနိုင်။ ယူပစ်သလို ချုံးကျသွားသော မျက်နှာလေးနှင့် မျက်ရည်တို့ပြည့်အိုင်နေသော မျက်ဝန်းများကို ငေးကြည့်ရင်း သက်ပြင်းချသည်။

"ကို အတတ်နိုင်ဆုံး ကြိုးစားကြည့်ပါဦးမယ် ထရီဇာရယ်၊ လောလောဆယ် ထရီဇာ ဆေးသောက်ပြီး အိပ်ပျော်အောင် အိပ်လိုက်ပါ"





"သတင်းစာထဲထည့်မယ် ကို"

"ဘယ်လို"

"သမီး ရှမီ ပျောက်သွားတဲ့အကြောင်း၊ လက်ခံထားတဲ့ သူကို"

"တော်ပါတော့ ထရီဇာရယ်၊ သမီးပျောက်သွားတဲ့ကိစ္စကို တိုင်းသိပြည်သိဖြစ်အောင် ထရီဇာက အသိပေးချင်လို့လား"

ဒေါ်ထရီဇာ မဖြေနိုင်။

လက်ဖဝါးပေါ် မျက်နှာအပ်ပြီး အင့်ခနဲ ငိုချသည်။ ဦးဇော်လတ်ရင်မှာ မွန်းကြပ်စွာ ထရီဇာ့ပခုံးကို လက်ဖြင့်ဖွဖွဆုပ်ကိုင်လိုက်၏။

"ထရီဇာ့ရင်ထဲက ခံစားချက်ကို ကိုယ်နားလည်ပါတယ်ကွယ်၊ ထရီဇာ ဖြစ်စေချင်သလို သမီးအကြောင်း သတင်းစာထဲ ထည့်လိုက်ရင် နောက်ဆက်တွဲပြဿနာတွေ ဘယ်လောက်ရှုပ်ထွေးကုန်မယ်ဆိုတာ ထရီဇာ မမေ့ပါနဲ့"

"ထရီဇာ မှားသွားပါတယ် ကို၊ ထရီဇာလေ သမီး အတွက်ဆို အခုချိန်မှာ ဘာပဲလုပ်ရလုပ်ရ အားလုံးကို လိုက်လျော



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ပြုမှာပါ''

''ထရီဇာရယ်''

ဦးဇော်လတ် ဇနီးသည်ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲယူ၍ တင်းကြပ်စွာ ဖက်ထားလိုက်မိသည်။ အခုလိုဖြစ်ရတာ ထရီဇာ့ အပြစ်လို့ မဆိုသာပေမယ့် အဖြစ်အပျက် အကြောင်းအရာတိုင်းကို အစက ပြန်စလို့မရအောင် နောက်ကျခဲ့တာကိုတော့ ဦးဇော်လတ် ကိုယ်တိုင် ဝန်ခံချင်ပါသည်။

အခုချိန်မှာတော့ အရာအားလုံး နောက်ကျခဲ့ပြီ။ ပြီးဆုံး သွားခဲ့ပြီဆိုတာ ဦးဇော်လတ် သိသလို ထရီဇာလည်း သိပေလိမ့် မည်။

''ဟိုကောင်လေးအိမ်မှာ မရှိတာ သေချာပါတယ်နော်''

''သေချာပါတယ် ထရီဇာရယ်၊ အဲဒီအိမ်ကို ကိုကိုယ် တိုင် ရောက်ခဲ့ပါပြီ''

''ဟင်''

''ကို ကိုယ်တိုင်သွားတယ် ဟုတ်လား ကို''

ဒေါ်ထရီဇာ ဦးဇော်လတ်ရင်ခွင်ထဲက ရုန်းထွက်ပြီး





ခင်ပွန်းသည်၏ နွမ်းနယ်ဖျော့တော့နေသော မျက်နှာကို အလန့် တကြား မော့ကြည့်သည်။

''သမီးဇော့နဲ့ဆိုတော့ အဲဒီအချိန်မှာ ကို ဘာမှမစဉ်းစား နိုင်ဘူး ထရီဇာ''

''ဒါ...ဒါပေမဲ့''

''သူတို့လည်း စိတ်မကောင်းကြပါဘူး ထရီဇာ''

''ကို့ကို ဘာမှမပြောကြဘူးလား''

''ဘာပြောနိုင်ကြမှာလဲ ထရီဇာရယ်၊ သူတို့ကိုယ်တိုင် လည်း ရင်ထဲ မီးတောက်နေကြတာပဲ၊ သားသမီးချင်း မိဘချင်း ကိုယ်ချင်းစာနာနိုင်ကြပါတယ်''

''အိုကွယ်''

ဒီတစ်ခါ ရှုတ်ဆွဲ့အသွားရသူက ဒေါ်ထရီဇာ။ သိသိ သာသာ ပျက်သွားသည့်မျက်နှာကို မပြင်နိုင်။ သူတို့ဘက်က သားသမီးချင်း၊ မိဘချင်း ကိုယ်ချင်းစာနာနိုင်ကြပါတယ်ဆိုတော့ ဒေါ်ထရီဇာဘက်က သားသမီးချင်း၊ မိဘချင်း ကိုယ်ချင်းမစာနာ နိုင်ခဲ့တာများလား။



www.burmeseclassic.com

www.burmeseclassic.com



''ထရိဇာ ဝင့်လည်တာပေါ့ ကိုရယ်၊ ထရိဇာ ဝင့်လည်တာပါ''

''ထရိဇာ''

''ဟုတ်တယ် ကို၊ သမီးသာ ထရိဇာ့လက်ထဲ ပြန်ရောက်မလာဘူးဆိုရင် ထရိဇာလည်း သူတို့ခံစားရသလို တစ်သက်လုံး ခံစားရမှာမဟုတ်လား''

''ဘာတွေလျှောက်ပြောနေတာလဲ ထရိဇာရယ်၊ သူတို့သားကိစ္စနဲ့ ကိုတို့သမီးကိစ္စ ဘာဆိုင်လို့လဲ''

''တကယ်မဆိုင်ဘူးလား ကို''

''မင်း ဘာတွေပြောနေတာလဲ ထရိဇာ''

ဦးဇော်လတ် ဇနီးဖြစ်သူ၏မျက်နှာကို အလန့်တကြား ငုံ့ကြည့်သည်။ မျက်ရည်ပေါက်ပေါက်ကျနေသော ဒေါ်ထရိဇာက ဘာတစ်ခုမှ နားမလည်နိုင်ဟန် ငုံ့ကြည့်နေသည့် ခင်ပွန်းမျက်နှာကို ဝမ်းနည်းကြေကွဲစွာ မော့ကြည့်ရင်း…

''ထရိဇာ အမှန်တွေပြောနေတာပါ ကို၊ ညီဆိုတဲ့ ကောင်လေး အခုလိုဖြစ်သွားရတာ ထရိဇာ့ကြောင့်၊ ထရိဇာသတ်





လို့ သူသေသွားရတာ''

''ထရိဇာ''

''ထရိဇာကို သားသမီးချင်း၊ မိဘချင်း ကိုယ်ချင်းမစာဘူးလို့ ကို ပြောပါ၊ ထရိဇာ မနာပါဘူး၊ အဲဒီအချိန်တုန်းက ထရိဇာ့ရင်ထဲမှာ သမီးပဲရှိတယ်''

''သမီးကို ချစ်တဲ့စိတ်နဲ့ မိခင်တစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာတစ်ခုထဲနဲ့ အမှားအမှန်တွေ ဘာတစ်ခုမှ ထရိဇာ ဂရုမစိုက်နိုင်ခဲ့ဘူး ကို''

မှန်သောစကားကို ဒေါ်ထရိဇာ ဆိုလိုက်ခြင်းဖြစ်ပါသည်။ သမီး ရမီ ပျောက်သွားရခြင်းမှာ ဒေါ်ထရိဇာ အပြစ်မကင်းသလို သမီးချစ်သူ ညီညီဆိုသည့်ကောင်လေးကို သမီးနှင့် သဘောမတူကြောင်း၊ နောက်ဆုတ်ပေးဖို့ ပြောခဲ့မိသည့် အပြစ်များက ဒေါ်ထရိဇာအတွက် ပြန်ပြုပြင်၍မရနိုင်သော နောင်တအမှားများ ဖြစ်ခဲ့ရသည်။

''အဲဒီနေ့ကသာ ထရိဇာ ညီညီဆိုတဲ့ကောင်လေးကို ဘာစကားမှ မပြောဖြစ်ခဲ့ရင် သူလည်း ဒီလိုအဖြစ်ဆိုးမျိုးနဲ့ ကြုံချင်



www.burmeseclassic.com

www.burmeseclassic.com



မှ ကြားရမှာ''

''ကိုယ့်ကိုယ်ကိုချည်း အပြစ်တင်မနေပါနဲ့ ထရီဇာရယ်၊ ညီညီ အခုလိုဖြစ်ရတာ ထရီဇာ့ကြောင့်ချည်း မဟုတ်ပါဘူးကွယ်၊ ဘယ်သူမှ မမြင်မတွေ့နိုင်တဲ့ ကံတရားနဲ့လည်း သက်ဆိုင်ပါသေးတယ်''

''ညီညီ အခုလိုဖြစ်ရတာ ရေးအဝိတ်ဘဝက သူ့ကံတရားကြောင့်ပါ ထရီဇာ''

ဦးဇော်လတ်က မျက်ရည်မဆည်နိုင်အောင် စိတ်ထိခိုက်နေသော ဇနီးသည်ကို ကြိုးစား၍ ချော့မော့နှစ်သိမ့်သည်။ ဦးဇော်လတ်ကိုယ်တိုင်လည်း အခုအဖြစ်အပျက်များအတွက် စိတ်မကောင်းပါ။

ညီညီဆိုသည့် သမီး ရမ်မီ၏ ချစ်သူကောင်လေးမှာ လူရိုးလူအေးလေးဖြစ်သော်လည်း ဦးဇော်လတ်တို့ မိသားစုလို ပြည့်စုံချမ်းသာသော မိသားစုများထဲကတော့ မဟုတ်ကြပါ။

အစိုးရဝန်ထမ်း မိဘနှစ်ပါးမှ ပေါက်ဖွားလာသော ရိုးရိုးသာမန်မိသားစုထဲကသာ ဖြစ်ပါသည်။ ထိုကောင်လေးနှင့် သမီး





ဖြစ်သူကို ဒေါ်ထရီဇာက သဘောမတူ။ ထို့ကြောင့် နှစ်ယောက်ချင်း ခေါ်ပြီး သမီးနှင့် သဘောမတူကြောင်း ပြောဆို၍ ပိုက်ဆံပါ ထုတ်ပေးသည်။

ညီညီဆိုသည့် ကောင်လေးက လက်မခံ။ ဒေါ်ထရီဇာ ပြောသမျှ ခေါင်းငုံ့နာခံသည်။ ချီးသည်၊ ခါးသည် ဘာတစ်ခုမှ မပြော။ ယဉ်ကျေးသိမ်မွေ့သော အမူအရာမှာလည်း ဘာတစ်ခုမှ မပြောင်းလဲ။

သားသမီးကိုချစ်သည့် မိခင်တစ်ယောက် ချစ်ခြင်းမေတ္တာကို စာနာနားလည်သည်။

မို့ကိုချစ်သည့် အချစ်နှင့် အနှိုင်းအဆမရှိသော တွယ်တာမြတ်နိုးရသော သူ့အချစ်များကို သူ့ကိုယ်သူ နားလည်သည်။ အဆိုးဆုံးက မိုကိုယ်တိုင် သူ့ကို ဘယ်လောက် ချစ်ခင်မြတ်နိုးသည်ဆိုတာကို သိနားလည်ခြင်းဖြစ်သည်။

မိုနှင့် ညီကြားက ထူးခြားဆန်းကြယ်သည့် ချစ်မေတ္တာသဘောထားကို တခြားဘယ်သူမှ မသိ။ စာနာနားလည်ပေးနိုင်ကြမှာလည်း မဟုတ်။ ထိုအတွေးဖြင့် ညီညီရင်ထဲ နာကျင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခံစားကြေကွဲသည်။

အပြန်လမ်းမှာ ညီ ကားတိုက်ခံရသည်။ ညီ့သတင်းကို ကြားကြားခြင်း ဆေးရုံကို မီ လိုက်သွားသည်။ ညီနှင့်မီ နောက်ဆုံး တွေ့ဆုံကြချိန်မှာ ညီက မီ့ကို ဘာစကားမှမပြောနိုင်တော့။

မီ့မျက်စိရှေ့မှာ ညီ ဆုံးသွားသည်။ ထိုညမှာပဲ ရွှေလိပ်ပြာ အိမ်ကြီးထဲက ထူးဆန်းစွာ မီ ပျောက်သွားသည်မှာ ဒီနေ့အထိ ပြန်ရှာမတွေ့တော့။

ဦးဇော်လတ်၏ ကျယ်လောင်သော သက်ပြင်းရှိုက်သံနှင့် ဒေါ်ထရီဇာ၏ ကြေကွဲဝမ်းနည်းစွာ ငိုရှိုက်သံက တိတ်ဆိတ်ခြင်းကို ဖြိုခွင်း၍ ဝမ်းနည်းဖွယ် စီးမျောပုံ့လွင့်သွား၏။

❖ ❖ ❖



## အခန်း (၈)

"စွပ်ပြုတ်ကို ကုန်အောင်သောက်လေ"

"ဟင့်အင်း…မီ မသောက်ချင်တော့ဘူးညီ"

ဖြူဖျော့သော မျက်နှာလေးက ရွှန်းစိုနက်မှောင်သော ဆံပင် များကြားမှာ ထင်ရှားသော အလှအပတွေနှင့် လှလှပပ။ ဘာအခြယ် အသမှ မရှိတာကိုပဲ မီ့အလှက ထိုင်ငေးချင်စရာ ပြီးပြည့်စုံခြင်းတွေ နှင့်။ နုဖတ်ဝင်းသန့်နေတာကို ဘယ်လိုမှ အသိအမှတ်မပြုဘဲ နေလို့ မရ။

ထူးခြားစွဲမက်ဖွယ် အလှပိုင်ရှင် မိန်းမလှလေးက မင်းည ထံ ရောက်နေသည်မှာ ဒီနေ့နှင့်ဆိုလျှင် ရက်နှစ်ဆယ်ပြည့်တော့မည်။ အခုချိန်ထိ မီနှင့်ပတ်သက်သည့် တစ်စုံတစ်ရာ သဲလွန်စ ရှာမရ



www.burmeseclassic.com

www.burmeseclassic.com



သေး။

မီနှင့်သူကြားက လွဲမှားနေမှုကို ဖြေရှင်းပေးနိုင်မည့်သူလည်းမရှိ။ ဆေးရုံက ဆင်းပြီးနောက်မှာ မီ့ကျန်းမာရေးက အားရစရာမရှိသဖြင့် ဆရာဝန်၏ ညွှန်ကြားချက်အတိုင်း မင်းညကိုယ်တိုင်ဂရုစိုက်နေရသည့်အဖြစ်ကို ဘယ်သူမှမသိ။

“မီ”

“ရှင်”

“မီ အိမ်ကိုမပြန်ချင်ဘူးလား”

“ဟင့်အင်း…မီ ညီနဲ့ပဲနေမယ်”

မီ့အသံက တိုးတိုးလေး။

မီ့မျက်ဝန်းအကြည့် ရွှန်းလဲ့လဲ့လေးတွေက မင်းညမျက်နှာချောချောကို နူးညံ့သိမ်မွေ့သော ချစ်ခြင်းတို့ဖြင့် မော့မော့လေးကြည့်သည်။

တည်ငြိမ်စူးလက်သော မင်းညအကြည့်များနှင့် ဆုံပေမယ့် မီ့မျက်ဝန်းအကြည့်လေးများက လွှဲဖယ်ထားခြင်း မပြု။ မီ့မျက်နှာလှလှလေးကိုကြည့်ပြီး ရင်မောသူက မင်းည။ ဘယ်လိုမှ သွေး





ခေတ်သားမစစ်သည့် မိန်းမလှလေးတစ်ယောက်နှင့် မင်းညလိုလူပျိုလူလွတ်တစ်ယောက် တစ်မိုးအောက်ထဲ နှစ်ယောက်တည်းနေရသည့်အဖြစ်က လွယ်လှသည်တော့မဟုတ်။

“ညီ”

“တို့နာမည် ညီမဟုတ်ဘူး၊ မင်းည”

“ညီ”

ဖြူဖျော့သွားသည့် မျက်နှာလေးမှာ ချက်ချင်း ပြည့်အိုင်လာသည့် မျက်ရည်တွေကို မြင်ရသည်။

“တီ”

ပြတင်းပေါက်က လှမ်းကြည့်လိုက်တော့ ထင်ထားသည့်အတိုင်း သရကား ခြံထဲမောင်းဝင်လာတာ မြင်ရသည်။

“ခဏနော်…ကိုယ် အောက်ထပ်ကို ဆင်းလိုက်ဦးမယ်”

“ညီ”

“မီ”

မင်းညရင်ထဲ နွေးခနဲ သိမ့်ခနဲလှုပ်ရှားသွားသည်။ ခေါ်သံနှင့်အတူ မီက သူမျက်စိရှေ့က ထွက်သွားရန် ခြေလှမ်းပြင်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့် မင်းညကိုယ်ကို နောက်က သူမလက်ကလေးများနှင့် သိမ်းဖက်ထားလိုက်၍ မင်းည ခြေလှမ်းတွေ ရှေ့မဆက်နိုင်ဘဲ ရပ်တန့်လိုက်ရသည်။

''မို့ကို မချစ်တော့ဘူးလား ညီရယ်''

မို့အသံလေးက ငိုသံစွက်လျက် တိုးတိတ်စွာ တုန်ရီနေ၏။ မင်းညမျက်ဝန်းအစုံကို မှိတ်ချလျက် သူ့ကိုယ်ကို နောက်မှသိမ်းဖက်ထားသော မို့လက်ကလေးများကို သူ့ကိုယ်မှ အသာဆွဲယူ ခွာချဖို့ ကြိုးစားသည်။

မို့က မလွှတ်။

''မို့''

''ဟင့်အင်း…ညီ့ကို မို့ချစ်တယ်''

နောက်ကျောပြင်မှ စိုစွတ်သည့် အတွေ့ကြောင့် မို့ ငိုနေမှန်း မင်းည သိသည်။ သူ ဘာလုပ်ရမည်နည်း။ မင်းညဆိုတာ အာသဝေါ ကုန်ခမ်းနေသည့် ရဟန္တာလည်းမဟုတ်။

မို့ကိုယ်တိုင်ကလည်း အကျည်းတန် အရုပ်ဆိုးနေသော မိန်းကလေးမဟုတ်။ မင်းညကို သူမချစ်သူ ညီဆိုသည့်တစ်ယောက်





နှင့် လူမှားပြီး အသည်းအသန် ချစ်ပြနေသူ။

မို့နှင့် သူမချစ်သူ ညီက ဘယ်လိုအခြေအနေမှန်းမသိ။ သူ့ကိုယ်ကို တစ်ပတ်လှည့်လိုက်တော့ မို့က မင်းညရင်ခွင်ထဲ နွေးထွေးနူးညံ့စွာ ရောက်ရှိလာသည်။

''ညီ''

မျက်ရည်တွေ ပြည့်အိုင်နေသည့် မို့မျက်ဝန်းထဲက မျက်ရည်တွေက မင်းည မျက်စိရှေ့မှာပင် မို့ပါးမို့မို့လေးထက်သို့ ဝေါခနဲ ပြိုဆင်းပါသည်။

''ညီ့ကို သိပ်ချစ်တာပဲလား မို့''

''ချစ်တယ်''

''ညီရော မို့ကို မချစ်တော့ဘူးလား''

''မို့ရဲ့ညီဆိုရင်ရော မို့ကိုချစ်မှာပေါ့''

ထိုစကားကို မင်းညစိတ်ထဲက ပြောလိုက်၍ မို့မကြားပါ။ မင်းညရင်ခွင်ထဲက ခေါင်းကလေးမော့၍ မင်းညကိုကြည့်နေသည့် မို့မျက်နှာလှလှလေးသည်သာ မင်းညစိတ်ကို လှုပ်ခတ်နွေးထွေးဖို့ ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခု မိုနဲ့ကိုယ့်အခြေအနေ ဘယ်လိုဖြစ်နေတယ်ဆိုတာ မို သိလား"

"သိတယ်"

မင်းညှ မျက်ခုံးတစ်ဖက် ပင့်တက်သွားကာ မို့နှုတ်ခမ်းဖူးဖူးလေးကို ငုံ့မိုးစိုက်ကြည့်ဖြစ်သွားသည်။

"သိရင်ပြောပါဦး၊ အခု မိုနဲ့ကိုယ်က ဘာလဲ"

"ချစ်သူတွေပေါ့"

"ပြီးတော့ရော"

"ပြီးတော့"

မို့ထံက ရုတ်တရက် ဘာသံမှ ထွက်မလာဘဲ ဖြူဥနုဖတ်သော ပါးလေးတွေ သွေးရောင်လွှမ်းသွားပုံကို မင်းညှ ငေးခနဲကြည့်ဖြစ်သွားသည်။ မို ရှက်သွားပုံက လှသည်။

"ပြီးတော့ ဘာဖြစ်လဲ ဆက်ပြောလေ"

"ညီ သိရဲ့သားနဲ့"

ရှက်အမ်းအမ်း အမူအရာနှင့် မိုက မင်းညှကို ချစ်စဖွယ်မျက်စောင်းရွယ်လိုက်၍ မို့ပခုံးကို ဆုပ်ကိုင်ထားသည့် မင်းညှလက်အစုံက ပိုတင်းကြပ်သွား၏။



"ကိုယ်မသိလို့ မို့ကို မေးနေတာပေါ့၊ မိုပဲ ကိုယ့်ကိုချစ်တယ်ဆို၊ ချစ်ရင် ကိုယ်မေးတာဖြေလေ"

မင်းညှ အသိချင်ဆုံး အဖြေက ဒါပဲဖြစ်သည်။ မိုနဲ့ညီရဲ့ အစစ်အမှန် အခြေအနေ။ မို့နှုတ်ဖျားက ပွင့်ဟလာမည့်စကားကို မင်းညှကိုယ်တိုင် စိတ်လှုပ်ရှားစွာ မျှော်လင့်တကြီး စောင့်နေမိသည်။

မိုက မင်းညှမျက်နှာကို စွေစောင်းလျက် တစ်ချက်ခိုးကြည့်သည်။ မျက်တောင်မခတ် မို့ဆီက အဖြေကို စိတ်ဝင်တစားဆောင့်နေသည့် မင်းညှ အကြည့်အောက်မှာ မို့ပါးလေးတွေ နွေးခနဲရဲနီလျက် အကြည့်ကိုလွှဲ၍ မျက်လွှာချသွားသူက မို။

"ညီ တကယ်မသိတော့ဘူးလား"

"အင်း"

မို့လက်ချောင်းလှလှလေးတွေက မင်းညှ အင်္ကျီကြယ်သီးလေးတွေဆီ ရောက်သွားသည်။

"မိုက ညီ့နောက်ကို ခိုးရာလိုက်လာတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ဘာလဲ…ညီ အံ့သြသွားလား"

ပြုံးနေသည့် မို့မျက်နှာလေးကို ကြည့်ပြီး မင်းညီ အသက်ရှူဖို့ မေ့သွား၏။

"ညီက သတ္တိမရှိပေမယ့် မို့က သတ္တိရှိပါတယ်နော်၊ အဲဒါ ဘာလို့လဲဆိုတော့ မို့က ညီ့ကို ပိုချစ်လို့ပေါ့"

"အိမ်ကလူတွေ ဘယ်သူမှမသိအောင် မို့ဘာသာ တိတ်တိတ်လေး ညီ့ဆီကို ထွက်လာခဲ့တာ၊ ဒီကြတော့ ညီက မို့ကို မချစ်ချင်တော့ဘူး မဟုတ်လား"

မင်းညီ ဘာပြောရမှန်းမသိ။ မို့ကိုသာ ငေးကြည့်နေမိသည်။

"ပြော…ညီ့မှာ နောက်ထပ်အသစ်တစ်ယောက် ရှိနေပြီလား၊ ညီ မချစ်တော့ဘူးဆိုရင် မို့ ဒီကထွက်သွားမယ်"

"ဘယ်ကိုလဲ"

"ဘယ်ဖြစ်ဖြစ်၊ ညီမုန်းတဲ့ မို့မျက်နှာကို မမြင်ရ မတွေ့ရရင် ပြီးရောပေါ့"





"မငိုနဲ့လေ"

"ငိုမှာပဲ၊ ညီ သိပ်ရက်စက်တယ်"

"မို့ ချစ်သလိုမချစ်ဘူး"

လက်သီးဆုပ်လေးတွေက မင်းညီရင်ဘတ်ပေါ် အဆက်မပြတ် ထုရိုက်သည်ဆိုပေမယ့် အားမပါ။ ပါးပြင်ပေါ် စီးကျနေသည့် မျက်ရည်စီးကြောင်းထဲက မိန်းမလှလေးကို သူ့ရင်ခွင်ထဲ သိမ်းပွေ့ပြီး စိတ်ရှိလက်ရှိ နမ်းရှိုက်ပစ်ချင်စိတ်ကို ချုပ်တီးမျိုသိပ်လျက်။ ဖြူနုသော လက်သီးဆုပ်လေးများကိုသာ ညင်သာစွာ ဖမ်းယူလိုက်မိသည်။

"မင်းနဲ့ကိုယ်တော့ သိပ်ခက်နေပြီ မို့ရယ်"

"ဘာမှမခက်ဘူး"

"မို့ကို ညီက အရင်လိုမချစ်ချင်တော့တာ မဟုတ်လား၊ မို့ သိပါတယ်၊ မာမီ့ကြောင့် ညီ မို့ကို စိတ်နာနေတာပါ"

"မဟုတ်ပါဘူး"

"ဟုတ်ပါတယ်"

"မို့ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကို သတိထား၍ မှီ့ကိုယ်လေးကို မင်းညှ ရင်ခွင်မှ ညင်သာစွာ ဖယ်ခွာလိုက်၏။

မှီကိုယ်လေးက မင်းညှလက်ထဲ အလိုက်သင့်ပါလာ၏။ ရုန်းဖယ်ခြင်းမပြု။ ပြီးတော့ သူမကိုယ်တိုင် မင်းညှလက်မောင်း တစ်ဖက်ကို သူမလက်ကလေးနှစ်ဘက်နှင့် တင်းကြပ်စွာ ပြန်လည် ဖက်တွယ်ထားပုံကြောင့် မင်းညှရင်တွေ သိမ့်ခနဲ လှိုက်ခုန်သွား သည်။

"မှီ"

"ရှင်"

"ဆေးသောက်ရမယ်နော်"

"ညီကိုယ်တိုင် တိုက်မှာလား"

"အင်း"

"ဒါဆိုသောက်မယ်"

မှီဆိုတဲ့ မိန်းမလှလေးရယ်။

မင်းညှက မှီ့ကိုယ်လေးကို သူ့ရင်ခွင်ထဲက ခွာထုတ်ပြီး အိပ်ရာပေါ် အသာအယာတွဲပို့ပေးသည်အထိ အဖြစ်အပျက်အားလုံး



သရက မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်းသားဖြင့် တိတ်ဆိတ် ငြိမ်သက်စွာ ကြည့်နေခြင်းအဖြစ်ကို ဘယ်သူမှ မသိပါ။

မင်းညှနှင့်မှီ့ အခြေအနေကိုကြည့်ပြီး သရ အောက်ထပ်သို့ ပြန်ဆင်းခဲ့သည်။ မင်းညှလို လူမို့သာပဲ။ ဒီလိုအနေအထားမှာ ဣန္ဒြေမပျက် နေနိုင်ခြင်းဖြစ်သည်။

တခြားကောင်တွေသာ မင်းညှ နေရာမှာဆို မှီ့ဘဝလေး ဤမျှဖြူစင်နေပါဦးမည်လား မသိ။ မှီ့စိတ်ကျန်းမာရေးက ပုံမှန် အနေအထားမဟုတ်မှန်း သရရော မင်းညှပါ ရိပ်မိသိရှိခဲ့သည်။

ဒီကြားထဲ လူကျန်းမာရေးကြပြန်တော့ စိုးတထိတ်ထိတ် နှင့် စိတ်မချရသည့်သူလေး ဖြစ်နေသည်။ အပေါ်ထပ်လှေကားက ဆင်းလာသံကြောင့် သရ လှည့်ကြည့်လိုက်တော့ မင်းညှ သူ့နား ရောက်လာသည်။

"ဘယ်လိုလဲ သရ၊ လူပျောက်တိုင်ထားတာ မတွေ့ဘူး လား"

"ဒီအနီးအနား ပတ်ဝန်းကျင်မှာရော၊ ရဲစခန်းမှာပါ ရှာခဲ့ ပြီးပြီ မင်းညှ၊ မင်းရဲ့ မှီနဲ့တူတဲ့သူ ဘယ်မှာမှ မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ခက်တာပဲကွာ၊ မနက်ဖြန် ငါ အဘိုးဆီသွားစရာရှိတယ်၊ မှို့ကို မင်း ခဏစောင့်ကြည့်ပေးထားပါလား"

မင်းညက သရနှင့် မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်ရင်း စီးကရက်တစ်လိပ် ထုတ်သောက်သည်။ မင်းည အခက်အခဲကို သရ နားလည်ပေမယ့် မှီက နားလည်မှာမဟုတ်။

"မင်းပြောသလို ကူညီလို့ရရင် ငါလည်း ကူညီပေးချင်ပါတယ်ကွာ၊ ခက်တာက မင်းမှီက"

"ငါ့မှီ မဟုတ်ပါဘူးကွ၊ မင်းကလဲ"

"အေးပါ...ညီမှီက မင်းကို မျက်စိအောက်က အပျောက်မခံတာလည်း ထည့်စဉ်းစားဦးလေ၊ သိတယ်မဟုတ်လား၊ မှီက ရိုးရိုးလူမဟုတ်ဘူးနော်၊ ဒါ...ဒါ"

သရက သူ့လက်နှင့် သူ့ဦးခေါင်းကို လက်ညှိုးထိုးပြတာမို့ မင်းည မျက်လုံးအစုံ မှေးကျဉ်းသွားသည်။

မှို့ကိုထားခဲ့ဖို့ မဖြစ်နိုင်သလို သူသွားလေရာ လျှောက်ခေါ်သွားလို့လည်း မဖြစ်။

"အကျိုးအကြောင်းပြောပြီး မာမှီလက်ထဲ အပ်ခဲ့ရင်ရော"





"ကြည့်လည်းလုပ်ဦးနော် မင်းည၊ တော်ကြာ တစ်ပူကနေနှစ်ပူဆင့်နေမှ ရှင်းရခက်ကုန်မယ်၊ မင်းမိသားစုအကြောင်း မင်းအသိဆုံး"

သရပြောတာ မလွန်။

မာမီနှင့်ဒက်ဒီ အခုချိန်ထိ ပြေလည်ကြသေးတာ မဟုတ်သလို မင်းညကိုယ်တိုင်လည်း မင်းကမ္ဘာကိုမပြန်ဘဲ ညကမ္ဘာမှာ အခုထိ သောင်တင်နေသည့် အနေအထား။

"မင်း ဘယ်လိုလုပ်မယ် စဉ်းစားလဲ မင်းည"

"ခေါ်သွားရုံရှိတာပေါ့"

"မှို့ကိုလား"

"မင်းကိုပါ ခေါ်မှာ"

"ဟာ"

"ငါ့မှာ ဘယ်လိုဖြစ်နေတယ်ဆိုတာ မင်းလည်း အမြင်ပဲ သရ၊ ငါနဲ့မှီ နှစ်ယောက်ဆိုရင် ပြဿနာတွေ အကုန်ရှုပ်ကုန်မှာ၊ မင်းလည်းသိပါတယ်၊ မှို့ကို ခေါ်သွားမယ်၊ အဖော်အဖြစ်မင်းပါ မှီနဲ့အတူ လိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ငြင်းလို့ရသေးလား မင်းည"

"နိုး"

"နားအေးပါးအေး နေချင်ပါတယ်ဆိုမှကွာ"

သရက စိတ်ပျက်လက်ပျက်ပုံစံနှင့် ညည်းညူလျက် နှစ်ယောက်ထိုင် ဆိုဖာကြီးပေါ် သူ့ကိုယ်ကြီးတစ်ကိုယ်လုံး အိခနဲ မြုပ်ဝင်သွားသည်အထိ ဆောင့်ထိုင်လိုက်သည်။

❖ ❖ ❖

## အခန်း (၉)

"ဟာ…ဟိုမှာ…ဟိုမှာ မီး မဟုတ်လား"

"ဘယ်မှာလဲ၊ ဘယ်မှာလဲ"

"ဟိုရှေ့က အဖြူရောင် ပရာဒိုကားပေါ်မှာကွ၊ ညာဘက်ကို ချိုးသွားပြီ"

"ကျိုး"

"တောက်…အရေးထဲမှ မီးနီသွားပြီ"

ကားတွေအားလုံး ရပ်သွားသဖြင့် ဘာမှဆက်လုပ်လို့မရဘဲ ဖြစ်သွားသည်။ ရှာတုန်းက မတွေ့။ တွေ့မဲ့တွေ့တော့ မြို့လယ်ခေါင် မီးပွိုင့်မှာ မီးနီမိကျန်ခဲ့တာကို အားမလိုအားမရ။

ဦးဇော်လတ်လူယုံ ဦးကျော်သစ်က သူ့ဆရာဖုန်းကို

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းလှမ်းဆက်သည်။ ဖုန်းလာကိုင်သူက ဦးဇော်လတ်ကိုယ်တိုင်။

"ပြော...ကျော်သစ်"

"ဆရာ...မို့ကို အခုလေးတင်ပဲ ပရာဒိုကားတစ်စီးပေါ် မှာပါသွားတာ တွေ့လိုက်လို့ဆရာ"

"ဘယ်မှာလဲ၊ ဘယ်နေရာမှာလဲ ကျော်သစ်၊ ငါအခုလိုက်ခဲ့မယ်၊ နေရာပြော၊ လုံးဝမျက်ခြေမပြတ်စေနဲ့"

ဦးဇော်လတ်အသံက ထိတ်ထိတ်ပြာပြာ။ ဆန္ဒစောစွာ သတင်းပေးမိပြီးမှ ဦးကျော်သစ် နောင်တရသွားသည်။

"ဆောရီးဆရာ၊ မို့ပါသွားတဲ့ကားကို ကျွန်တော်တို့ မမီလိုက်ဘူး"

"ဘာကွ"

ဦးဇော်လတ်ထံမှ မချိတင်ကဲ အသံကြီးက ဖုန်းထဲက ဟိန်းထွက်လာသဖြင့် ဦးကျော်သစ် နားကဖုန်းကို ခပ်ဝေးဝေးသို့ ရွှေ့လိုက်ရသည်။

"ဟိတ်ကောင် ကျော်သစ် သမီးနားမှာပါသွားတဲ့သူတွေ





က ဘယ်သူတွေလဲ၊ ဘယ်လိုပုံစံတွေလဲ၊ မင်းကရော ဘာဖြစ်လို့ သမီးကိုမြင်ရက် အမိမလိုက်နိုင်ရတာလဲကွ ဟင်"

မေးခွန်းတွေက တသီကြီးပေမယ့် ဦးကျော်သစ် တစ်ခုချင်းဖြေပါသည်။ ဦးဇော်လတ်နေရာမှာ သူဆိုလည်း ဒီထက်မကသော ခံစားချက်တွေနဲ့ ပေါက်ကွဲမိမှာ သေချာ၍ပါ။

"ကျွန်တော် သေချာမမြင်လိုက်ရဘူးဆရာ၊ ကောင်လေး တစ်ယောက် ကားမောင်းသွားတဲ့ဘေးမှာ မို့ကို အင်္ကျီအဖြူရောင်လေးနဲ့ ရုတ်တရက် လှမ်းတွေ့လိုက်ရရုံပါ"

"မင်းကွာ...ဒီလောက်အရေးကြီးတဲ့ကိစ္စကို ဘာတစ်ခုမှ မသေချာမရေရာနဲ့၊ အဲဒီကားနံပါတ်ကိုရော မှတ်မိရဲ့လား"

"ကားမှန်မှာကပ်ထားတဲ့ အရုပ်ကိုတော့ ကျွန်တော် မှတ်မိပါတယ်"

"အသုံးမကျလိုက်တာကွာ"

"တောက်"

ဦးဇော်လတ်အသံက မကျေမချမ်း။

"မင်း အိမ်ကိုလုံးဝပြန်မလာနဲ့၊ အဲဒီကားကို တွေ့အောင်



www.burmeseclassic.com

www.burmeseclassic.com



ရှာ''

''ဆရာ''

ဦးကျော်သစ် လှမ်းခေါ်သံကို တစ်ဖက်က မကြား။ ဖုန်းချ သံ ပြင်းပြင်းကြောင့် နားထဲမှာ ဆူညံသွားတာပဲ အဖတ်တင်သည်။

''မိုးဆိုတာ သေချာရဲ့လား ကိုကျော်သစ်''

မိုးအရိပ်ပင် မမြင်မတွေ့လိုက်ရသော ဦးဘဦးက ကျော်သစ် ဘက် လှည့်မေးသဖြင့် ဦးကျော်သစ် ခေါင်းညိတ်ပြလိုက်သည်။

''ငါတို့လက်ပေါ် ကြီးလာတဲ့ ကလေးပဲကွ၊ မမှတ်မိဘဲ နေပါ့မလား''

မီးစိမ်းသွားသဖြင့် ကားတန်းကြီး ထွက်သွားသည်။ ဦးဇော်လတ် အမိန့်ပေးသလို မိုးကို တစ်မြို့လုံး လှည့်ပတ်ရှာပေ မယ့် ဘယ်နေရာမှမတွေ့။

''ရန်ကုန်မြို့ထဲရှိတာတော့ သေချာတယ်ကွ ဘဦး''

''ကားနဲ့သွားတာပဲကွ၊ မြို့တွင်းမြို့ပြင် အတိအကျပြော လို့ရမလား၊ မိုးဘေးက ကောင်လေးဆိုတာ မိုးချစ်သူများလား မသိ ဘူး''





ဦးဘဦးစကားကြောင့် ဦးကျော်သစ် နည်းနည်းတော့ ဆွေသွားသည်။ မိုးချစ်သူဆိုတာနှင့် ညီဆိုသည့်ကောင်လေးကို ချက်ချင်း သတိရသွားကာ ဦးခေါင်းကို အသာခါယမ်းလိုက်သည်။

မိုးချစ်သူကောင်လေးအကြောင်းကို ဦးဘဦးထက် ဦးကျော် သစ်က ပိုသိသည်။ ပိုနားလည်သည်။

''မိုးချစ်သူ မဟုတ်ပါဘူး''

''သေချာနေလိုက်တာကွာ''

''မိုးချစ်သူကောင်လေးကို ငါသိတယ်ကွ၊ အဲဒီကောင်လေး ဟာ မိုးဆီကို ဘယ်တော့မှ ပြန်လာတော့မှာမဟုတ်ဘူး''

''ဘာဖြစ်လို့လဲ''

''ညီဆိုတဲ့ကောင်လေးက ဆုံးသွားပြီလေ''

''ဘာ''

ဦးဘဦးကို မိုးနှင့် မိုးချစ်သူကောင်လေးအကြောင်း ဦးကျော် သစ် နားလည်သဘောပေါက်အောင် ရှင်းပြလိုက်သည်။

''ကြားရတာ စိတ်မကောင်းစရာကွာ၊ ဒါပေမဲ့ ငါဆို လည်း မိဘတစ်ယောက်အနေနဲ့ ကိုယ့်သားသမီးကောင်းစားရေး



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဘော့စ်လုပ်သလို လုပ်မိမှာပဲ"

"ကံတရားပေါ့ကွာ၊ ဖြစ်လာမှတော့ ဘယ်တတ်နိုင်မှာလဲ၊ ကောင်လေးရော၊ ကောင်မလေးရော သနားစရာပါ၊ အဓိကက ငွေပဲ"

နှစ်ယောက်စလုံး ဘာစကားမှ မပြောနိုင်ကြဘဲ ကိုယ်စီ အတွေးနှင့် တိတ်ဆိတ်ငြိမ်သက်သွားသည်။ သူဋ္ဌေးလူယုံ၊ ကုမ္ပဏီ ဝန်ထမ်းတွေမို့ ဘယ်သူမှ မချမ်းသာ။ သာမန်နေထိုင်စားနိုင်ရုံထက် ပိုလျှံသည်ဆိုပေမယ့် ကျိုကျိုတက် ချမ်းသာနေကြတာမဟုတ်။

ညီဆိုသည့် ကောင်လေးသာ သူတို့သားနေရာမှာ ဆိုရင် ဆိုသည့် အတွေးက မတိုင်ပင်ဘဲ နှစ်ယောက်စလုံး၏ ခေါင်းထဲ အလိုလိုရောက်လာ၍ ဖြစ်သည်။

တကယ်တော့ ညီဆိုသည့် ကောင်လေးမှာ ဘာအပြစ်မှ မရှိ။ ရုပ်ကလေးချောသည်။ ပညာတတ်သည်။ အရည်အချင်းရှိ သော ကလေးပေမယ့် ပြည့်စုံချမ်းသာကြွယ်ဝသော မိသားစုအသိုင်း အဝိုင်းမှ မဖြစ်ခဲ့။ ဤပြစ်မှုကြီးနှင့်ပင် ညီနှင့်မှီတို့ ချစ်ခြင်းကို ဖြိုခွင်းဖျက်ဆီးပစ်ဖို့ ခိုင်မာသော အကြောင်းပြချက်တစ်ရပ် ဖြစ်ခဲ့

စိုး၊မိုး၊၀၁၆၀



သည်။

ညီ ဆုံးသွားသည်။

နောက်တော့ မှီပါ အိမ်ကပျောက်သွားသည်။ နှစ်ဘက် မိဘအသိုင်းအဝိုင်း နှစ်ခုစလုံး ရင်ကွဲမတတ် ခံစားကြေကွဲကြရသည် ဆိုပေမယ့် ညီဆိုသော ကောင်လေးက ဘယ်တော့မှ ပြန်မလာနိုင် သည့် ခရီးကို ထွက်သွားခြင်းဖြစ်၍ မှီကတော့ အချိန်နေရာမရွေး တစ်နေရာရာမှာ ပြန်လည်ဆုံတွေ့ရှာဖွေခွင့် ရနိုင်သည့် အနေအထား။

အခြေခံချင်း မတူသလို အခြေအနေချင်းလည်း မတူ။

"ဘယ်လိုလုပ်ကြမလဲ ကိုကျော်သစ်"

"ဘယ်တတ်နိုင်မလဲဗျာ၊ အိမ်ကို လုံးဝပြန်မလာပါနဲ့ဆိုမှ တော့ ဆက်ရှာကြရုံရှိတာပေါ့"

ဦးဘဦးထံမှ သက်ပြင်းရှိုက်သံ ကျယ်လောင်စွာ ကြား လိုက်ရသည်။ ဒါပဲလေ သူ့ဆန္ဒစား ရဲရမည်ဆိုတာ။ မှီ့ကို လိုက်ရှာ နေသည့် ဦးကျော်သစ်ကားက ဦးတည်ရာမရှိ။ မည်းနက်သော ကတ္တရာလမ်းအတိုင်း တရိပ်ရိပ်ပြေးနေသည့်အချိန်မှာ ဦးတည်ရာ ခရီးစဉ်အတိုင်း မင်းညဏ်ကားမှာလည်း လမ်းအတိုင်း အရှိန်ပြင်းစွာ

စိုး၊မိုး၊၀၁၆၀

www.burmeseclassic.com

www.burmeseclassic.com



ပြေးလွှားနေပါသည်။

ကားမောင်းနေသည့် မင်းညနားမှာ မှီက အလွန်အပြစ်ကင်းသော ကလေးငယ်လေးလို ဘာအပူအပင်မှမရှိဘဲ လိုက်ပါလာသည်။ သူမ မိဘအကြောင်း၊ မိသားစုအကြောင်း ဘာတစ်ခုမှမမေး။ စိတ်ဝင်စားခြင်းလည်း မရှိ။ မင်းညကိုပဲ သူမချစ်သူညီအဖြစ် မျက်စိအောက်က အပျောက်မခံတာနဲ့ပဲ လှပသောမျက်နှာလေး လန်းဆန်းပြုံးပျော်နေသည်။

မှီ ပျော်နေသလောက် မှီနှင့်အပြိုင် စိတ်ညစ်နေသူက မင်းည။ ဘယ်နှကြိမ်မြောက်မှန်းမသိသော သက်ပြင်းကို ချမိပြန်သည်။

"တူ....တူ"

မင်းညဖုန်း အသံမြည်လာသည်။ ဖုန်းနားကြပ်ကို ဆွဲပြီး နားထောင်လိုက်တော့ မာမီ။

"သား...မာမီပါ၊ သားအဘိုးဆီ ရောက်နေပြီလား"

"မရောက်သေးဘူး မာမီ၊ အခု လမ်းပေါ်မှာပဲ ရှိသေးတယ်"





"ဟုတ်ပြီ...ဒါဆို မာမီတို့ အချိန်နည်းနည်းနောက်ကျမယ်ဆိုတဲ့အကြောင်း သားအဘိုးကို ကြိုပြောထားလိုက်နော် သား"

"ဟုတ်ကဲ့ မာမီ"

"အခုချိန်ထိ သားဒက်ဒီက ရောက်မလာနိုင်သေးလို့ မာမီစောင့်နေရတာလေ၊ အဟင်း...ဟင်း...ဟင်း"

မာမီ့ရယ်သံထဲမှာ မခံချိမခံသာခြင်းတွေ ပျော်ဝင်နေခြင်းကို မင်းည သိသည်။

"ဒါပဲနော် သား"

"ဟုတ်ကဲ့"

မာမီ့ဘက်က ဖုန်းချသွားသည်။

မင်းညမှာ မိဘနှစ်ပါးနှင့်ပတ်သက်ပြီး ဘာတစ်ခုမှ ပြောစရာမရှိ။ မာမီနှင့် ဒက်ဒီကြားမှာ ဘယ်သူကမှန်သည်၊ ဘယ်သူက မှားသည်ဟု မဝေဖန်ချင်။

အဘိုးဆီကို တစ်နှစ်တစ်ခါက်တော့ မဖြစ်မနေသွားကြရသည့်ခရီးမှာတောင် မိသားစုသုံးယောက် စုံစုံညီညီ မသွားနိုင်ကြတာလည်း စိတ်ပျက်စရာတစ်မျိုးလို့ ဆိုရမလားမသိ။



www.burmeseclassic.com

www.burmeseclassic.com



"တူ…တူ…တူ"

ဖုန်းက အသံမြည်လာသည်။

"ဟဲလို"

"မြေးလေးလား"

"အဘိုး"

ဒီတစ်ခါ ဖုန်းဆက်လာသူက မာမီမဟုတ်။ အဘိုးကိုယ်တိုင်ဖြစ်နေ၍ မင်းညမျက်နှာ ပြုံးသွားသည်။ အဘိုးက ချစ်စရာကောင်းသည်။ ဘယ်သူ့ကိုမှ ဒုက္ခမပေးဘဲ သူ့ဘာသာသူ လူယုံကြီးတစ်ယောက်နှင့် နေကမ္ဘာခြံကြီးထဲမှာ သီးသီးသန့်သန့်နေသည်။

တစ်ဦးတည်းသောသားဖြစ်သော ဒက်ဒီအိမ်မှာပင် လိုက်မနေ။ သူ့ဒွေးကြီး ဦးနေမင်းအဖြစ် အခုချိန်ထိ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတွေကို စီမံအုပ်ချုပ်နေဆဲ။

အဘိုးက မင်းညကိုတော့ တုန်နေအောင်ချစ်သည်။ သားအချစ်၊ မြေးအနှစ်ဆိုသည့်အတိုင်း မင်းညအတွက်ဆို ဘာမဆို အလိုလိုက် အကြိုက်ဆောင်တတ်သူ။

"ဘယ်လိုလဲကွ၊ မင်းက အခုချိန်ထိ အဘိုးဆီ မလာသေးဘူးလား"





"လာနေပြီ အဘိုး"

"မင်းတို့သားအဖကို ပြောလိုက်ရင် ဒီလိုချည်းပဲ၊ ဟိုကောင်ကလည်း လာနေပြီတဲ့၊ ပြောကြစမ်း မင်းတို့အတွက် တစ်နှစ်တစ်ခါ ကိုယ့်အဘိုးဆီလာရတာများ သိပ်အပန်းတကြီးဖြစ်နေလား"

အဘိုး သူတို့သားအဖကို စိတ်ဆိုးနေမှန်း မင်းည သိလိုက်သည်။ စိတ်ဆိုးမည်ဆိုလည်း ဆိုးချင်စရာ။ အဘိုးမွေးနေ့တိုင်း မင်းညက အဘိုးဆီကို အမြဲစောပြီး ကြိုရောက်နေကျဖြစ်ပေမယ့် မီဆိုသည့် ကလေးမကြောင့် မင်းည အဘိုးဆီကို အရင်နှစ်တွေကလို ကြိုစောပြီးမရောက်ဖြစ်။

ဒက်ဒီကိုယ်တိုင်ကလည်း သူ့ပြဿနာနဲ့သူရှုပ်ပြီး အဘိုးထံ ရောက်မလာနိုင်။ အဘိုးမှာ ဒီသားနဲ့ဒီမြေး၊ ဒီချွေးမပဲ ရှိတာဆိုတော့ တမျှော်မျှော်နှင့် ဒေါသဖြစ်စိတ်ဆိုးနေသည်။

"မဟုတ်ရပါဘူး အဘိုးရာ၊ အဘိုးဆီ လာခါနီးမှ တွန်းတော့်သူငယ်ချင်းတစ်ယောက် ဆေးရုံတင်လိုက်ရတာ လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကူညီနေရလို့ပါ''

မင်းညပြောရင်း မျက်လုံးအကြည့်တွေက လှပသည့် ဂါဝန်ဖြူဖြူလေးနှင့် အနားမှာ အတူရှိနေသည့် မို့ထံ ဖျတ်ခနဲ ရောက်သွားသည်။ မို့က သူ့ကိုမကြည့်။ ကားပြတင်းဘက်လှည့် ပြီး မျက်စိတစ်ဆုံး မြင်တွေ့နေရသည့် ရှုမျှော်ခင်းတွေကို ငေးနေ သည်။

''ဆေးရုံတက်တာ မင်းကောင်မလေးလား''

''ဗျာ''

''မင်းတို့သတင်းအားလုံး အဘိုးကြားပြီးပြီကွ၊ မင်းကောင် မလေးက မင်းကို မျက်စိအောက်ကတောင် အပျောက်မခံနိုင်ဘူး ဆိုတာ''

''ဟာ…မဟုတ်ဘူး''

သတင်းတွေက အတိအကျ။

အဘိုးဆီ ဒီအကြောင်းတွေ ဘယ်လိုလုပ်ရောက်နေမှန်း ကာယကံရှင်ဖြစ်သော မင်းညကိုယ်တိုင်လည်း မသိ။

''ဘာမဟုတ်တာလဲ၊ မင်းတို့ကို ဆေးကုပေးတဲ့ အထူး



ဆရာဝန်ကြီးက အဘိုးကိုပြောတာ၊ မင်းကလည်း ကောင်မလေးနား က တစ်ဖဝါးမခွာဘူးဆိုပဲ''

''နေစမ်းပါဦး၊ မင်းကောင်မလေးနာမည်က မို့ဆိုလား''

''အာ''

သွားပြီဟု သိလိုက်သည်။

ဒီကိစ္စ အဘိုးသိသွားပြီဆိုတော့ မင်းည ဘယ်လိုဖြေရှင်း လို့မှ လွယ်တော့မည်မဟုတ်။ ဖုန်းပြောရင်း မို့ရှိရာ အလန့်တကြား လှမ်းကြည့်မိသည်။ ဘယ်သူမှမသိဘူးအထင်နှင့် မို့ကို သရုပ်ဆောင် ညီမလေးအဖြစ် အဘိုးရှိရာ ခေါ်လာမိသည့် အစီအစဉ်က သူ့အလို လို ပျက်ပြယ်သွားသည်။

''အဘိုး''

''ဘာလဲ မြေး''

''ကျွန်တော်တို့အကြောင်း မာမိနဲ့ဒက်ဒီကို ဘာမှမပြောနဲ့ နော်''

''ဘာဖြစ်လို့လဲကွ၊ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်တာ သဘာဝကျသားပဲ၊ ဘာလဲ ကောင်မလေးဘက်က နှမ်းပါးကြလို့

www.burmeseclassic.com

www.burmeseclassic.com



လား''

မို့ပုံစံက အဘိုးပြောသလို ဆင်းရဲနွမ်းပါးသည့်ပုံစံအနေ အထားမျိုးလည်းမဟုတ်။

''အဘိုးထင်သလို မဟုတ်ပါဘူး''

''ဒါဖြင့် ဘာလဲကွ၊ အဘိုးမြေးမလေးက ရှက်လို့တဲ့လား၊ အဟား…ဟား''

ပြောပြီး သူ့စကားသူ သဘောကျလျက် အဘိုးက အသံ ဝါကြီးနှင့် တဟားဟား အော်ရယ်သဖြင့် စိတ်ရှုပ်သည့်ကြားက မင်းညပါ ပြုံးယောင်ယောင် ဖြစ်သွားရသည်။

ကိုယ့်အဖြစ်ကိုယ် သဘောကျ၍ပါ။

''အေး…အေး ကားကို ဖြည်းဖြည်းမောင်းခဲ့၊ အဘိုး ဖုန်းချလိုက်ပြီ''

ဖုန်းနားကြပ်ကို ဆွဲအဖြုတ်မှာ မင်းညကို ငေးနေသည့် မို့ မျက်ဝန်းတောက်တောက်လေးများနှင့် ဆုံသည်။

''ညီ့အဘိုးလားဟင်''

''အင်း''





''ညီ့ကို သိပ်ချစ်မှာပဲနော်''

''အင်း''

မို့အမေးကို မင်းည ခေါင်းညိတ်လိုက်သည်။

အဘိုးက မင်းညနှင့်မို့အကြောင်း သိသွားပြီဆိုတော့ ဘာကိုမှ လိမ်ညာဟန်ဆောင်ချင်၍ မရတော့။

''သရ''

''ပြော''

''မင်းနဲ့မို့ကို အန်တီရှိလာအိမ်မှာ ထားခဲ့မယ်''

''ကြည့်လည်းလုပ်ဦးနော် မင်းည''

''ရပါတယ်ကွ၊ အေးဆေးပါ''

''မို့ကတော့ ညီနဲ့လိုက်မှာနော်''

''မို့ လိုက်လို့ရဘူး''

မင်းညလေသံ ခပ်ပြတ်ပြတ်။

''ဟင်''

''ဘာဖြစ်လို့ မို့က ညီ့နောက်ကို မလိုက်ရမှာလဲ ညီ''

''မို့ကတော့ ညီနဲ့ခွဲပြီး လုံးဝမနေဘူး သိလား''



www.burmeseclassic.com

www.burmeseclassic.com



ငိုမဲ့မဲ့ဖြစ်သွားသည့် မို့မျက်နှာလေးမှာ ကြေကွဲရိပ်တွေ ပြည့်သိပ်လျက်။ မင်းညမျက်နှာကို မျက်ရည်ပြည့်သော မျက်လုံးကြီးတွေနှင့် စိုက်ကြည့်လျက် နှုတ်ခမ်းစူနေသည်။

"ကိုယ်အခုသွားမယ့်နေရာကို မို့မာမီနဲ့ဒက်ဒီ လာမှာလေ"

"ညီ တကယ်ပြောတာလား"

"မယုံရင် မို့ကိုယ်တိုင်လိုက်ခဲ့၊ ပြီးမှ ကိုယ့်ကို အပြစ်မတင်နဲ့"

လှပသော မို့မျက်နှာလေး ဖွေးခနဲဖြစ်သွားကာ ငြိမ်ကျသွားသည်။ မင်းည ခြိမ်းခြောက်စကား အောင်မြင်သွားသည်။

"ကိုယ်နဲ့လိုက်ချင်သေးလား မို့"

"ဟင့်အင်း"

"ဒါဖြင့်…သရနဲ့ အန်တီရှိလာအိမ်မှာ ခဏနေခဲ့၊ ကိစ္စပြီးတာနဲ့ ကိုယ် ချက်ချင်းပြန်လာမယ်"

"တကယ်ပြန်လာမှာနော်"

"တကယ်ပေါ့"

"မင်းလက်ထဲမှာ မို့ကို အပ်ခဲ့ပြီနော် သရ၊ မို့ကို ငါမသိ

ခိုး : မိုး : ၁၃၀၀



ဘဲနဲ့ ဘယ်ကိုမှ လျှောက်ခေါ်မသွားနဲ့"

"မင်းပဲအပြောကောင်း"

သရထံမှ မကျေမနပ်အကြည့်ကို မသိဟန်ဆောင်လိုက်သည်။ မို့ကတော့ မင်းညကို နောက်ထပ် ဘာမှမပြောဘဲ တိတ်ဆိတ်စွာ ငေးငိုင်တွေဝေလျက်။

❖ ❖ ❖

ခိုး : မိုး : ၁၁၀၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ညီ"

"နေဦး…အခုချိန်ကစပြီး ဒီအခေါ်အဝေါ်ကို ပြောင်းမယ်၊ ကိုယ့်ကို ညီလို့မခေါ်နဲ့"

"ဒါဖြင့် မီက ညီ့ကို ဘယ်လိုခေါ်ရမှာလဲ"

"မင်းနဲ့ညထဲက ကြိုက်တာကိုခေါ်"

မီက မင်းညမျက်နှာကို ထူးဆန်းအံ့သြသလို တွေတွေလေးကြည့်သည်။

"ညီလို့ခေါ်တာ မကြိုက်တော့ဘူးလား"

"မကြိုက်ဘူး"

ကိုယ့်နာမည်မဟုတ်ဘဲ တခြားနာမည်ခေါ်ခေါ်ပြီး စကား





အခြေအတင် ပြောနေရတာကို မင်းညနားထဲ ခါးလှပြီ။ ဘာကြီးမှန်းကိုမသိ။ တခြားသူတွေရှေ့မှာ မင်းညကို ရှေ့တည့်တည့်ထားပြီး တညီတည်း ညီနေတာလည်း မကြိုက်။

မို့ကို ညီမဟုတ်ကြောင်း အခါခါ ရှင်းပြပေမယ့် မီကိုယ်တိုင်က လက်မခံ။ အန်တီရှီလာတို့အိမ်မှာက အားလုံးအေးဆေးသည်။ အဘွားကြီးတွေဆိုတော့ မင်းညတို့ကိစ္စကို ဘာတစ်ခုမှ မေးမြန်းစပ်စုမည့်သူလည်း မရှိ။

မင်းညတို့ရောက်လာ၍ ဝမ်းသာအားရ ကြိုဆိုနေရာချပေးပြီး ညှိသည်အတွက် အန်တီရှီလာကိုယ်တိုင် ချက်ပြုတ်ပြင်ဆင်နေသည်မှာ မီးဖိုထဲက မထွက်။ သရဲက အန်တီရှီလာကို ကူပေးမည်ဆိုကာ မင်းညတို့နားက ရှောင်ထွက်သွားသည်။

စိမ်းလန်းစိုပြေသော သီးပင်စားပင် ပန်းဥယျာဉ်ထဲမှာ မီနှင့်မင်းည နှစ်ယောက်တည်း လွတ်လပ်အေးချမ်းစွာ ကျန်ရစ်ခြင်းဖြစ်သည်။

"မီကတော့ ညီ့ကို ညီလို့ပဲခေါ်ရတာ ကြိုက်တယ်"

"မီ ကြိုက်ပေမယ့် ကိုယ်မကြိုက်ဘူးလို့ ပြောနေပြီလေ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်နာမည် ညီ မဟုတ်ဘူး၊ မင်းည''

''အရင်တုန်းကတော့ ညီပါ''

''အခု မင်းည ဖြစ်သွားပြီ''

မီ နှုတ်ခမ်းစူလျက် မင်းညမျက်နှာကို မျက်လုံးလေးဖွေပြီး မကျေမနပ် ကြည့်သည်။ မီ့အကြည့်ကို မင်းည မမြင်ဟန်ဆောင်နေလိုက်သည်။

''မီက ဒီမှာ ဘယ်လောက်နေရမှာလဲ''

''ခဏပေါ့''

''ဘယ်လိုခဏလဲ၊ ပြန်လာမယ့်အချိန်ကို အတိအကျပြောမှ မီက စိတ်ချလက်ချ စောင့်နေနိုင်မှာမသိဘူးလား''

မီ့မျက်နှာလေးကို မင်းည စိုက်ကြည့်ပစ်လိုက်သည်။ သူ့ကို ညီလို့လည်းမခေါ်၊ မင်းညလို့လည်း မပြော။ စကားကို သံပြတ်နှင့် ပြောနေတာကိုပဲ မင်းညစိတ်ထဲက သဘောကျသလိုလို၊ သဘောမကျသလိုလို။

''မီ့မှာ မောင်နှမဘယ်နှစ်ယောက်ရှိလဲ''

''တစ်ယောက်''





ချစ်စဖွယ် လက်သို့းလေးတစ်ချောင်းထဲ ထောင်ပြပြီး မင်းညမျက်နှာကို မော့ကြည့်သည်။

''မီက တစ်ဦးတည်းသောသမီးပေါ့''

''အင်း''

''အဲဒါ အရင်တုန်းက၊ အခု မီက တစ်ယောက်တည်းမှ မဟုတ်တော့ဘဲ''

မီ၏ ရွှန်းလဲ့သည့် အကြည့်နွေးနွေးအောက်မှာ မင်းည ကိုယ့်ကိုယ်ကို ရင်မခုန်ပါစေနှင့်ဟု ဆုတောင်းပေမယ့် ဆုတောင်းအမပြည့်။

ဘယ်မိန်းကလေးမျိုးနှင့်မှ မခုန်ခဲ့ဘူးသည့် မင်းညရင်ခုန်သံက မီနှင့်ကြမှ တိုက်တိုက်ဆိုင်ဆိုင် အခုန်မြန်နေသည့် အဖြစ်ကလည်း မယုံချင်စရာ။

''ဒါဖြင့် အခု မီက ဘယ်နှယောက်ဖြစ်နေလို့လဲ''

''နှစ်ယောက်''

''ဘယ်သူနဲ့လဲ''

မီ့ထံမှ ရုတ်တရက် ဘာသံမှ ထွက်မလာ။



www.burmeseclassic.com

www.burmeseclassic.com



မို့နှုတ်ဖျားက ထွက်လာမည့်အဖြေကို စောင့်ရင်း မင်းည နှင့်မို့ တစ်ယောက်မျက်လုံးထဲကို တစ်ယောက် နင့်စူးစွာ စိုက်ငေး ကြည့်ဖြစ်ကြသည်။

ဘယ်သူမှ အကြည့်ကိုမလွှဲ။

"ဖြေလေ"

မင်းညကပဲ မစောင့်နိုင်သလို ခပ်တိုးတိုးမေးလိုက်မှ မို့က မင်းညကို မျက်စောင်းရှယ်၍ သူမအကြည့်တံခါးကို ဖျတ်ခနဲ ပိတ်သိမ်းလွှဲဖယ်သွား၏။

"သိရဲ့သားနဲ့ မေးနေတယ်"

"မသိလို့ပေါ့"

"ဘာမသိရမှာလဲ၊ မို့နဲ့ည နှစ်ယောက်"

"ကိုယ့်ကို ဘယ်လိုခေါ်တယ်"

"သူပဲ ညီမဟုတ်ဘူးဆို"

"အင်း"

မို့အမေးကို မင်းည ခေါင်းညိတ်သည်။ သူ့အကြည့်ကိုတော့ လုပသည့် မို့မျက်နှာလေးဆီက မလွှဲ။





"ညီမဟုတ်ရင် ညပေါ့"

"ည"

မင်းည နှုတ်ဖျားက မို့ ခေါ်သလို လိုက်ဆိုကြည့်သည်။

"ဟုတ်တယ်လေ၊ မင်းညလို့ခေါ်တာ၊ ဘာလဲ ဒါလည်း မကြိုက်ပြန်ဘူးလား"

"ကြိုက်ပါတယ်"

"ဒါဆိုလည်း ပြီးရော"

မို့က မင်းညကို ညီလို့ ခေါ်ခွင့်မရတာကို စိတ်ကောက်ချင်နေမှန်း သိပေမယ့် မတတ်နိုင်။ ညီထက်စာရင် ကိုယ့်နာမည်ထဲက ညလို့ ခေါ်ခံရတာ တော်သေးသည်။

"ည"

ညဆိုသည့် မို့ခေါ်သံက မင်းညနားထဲမှာ ဆန်းနေသဖြင့် ပြန်မထူးဖြစ်ဘဲ မို့ကိုသာ ငေးခနဲကြည့်ဖြစ်သည်။

"ည"

"ပြော"

"ဘာမှမပြောဘူး၊ ညဆိုတဲ့နာမည်ကို မို့ဘာသာခေါ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တာ''

မင်းညှ နှုတ်ခမ်းအစုံ ချစ်စနိုးဖြင့် ပြုံးယောင်သမ်းသွားသည်။

''ည''

ခေါ်ပြန်ပြီ။

မင်းညှက မထူး။

''ည''

''ည''

ဒီတစ်ခါတော့ မင်းညှရော မှီပါ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပြုံးဖြစ်သွား၏။ တော်တော်အသည်းယားစရာကောင်းတဲ့ ကောင်မလေးပဲ။

မင်းညှနေရာမှာသာ မှီရဲ့ချစ်သူ ညီအစစ်ဖြစ်နေခဲ့လျှင် မှီ့ကို ဘယ်လောက်များ ချစ်မြတ်နိုးလိုက်မလဲ။

မှီ့ချစ်သူ ညီဆိုသည့် အတွေးရောက်လာသည်နှင့် မင်းညှ မျက်နှာချောချောပေါ်က အပြုံးတစ်ခဏအတွင်း လွင့်ပြယ်သွားသည်။





''ကိုယ်...အပြင်ခဏ သွားလိုက်ဦးမယ်''

''မှီရော မလိုက်ရဘူးလားဟင်''

''သရက်ကို သွားခေါ်လိုက်ဦးမယ်၊ မှီ ဒီမှာခဏနေခဲ့''

''ည''

လှမ်းလက်စ မင်းညှ ခြေအစုံ ရပ်တန့်သွား၏။ သူ့နောက်ကျောပြင်မှာ နူးညံ့အိထွေးသည့် အတွေ့နှင့် ချိုအီသော မွှေးရနံ့လေးတစ်ခု သူ့ကိုယ်ကြီးကို နောက်ဖက်မှ တင်းကြပ်စွာ သိုင်းဖက်ထားသည်။ မှီ့လက်ချောင်းလေးများကို ဖယ်ခွာရခက်စွာ သူဘာလုပ်ရမှန်းမသိဘဲ ငြိမ်သက်နေမိသည်။

''မှီ သိပါတယ် ညရယ်၊ မှီ့ကို ည မချစ်တော့ဘူးမဟုတ်လား''

''မှီ''

''မဟုတ်ဘူးလို့ ည မငြင်းနဲ့၊ ည အပြုအမူအတိုင်း၊ စကားလုံးတိုင်းက မှီ့အပေါ်မှာ ဘယ်လောက်သူစိမ်းဆန်နေတယ်၊ ဘယ်လောက် ခံစားချက်မဲ့နေတယ်ဆိုတာ မှီ သိတယ်''

ပြောရင်း ကိုယ်လေး သိမ့်သိမ့်တုန်အောင် ရှိုက်ငိုချလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာမို့ မင်းည အခက်တွေ့သွားသည်။

"ပြောစမ်းပါ ည၊ မှီနဲ့ညက သူစိမ်းတွေမို့လို့လား၊ သူစိမ်းတွေလားလို့"

မှီ့လက်လေးတွေက သူမဘက် လှည့်လာသည့် မင်းည ရင်ခွင်ကို လက်သီးဆုပ်လေးများအဖြစ် ပြောင်းလဲသွားကာ တဘုတ်ဘုတ်ထုသည်၊ ရိုက်သည်။

မျက်ရည်တွေနှင့် မှီက သိပ်လှသည်။ ချစ်သူ စိမ်းကားရက်စက်ခံရသူလေးအဖြစ် သူမကိုယ်သူမ မှတ်ထင်ယူဆနေချိန်မှာတောင် ဘာအခြယ်အသမှမရှိသော မှီ့အလှကို လိုက်မှီသူမရှိ။

"ည…သိပ်ရက်စက်တယ် သိလား"

"ည ရက်စက်တယ်"

မှီရယ်။

မချိတင်ကဲ ရှိုက်ငိုချလိုက်သူလေးက မင်းည ရင်ခွင်ထဲမှာ မင်းညကိုယ်ကို တင်းကြပ်စွာ ဖက်တွယ်လျက်။

"မှီ"

"ဟင့်အင်း…မှီ့ကို ည ဘာမှမပြောနဲ့၊ မှီ မကြားချင်ဘူး"





"မှီပဲ ချစ်တယ်ဆို"

မင်းညအသံက တိုးတိုးလေး။

မှီ့ထံမှ ဘာသံမှ ထွက်မလာ။

မင်းညရင်ခွင်မှာသာ ကလေးလေးတစ်ယောက်လို ငိုရှိုက်ရင်း မင်းညလက်မောင်းကို သူမ လက်သီးဆုပ်လေးဖြင့် မနာကျင်အောင် ထုသည်။ ရိုက်သည်။

"မှီချစ်တဲ့သူက ဘယ်သူလဲဆိုတာ ကိုယ်သိအောင် အရင်ပြောဦးလေ"

"မှီက ဘာပြောရမှာလဲ"

ရှိုက်သံရောထွေးနေသည့် မှီ့မျက်နှာလေးက မျက်ရည်တွေနှင့် မင်းညမျက်နှာကို ရင်ခွင်ထဲက ခပ်မော့မော့လေး ကြည့်ပြီး အမေးမှာ မှီ့မျက်နှာလှလှလေးကို ငုံ့မိုးစိုက်ကြည့်နေသော မင်းည မျက်ဝန်းလက်လက်များဖြင့် ဆုံပါသည်။

ဘယ်သူမှ အကြည့်ကို မလွှဲ။

"ညီနဲ့ည ဘယ်သူ့ကိုချစ်လဲ"

"အတူတူချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မရဘူး၊ တစ်ယောက်ထဲ ဖြေ"

"မှီချစ်တာ ညီလား ညလား"

"ည"

တိုးတိတ်သော မှီ့အဖြေစကားအဆုံးမှာ မင်းည ဘာမှ ပြန်မပြောနိုင်အောင် ဆွံ့အသွားသည်။

"ည"

"ဟင်"

"ည မေးတာကို မှီ ဖြေပြီးပြီနော်၊ ဒီတစ်ခါ မှီမေးတာကို ည ဖြေ၊ မှီ့ကို ည ချစ်လား"

"မှီ"

"မှီမေးတာပဲ ဖြေပါ ည"

မှီ့မျက်ဝန်းထဲကို မင်းည စိုက်ကြည့်လိုက်၏။ မှီ့ကို မေးတုန်းက သတ္တိရှိရှိ။ ခပ်ရဲရဲအထက်စီးက ခပ်ကျောကျော ကိုယ့်အလှည့် ပြန်အမေးခံရတော့ မှီ့အမေးကို မင်းည ပြန်မဖြေချင်တာ ယောကျ်ားတစ်ယောက်ရဲ့ အတ္တဖြစ်မည်ထင်သည်။

"မှီ့ကို ည ချစ်လား"





မှီ့အမေးကို ရုတ်တရက် မင်းည မဖြေနိုင်။ မျှော်လင့်ခြင်းဖြင့် ထက်သန်လင်းလက်နေသော မှီ့မျက်လုံးများကို ငေးကြည့်နေခိုက်...

"တူ...တူ...တူ"

အဆက်မပြတ် အော်မြည်လာသော မင်းညဖုန်းသံက မင်းည၏ အခက်အခဲကို ကူညီလိုက်သလို ဖြစ်သွားသည်။

"ခဏလေးနော် မှီ"

"ဟဲလို"

မင်းညရင်ခွင်ထဲက မှီ့ကိုယ်လေး အလိုက်တသိ ဖယ်ခွာသွားသည်။ တစ်ပြိုင်ထဲမှာပင် မှီက မင်းညနားမှာ မနေတော့ဘဲ ဆန့်ကျင်ဘက်ကို ကျောခိုင်းလျက် လျှောက်သွား၏။

ဖုန်းဆက်သူက တခြားမဟုတ်။

မင်းညအဘိုး ဦးနေမင်းဖြစ်သည်။

"ငါ့မြေး မလာသေးဘူးလားကွ"

"လာပါပြီ အဘိုး၊ အခုပဲ ရောက်တော့မှာပါ"

"အေး...အေး၊ မြေးချစ်သူနဲ့ မြေးသူငယ်ချင်းကိုခေါ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘိုးဆီ တစ်ခါတည်းလာခဲ့"

"ဗျာ"

"သတင်းတွေက အဘိုးဆီ အားလုံး ကြိုရောက်နေပြီကွ မြေးရ၊ ဟော ပြောရင်းဆိုရင်း မြေးမာမီနဲ့ဒက်ဒီ ကားဝင်လာပြီဟေ့၊ ဘာမှ မစိုးရိမ်နဲ့ကွ၊ ငါ့မြေးဘက်မှာ အဘိုးရှိတယ်၊ ရဲရဲသာလာခဲ့၊ ဒါပဲဟေ့"

"တီ"

အဘိုးက သူ ပြောချင်တာပြောပြီး တစ်ဖက်က ဖုန်းချသွားနိုင်ပေမယ့် အဘိုးကို ဘာတစ်ခုမှ ပြန်မပြောနိုင်စွာ လက်ထဲကဖုန်းကို ကိုင်လျက် ကျန်ခဲ့သူက မင်းညာ။

"ဟိတ်ကောင် မင်းညာ၊ အန်တီရှိလာက မင်းတို့ကို အိမ်ထဲလာခဲ့ဖို့ ခေါ်ခိုင်းလိုက်တယ်"

"အဘိုး သိသွားပြီကွ သရ"

"ဘာလဲကွ၊ အဘိုးက ဘာသိတာလဲ"

"ငါနဲ့အတူ မှီနဲ့မင်း ပါလာတဲ့အကြောင်း"

"ဟေ"





"အခု မာမီနဲ့ဒက်ဒီပါ ရောက်နေပြီ"

"ဟာ"

သရက မင်းညာကို မျက်လုံးအဝိုင်းသား၊ ပါးစပ်အဟောင်းသားနှင့်ကြည့်သည်။

"အခု မင်း ဘယ်လိုလုပ်မှာလဲ မင်းညာ"

"မသိဘူး"

တကယ်လည်း မင်းညာ ဘာလုပ်ရမှန်းမသိ။ မင်းညာနှင့် သရနားမှာ မှီမရှိတာ တော်သေးသည်။

"မင်းအဘိုး သိသွားပြီဆိုမှတော့ ဆက်ပြီး လိမ်ညာနေလို့လည်း အကျိုးထူးမယ်မထင်ဘူး၊ အခြေအနေတွေ ပိုရှုပ်ထွေးဖို့ပဲရှိတယ်"

"အခု အခြေအနေကရော ရှင်းနေလို့လား"

"အဲဒါကြောင့် အဖြစ်မှန်ကို ရှင်းပြလိုက်လို့ ပြောတာ"

မင်းညာ၏ ထူထဲသော မျက်ခုံးတို့ တွန့်ကုတ်စွာ ဘာကိုမှန်းမသိသော အလိုအကျခြင်းတွေနှင့် နှုတ်ခမ်းကို တင်းတင်းစေ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သရက အဖြစ်မှန်ကို ရှင်းပြဆိုပေမယ့် ပြဿနာက ထင်သလောက်မလွယ်။ မှီနဲ့မင်းည ဘာမှမပတ်သက်မှန်းသိလျှင် မှီ့ကို မင်းညနားမှာ ရအောင်ခွဲထုတ်ကြမှာ သေချာသည်။ မှီက မင်းညမရှိဘဲ နေမှာမဟုတ်။ နေလို့ရသည်ထားဦး မှီ့ကို ဖြစ်ချင်ရာဖြစ်ဆိုပြီး မင်းညကိုယ်တိုင် ပြစ်ထားရက်နိုင်သလားဆိုသည်ကလည်း စဉ်းစားစရာ။

"ဟိတ်ကောင် မင်းည"

"ဟင်"

"မင်း မှီရော"

"ခုနက ဒီနားမှာလေ"

"ငါ ကြည့်ပြီးပြီကွ မရှိဘူး၊ အိမ်ထဲများ ဝင်သွားသလား မသိဘူး"

"နေဦး၊ ငါ သွားကြည့်လိုက်မယ်"

သရ မင်းညနားက ထွက်သွားသည့်အချိန်အထိ မှီး ပတ်သက်ပြီး မင်းညကိုယ်တိုင် ဘာဆက်လုပ်ရမှန်း သေသေချာ ချာ ဝေခွဲမရသေး။ ရင်မောစိတ်ရှုပ်စွာ အဖြေရှာရခက်နေဆဲမှာ





ပင် သရ အူးယားဖားယားပုံစံနှင့် သူ့နား ပြန်ရောက်လာ၏။

"မင်းည မှီ မရှိတော့ဘူးကွ၊ အိမ်ထဲကို မလာဘူးတဲ့"

"ဟာ"

"ဒီမှာ မင်း နေခဲ့ဦး သရ၊ ငါ သူ့ကို လိုက်ရှာလိုက်ဦးမယ်"

"ကောင်မလေးက သိပ်လှတော့ မလွယ်ဘူးနော် မင်းည၊ တခြားကောင်တွေလက်ထဲ ရောက်သွားရင်"

သရကို မင်းည ဘာမှ ပြန်မပြောနိုင်ဘဲ ကားပေါ် အပြေးတက်၍ နေရာက ခပ်ပြင်းပြင်း မောင်းထွက်ခဲ့သည်။ သရ ပြောသလို မှီ သိပ်လှတာကို ဝန်ခံပါသည်။ ပြီးတော့ မင်းည မဟုတ်တဲ့ တခြားကောင် တစ်ကောင်စီကိုသာ ဒီလိုပုံစံမျိုးနဲ့ ရောက်သွားလို့ကတော့ မင်းည ရှေ့ဆက်မတွေးရဲအောင် ဖြစ်သွားသည်။

"ယော...ဟိုမှာ"

အဖြူရောင်အရိပ်ကလေးကိုမြင်မှ မင်းညရင်ထဲက အပူလုံးကြီး ဝုန်းခနဲ ပြုတ်ကျသွားသည်။

"ကျွီး"



www.burmeseclassic.com

www.burmeseclassic.com



ကားကို မှီ့နားမှာ တအားဆောင့်ရပ်လိုက်တော့ မှီက သူ့ကို လှည့်ကြည့်သည်။

''မှီ''

''ဟင်''

မှီ့မျက်ဝန်းမှာ မျက်ရည်တွေနဲ့ပါလား။ ဝမ်းနည်းခြင်းတွေနဲ့ ကြေကြေကွဲကွဲ။ မင်းညကို တုံ့ပြန်မော့ကြည့်နေသည့် မှီ့မျက်ဝန်းလေးတွေက အားငယ်စိုးထိတ်ခြင်းတွေနှင့်။

ကားပေါ်ကဆင်းပြီး မှီ့ရှေ့မှာ မင်းည ရပ်လိုက်တော့ မှီက မင်းညကို ကျော့ပတ်ရှောင်ထွက်ဖို့ကြိုးစားသည်။

''မှီ''

မင်းညခေါ်ပေမယ့် မှီက မထူး။ လှည့်လည်းမကြည့်။

''မင်း ဘယ်ကို သွားမလို့လဲ မှီ''

''မှီ့ကို ဂရုမစိုက်ပါနဲ့''

''ဘာ''

''မင်း ကိုယ့်ကို ဘာပြောလိုက်တယ်''

ခံပြင်းဒေါသနှင့် မင်းည မှီ့ရှေ့ကို မားခနဲ ရောက်လာ





ပြီး မှီ့ပခုံးနှစ်ဘက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ပစ်လိုက်သည်။

မင်းညမှာတော့ မှီ မရှိတော့ဘူး။ ပျောက်သွားပြီဆိုတာနဲ့ ရင်ထဲ မီးလို ပူလိုက်ရတာ။ မှီကတော့ မင်းညလိုမဟုတ်။ သူမကို ဂရုမစိုက်ပါနဲ့လို့တောင် ခပ်တင်းတင်းပြန်ပြောလိုက်သေးသည်။

''မှီ့ကို ည ဂရုမစိုက်နဲ့လို့ပြောတာ''

''မှီ မင်း''

''မှီ့ကြောင့် ည စိတ်ဆင်းရဲနေတာ မဟုတ်လား၊ ဒါကြောင့် မှီ့ကို တခြားတစ်ယောက်နဲ့ ထားခဲ့မယ့်အတူတူ ည လက်မခံချင်တဲ့ မှီက အရင်ထွက်လာခဲ့တာ''

ပြောရင်း ပါးပေါ် ပိုးပိုးပေါက်ပေါက်ကျလာသည့် မျက်ရည်တွေကို မှီ့လက်ခုံဖြူဖြူလေးတွေနှင့် ပွတ်သုတ်နေပုံက တုန့်တုန့်ရီရီ။ မင်းညကို မှီ အထင်လွဲနေသည့်အဖြစ်ကို သူ ဘယ်လို ရှင်းပြရမှန်းမသိ။

''မင်း စိတ်ထင်ရာတွေ လျှောက်မတွေးပဲ စမ်းနဲ့ မှီ၊ တော်ကြာ မင်းပဲ ဒုက္ခရောက်လိမ့်မယ်''

''အဲဒီတော့ ည ဝမ်းသာပေါ့''



www.burmeseclassic.com

www.burmeseclassic.com

"ဘာပြောတယ်"

"ညကမှ မို့ကို မချစ်တော့တဲ့အတူတူ မို ဒုက္ခရောက်ရလဲ"

"တော်စမ်း မို့၊ မင်းကို ကိုယ် မချစ်ဘူးလို့ ဘယ်သူက ပြောနေလို့လဲ"

"ည"

"ဟင်"

"မို့ကို ချစ်တယ်နော်"

မင်းည ရင်ခွင်ထဲက လှပစွာ ပင့်မော့လာသော မျက်နှာလေးကို ငုံ့အကြည့်မှာ မင်းညရင်တစ်ခုလုံး သိမ့်ခနဲလှုပ်ခတ် နွေးထွေးသွားသည်။ မို့ကို သူ ချစ်မိပြီလား။ ထိုအဖြေကို မင်းည ကိုယ်တိုင် မသိ။

သို့သော် လှပနွေးထွေးသော မျက်နှာလှလှလေးရှိရာသို့ မင်းညမျက်နှာချောချောက ညင်သာနူးညံ့စွာ အုပ်မိုးအပ်ကျသွားသဖြင့် မို့ထံမှ ရှက်လန့်စွာ အသံတိုးတိုးလေး ထွက်လာပါသည်။

"ည...အိုကွယ်"



တင်းကြပ်စွာ နှောင်ဖွဲ့မှုအောက်မှာ မို့တစ်ကိုယ်လုံး နှမ်းကြပ်လိုက်ဖို့စွာ ရင်သိမ့်သိမ့်ခုန်သွားသည်။ ချစ်သူကို မို အပြစ်မတင်ပါ။ အရှက်သည်းမွှန်သော မျက်နှာလှလှလေး အနီးသွေးရောင်ရင့်ရင့် ပြောင်းလဲသွားပုံကိုသာ မင်းညရင်မှာ သိသာစွာ တုန်လှုပ်သွား၏။

"မို့ကို ကိုယ် မချစ်ဘူးလို့ ပြောဦးမှာလား မို"

"ဟင့်အင်း"

"ညရယ်"

ဒုတိယအကြိမ် မို့နှုတ်ခမ်းလေးတွေ နွေးထွေးသွားသည်။ ဒါသည်ပင် မင်းည၏ အဖြေဖြစ်သည်။

"နောက်တစ်ခါ ကိုယ့်ကို အသိမပေးဘဲ မင်းသဘောနဲ့ မင်း ထင်ရာလုပ်ဦးမှာလား မို"

"ည ချစ်နေသ၍တော့ ညနားမှာ မို ရှိနေမှာပါညရယ်"

မင်းည ဘာမှမပြောနိုင်တော့။ နူးညံ့အိထွေးသော မို့ လက်လေးတစ်ဖက်ကို တင်းကြပ်စွာ ဆွဲယူလိုက်၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"မို ကြောက်တယ် ညာ၊ ညမိဘတွေကို တွေ့ရမှာ မို မျက်နှာလည်းပူတယ်၊ အားလည်းနာတယ်၊ ကားထဲမှာပဲ မို နေခဲ့ လို့ရမလားဟင်"

မင်းည ဒက်ဒီနှင့်မာမီကို တွေ့ရမည်ဆိုတာနှင့် မို့မျက်နှာလေးက မကောင်းတော့ပါ။ အခုတော့ မို့နှုတ်ဖျားက အတိအကျ စကားဆိုလာရုံမက မိုပါ မင်းညကားထဲမှာ နေခဲ့မည် ဆိုတော့ မို့အပြုအမူ စကားလုံးတွေက မို့အကြောင်းသိချင်သည့် မင်းညစိတ်ကို ပို၍ အုံကြွလာစေသည်။

"ဘာဖြစ်လို့ မိုက ကိုယ့်မိဘတွေကို မတွေ့ချင်ရတာလဲ"

"ည မသိဘူးလား၊ မာမီက ညနဲ့မို့ကို လုံးဝသဘောတူ





နိုင်ပါဘူးဆိုပြီး ညမိဘတွေကို"

မို့စကား တစ်ဝက်တစ်ပျက်နှင့် ရပ်တန့်သွားကာ မင်းည ချက်နှာကို မျက်ရည်နှင့်ကြည့်နေသော မျက်ဝန်းများဖြင့် စိတ်ထိခိုက် သလို မော့ကြည့်သည်။

"ဆက်ပြော ည မိဘတွေကို ဘာဖြစ်လဲ"

"မာမီက ည၊ ည မိဘတွေကို သူကိုယ်တိုင် ငွေတွေ အများကြီး သွားပေးခဲ့တာ ညသိပြီး မို့ကို ညက လုံးဝအတွေ့ မခံဘဲ အဆက်ဖြတ်ပစ်တာလေ'

နောက်ဆုံး စကားလုံးက ရှိုက်သံနှင့် ရောထွေးလျက် တိုးတိတ်တုန်ရီနေသည်။ ညီနှင့်မို့တို့ကြားမှာ ဒီလိုအဖြစ်မျိုးရှိခဲ့ တာကိုးဟု မင်းည သိလိုက်ရတော့ ဘယ်နေရာကမှန်းမသိ နာကျင် လာတာက မို့အတွက်လား။ ညီ့အတွက်လား။

"မိုလေ ညကို မတွေ့ရတော့ဘူးဆိုပြီး နေ့တိုင်းငိုတာ၊ ဘာမှလည်း မစားဘူး၊ နောက်ဆုံး မို ဆေးရုံမှာ လုံးဝသတိမေ့ နေတော့မှ ညက မို့ကို ပြန်လာခေါ်တာ"

"အဲဒီတုန်းက ညရင်ထဲ မာမီကြောင့် တော်တော်ခံစား



www.burmeseclassic.com

www.burmeseclassic.com



သွားရမှာပဲနော်၊ ညမိဘတွေကို မှီ အခုချိန်ထိ မမြင်ဘူးပေမယ့် မာမီ့ကိစ္စအတွက် အခုချိန်ထိ မှီ အားနာနေတုန်းပဲ”

မှီနဲ့ညီ။

မင်းညနဲ့ လုံးဝ မသက်ဆိုင်သော ချစ်သူနှစ်ယောက်၏ ဝမ်းနည်းနာကျင်မှုတွေ ပြည့်လျှမ်းနေသည့် အချစ်ဇာတ်လမ်းလေးတစ်ပုဒ်။ မင်းညဆိုသည့်သူနှင့်မှ ထူးခြားဆန်းကြယ်စွာ လာရောက်တိုက်ဆိုင်နေသည်။

လှပသော မှီ့မျက်နှာလေးကို မင်းည အကြာကြီးငေးကြည့်နေမိသည်။ မင်းညနှလုံးသားမှာ အချစ်ဆိုသည့်အရာ ဘယ်သောအခါမှ ရှိလာလိမ့်မည်ဟု ထင်မထားခဲ့သူက မင်းညကို သူ့ချစ်သူနှင့် လူချင်းမှားနေသော မှီဆိုသည့် ချစ်သူရှိပြီး မိန်းကလေးကိုမှ ချစ်မြတ်နိုးခြင်းများစွာနှင့် မင်းည ချစ်ခဲ့မိပါသည်ဟုဆိုလျှင်။

“ည”

“ဟင်”

“မှီ့ကို မုန်းသွားပြီလား”





“မုန်းချင်သားပဲ”

“အို”

“ဒါပေမယ့် မုန်းလို့မရဘူး”

“ညရယ်”

“မှီလေ ည မုန်းသွားမှာကို အကြောက်ဆုံးပဲသိလား”

မှီ့စကားကို မင်းည ယုံပါသည်။

ပြီးတော့ ညီဆိုသည့် မှီ့ချစ်သူ၏ ကံကောင်းခြင်းကို နားလိုချင်စရာကောင်းအောင် အားကျမိသည်။ ညီဆိုတဲ့ မှီ့ချစ်သူကို မှီ အဲ့ဒီလောက်တောင် ချစ်ခဲ့၊ မြတ်နိုးခဲ့ပါလားဆိုတာ သိလိုက်ရ၍ပါ။

“လာ မှီ သွားကြမယ်”

“ဘယ်ကိုလဲဟင်”

“ကိုယ့်မိသားစုရှိတဲ့ နေရာကိုပေါ့”

“ည”

တွန့်ဆုတ်တွေဝေနေသော မှီ့လက်ကလေးကို ခပ်တင်းတင်းဆွဲကိုင်ပြီး ကားပေါ် လှမ်းအတက်မှာ မင်းညအရင်



www.burmeseclassic.com

www.burmeseclassic.com

ကြိုရောက်နေသော သရက မင်းညကို မျက်ခုံးတွန့်ကြည့်သည်။

"မင်းတော့ သိပ်မဟုတ်သေးဘူးနော် မင်းည၊ ငါတော့ မင်းအခြေအနေကို သိပ်သဘောမကျဘူး"

"ညက ဘာဖြစ်နေလို့လဲဟင် ကိုသရ"

"ဒီကောင်က ဒါ မကောင်းတော့ဘူး မို"

"ရှင် ည"

"သရက မို့ကို စတာပါ၊ ဘာမှမဟုတ်ဘူး"

"ငါ တကယ်ပြောနေတာ မင်းည"

"မင်းပါးစပ်ကြီးကို ပိတ်ထားစမ်းပါ သရရာ"

ကားက လမ်းအတိုင်း တရိပ်ရိပ်ပြေးနေပေမယ့် သရပြောသလို မင်းညလည်း ရူးချင်နေသည်။ မာမီနှင့် ဒက်ဒီရှေ့မှာ မို့ကို ဘယ်လို ပွဲထုတ်ပြီး မိတ်ဆက်ပေးရမှန်းမသိ၍ပါ။ အဘိုးကတော့ မို့နဲ့မင်းညကို ချစ်သူတွေအဖြစ် အတိအကျ သတ်မှတ်ထားသည်။

မင်းည ဘယ်လို ဖြေရှင်းပြပြ ရမည်မဟုတ်။ ယုံချင်စရာလည်းမရှိ။

မို့က မင်းညအနားမှာ အရိပ်လေးလို ရှိနေတော့ ပိုဆိုးမည်။ သရကိုယ်တိုင် မင်းညနှင့်မို့ကို တစ်လှည့်စီကြည့် မင်းညကိုယ်စား စိတ်ရှုပ်နေမှန်း မင်းညသိသည်။

အဘိုး၏ နေကမ္ဘာခြံကြီးထဲ မင်းညကားကို ချိုးကွေ့အဝင်မှာ ခြံထဲမှာ စားပွဲတစ်ခုဖြင့် ဝိုင်းဖွဲ့နေသော အဘိုးနှင့် ဒက်ဒီ မာမီတို့ လက်လှမ်းပြကြသည်။

မင်းညက သူ့ကားကို ဒက်ဒီ့ကားနောက်မှာ ရပ်လိုက်သည်။

"ဆင်းလေ မို"

"ဟင့်အင်း မို့ကိုတွေ့ရင် ညဖေဖေနဲ့မေမေ စိတ်ဆိုးကြလိမ့်မယ်"

"မို့မှာ ဘာအပြစ်မှ မရှိမှန်း ကိုယ်သိသလို ကိုယ့်မိဘတွေလည်း သိပြီးသားပါ၊ လာ ကိုယ်နဲ့လိုက်ခဲ့"

"ဟင့်အင်း"

တုန့်ဆိုင်းတွေဝေနေသော မို့ပုံစံလေးက မင်းညနှင့်တုန်းကလို မသွက်လက်တော့ပါ။ မို့လက်ကလေးတစ်ဖက်က မင်းညလက်ကို လာအထိမှာ အေးစက်သည့် အတွေ့ကြောင့် မင်းည





www.burmeseclassic.com

www.burmeseclassic.com



အံ့ဩသွားသည်။

"ကြည့်စမ်း မှီ့လက်လေးတွေ အေးစက်လို့ပါလား။ သိပ်ကြောက်နေလား မှီ"

"အင်"

ကလေးတစ်ယောက်လို ခေါင်းလေးညိတ်ရင်း မှီက မင်းညမျက်နှာကို အားကိုးရာတစ်ခုလို မော့ကြည့်သည်။

"မှီ့နားမှာပဲ နေနော် ည"

"အင်း"

မှီ့လက်လေးကို တင်းကြပ်စွာ ဆုပ်ကိုင်လျက် မင်းည ခေါင်းကိုညိတ်သည်။ သရ မှီနဲ့မင်းညကိုကြည့်ပြီး သက်ပြင်းချ သည်။ အားလုံးအကြည့်တွေက မင်းညနှင့်မှီ့ထံမှာ စုပြုံရောက်နေ၏။

" ကျွန်တော် နည်းနည်းနောက်ကျသွားတယ် အဘိုး"

"ရှီလာ ဖုန်းဆက်လို့ သိပြီးပါပြီကွ၊ သူတို့အိမ်ဝင်ပြီး ဘာအနှောင့်အယှက် ဝင်ပေးတာလဲ၊ ကေနွ မင်းက အဘိုးမသိ ဘူးထင်လို့ အဘိုးမြေးမလေးကို သွားဖွက်တာမဟုတ်လား"





"ဟား ဟား ဟား"

အဘိုးပြောတာမှန်နေ၍ သံဝါကြီးနှင့် အားပါးတရ ရယ်မောလိုက်သော အဘိုးနှင့်အတူ မင်းည မျက်နှာပူပူနှင့် ပြုံးလိုက်ရသည်။ အဘိုးက မင်းည စိတ်အကြံအစည်ကို ကြိုသိ နေ၍ပါ။

"သူလေးက ဘယ်သူလဲ သား"

မာမီက မင်းညလက်ကို မလွှတ်တမ်းဆုပ်ကိုင်ထားသော မှီ့မျက်နှာလှလှလေးကို စိတ်ဝင်တစားကြည့်ရင်း တအံ့တဩ မေးပါသည်။

မိန်းကလေးကိစ္စနှင့်ပတ်သက်ပြီး မင်းည အဘယ်မျှ ကင်းရှင်းပြတ်သားစွာ နေတတ်တာကို သိထား၍လည်း အံ့ဩနေ မှန်း မင်းည သိပါသည်။

မင်းည၏ အဖြေစကားကို မာမီအပါအဝင် အဘိုး၊ ဒက်ဒီနှင့် သရကိုယ်တိုင် စိတ်ဝင်စားနေကြသည်။

"သူ့နာမည် မှီတဲ့ မာမီ၊ အဘိုးမြေးနေ့ကို ကျွန်တော်နဲ့ အတူ လိုက်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးက သားသူငယ်ချင်းလား"

"အေး မိုက ငါ့မြေးရဲ့ချစ်သူ၊ ငါ့မြေးမလေး၊ ကဲ ရှင်းပြီလား"

"အဘိုး"

"ဘာမှ စိတ်ပူမနေနဲ့ မြေး၊ မြေး ဒက်ဒီနဲ့မာမီက မကြာခင် မြေးချီကြရတော့မယ်ဆိုတဲ့အကြောင်း သိထားမှ နောက်ကို ဆင်ခြင်နိုင်မှာ"

"သားဖြစ်သူက မိန်းမယူလို့ ကလေးရတော့မယ်၊ အဘိုးအဘွားလုပ်မယ့်သူတွေက အခုထိ ရန် ခဏခဏဖြစ်နေတုန်း"

"နောက်ကို ရန်မဖြစ်ကြနဲ့၊ မြေးချီဖို့ အခုထဲက အရင်လိုစိတ်တွေကို ပြင်ကြ၊ ဒါပဲ ပြောချင်တယ်"

အဘိုးစကားကြောင့် မာမီက ဒက်ဒီ့မျက်နှာကို လှမ်းကြည့်သည်။ ဒက်ဒီ့မျက်နှာက ခပ်ပြုံးပြုံး။ မင်းညနှင့် မို့ကို သဘောကျစွာ ကြည့်နေသည်။

"ဒက်ဒီ့သားက ဒက်ဒီလိုပဲ လူချေးတော်တယ်ဟေ့ချေးမအချောအလှလေးရလို့ ဒက်ဒီ့ကိုတော့ လူတွေက မနာလိုခဲကြဦးမှာပဲ"



ပြောပြီး ဒက်ဒီက သူ့စကားသူ သဘောကျစွာရယ်သဖြင့် မာမီက ဒက်ဒီကို ချစ်မျက်စောင်းဆုကို ပေးပါသည်။

"သမီးလေးက သိပ်ကိုလှတာပဲကွယ်၊ သားနဲ့သမီးချစ်သူတွေဖြစ်နေကြတာ သမီးအိမ်ကရော သိပြီးပြီလား"

မာမီ့အမေးစကားအဆုံးမှာ မို့က မာမီ့မျက်နှာကိုအလန့်တကြားလေး မော့ကြည့်သည်။ ပြီးမှ မဝံ့မရဲအသံလေးနှင့်။

"ဟို အန်တီတို့ကို မို့ တောင်းပန်ပါတယ်"

"ဘာကို တောင်းပန်တာလဲ သမီးရဲ့"

"မို့ကို ညနဲ့ သဘောမတူတဲ့အတွက်"

"ဘာရယ်၊ ဘာပြောလိုက်တယ် မို့၊ အန်တီတို့သားကို မို့မာမီက သဘောမတူဘူးဟုတ်လား"

"ဟို မို့က ညကိုချစ်လို့"

"သား ရှင်းပြပါရစေ မာမီ"

"နေဦး သား၊ ဒီကိစ္စမှာ သား ဘာမှဝင်မပြောနဲ့၊ မာမီ

www.burmeseclassic.com

www.burmeseclassic.com



မေးတာကို မို့ဘာသာပဲ ဖြေပါစေ''

''မာမီသားလို လူတစ်ယောက်ကို မို့မာမီက သဘော မတူဘူးဆိုတဲ့စကားကို မာမီက ဘာမှမဖြစ်သလို ပြုံးပြုံးလေး လက်ပိုက်နားထောင်နေရမှာလား''

''ပြောပါဦး မို၊ မို့မာမီက အန်တီ့သားကို ဘာလို့ မို့နဲ့ လုံးဝသဘောမတူနိုင်ရတာလဲ''

သွားပြီဟု သိလိုက်သည်။

မို့ထံမှ အဖြေစကားတစ်ခွန်းက မင်းည မာမို့မာနနှင့် အတ္တကို တည့်တည့်ကြီးသွားထိပြီမို့ မိုနဲ့မာမီကြား မင်းည ဘယ်ဘက်မှ ဝင်ပါလို့မရဘဲ ဖြစ်သွားသည်။

မာမို့လိုပဲ မို့ထံက အဖြေစကားကို အဘိုးနှင့်ဒက်ဒီက ပါ စိတ်ဝင်စားခြင်းကြီးစွာ နားစွင့်နေကြသည်။ နေကမ္ဘာ မင်းကမ္ဘာဆိုတာ စီးပွားရေးလောကမှာ နာမည်ကြီး။ အရှိန်အဝ ကြီးကြသူတွေ။

ဒီလို ကြီးကျယ်ခမ်းနားသည့် ဂုဏ်သတင်းတွေနှင့် သူဌေး လောကမှာ မိန့်မိန့်ကြီး နေရာယူထားသူတွေရဲ့ တစ်ဦးတည်းသော





အမွေဆက်ခံမည့်သူ မင်းညလိုလူနှင့်မှ မို့မိဘတွေက လုံးဝသဘော မတူနိုင်ပါဆိုတော့ အားလုံးရင်မှာ ကိုယ်စီ အံ့ဩထူးဆန်းမှုတွေနှင့် မင်းညနားက မို့ကို ပို၍ စိတ်ဝင်စားကြသည်မှာ ဘာမှမဆန်း။

ဆန်းနေတာက မို့နှင့်မင်းညတို့ကြားက အဖြစ်တွေဆိုတာ ဘယ်သူမှမသိ။

''မဟုတ်ဘူး မာမီ၊ မို့နဲ့ ကျွန်တော်က မာမီတို့ထင် သလို''

''ည''

''နေဦး၊ ဘာမှမပြောနဲ့၊ ကိုယ်ပဲ ပြောမယ်''

''ဟင့်အင်း မို့မာမီကြောင့် အန်တီတို့ မို့ကို ဘယ်လောက် စိတ်ဆိုးဒေါသဖြစ်မယ်ဆိုတာ မို သိပါတယ် ည၊ ညကလည်း ဒက်ဒီကိစ္စနဲ့ပက်သက်ပြီး အခုချိန်ထိ မို့ကို စိတ်ဆိုးနေတုန်းပဲမဟုတ် လား''

ပြောရင်း မို့အသံတိုးတိုးလေးက တုန်ရီစို့နစ်လာကာ မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်လာတာကို အားလုံးမြင်နေရသည်။

''မို့ဘဝမှာ ည မရှိလို့မဖြစ်ပါဘူး အန်တီ၊ ညကို မို့

www.burmeseclassic.com

www.burmeseclassic.com



သိပ်ချစ်ပါတယ်၊ ညနဲ့လည်း မခွဲနိုင်ပါဘူး၊ ဒါကြောင့် မှီ့သဘော နဲ့မှီ ညရှိတဲ့နေရာကို တိတ်တိတ်လေး ထွက်လာခဲ့တာပါ''

''မှီ''

''သား''

မင်းညအသံနှင့် မာမီ့အသံက တစ်ထပ်တည်း။ တစ်ယောက်မျက်နှာကို တစ်ယောက် ပြိုင်တူကြည့်လိုက်မိသည်၊ မှီကတော့ နောက်ထပ် ဘာမှပြောစရာ မကျန်တော့သလို မျက်နှာ လှလှလေးကို လက်ဖဝါးနှစ်ဖက်နှင့် အုပ်ကွယ်လျက် ကိုယ်လေး သိမ့်သိမ့်တုန်အောင် ရှိုက်ငိုနေပါသည်။

''မငိုနဲ့လေ မှီ''

''ည…ညရယ်''

ကလေးတစ်ယောက်လို မင်းညလက်မောင်းတစ်ဖက်ပေါ် မှီက သူမမျက်နှာလေးထိုးအပ်ပြီး ငိုနေသည့် မှီ့ကို မင်းည ဘာဆက် ပြောရမှန်းမသိ ဖြစ်သွား၏။

''ဘယ်လိုတွေလဲ သားရယ်''

''နောက်မှ အကြောင်းစုံ သား ရှင်းပြပါရစေ မာမီ''





''ဘာရှင်းပြစရာလိုလဲ မြေးရဲ့၊ အခုပဲ ကလေးမလေးက အဘိုးမြေးကိုချစ်လို့ သူ့မိဘတွေ သဘောမတူတဲ့ကြားက ခွတ် ပြေးလာခဲ့ပြီပဲ''

''ဒီအခြေအနေရောက်မှ လက်ထပ်ရုံရှိတာပေါ့၊ သွား သွား ကလေးမလေး ဝမ်းနည်းနေတယ်၊ မြေးအခန်းကိုခေါ်သွား ပြီး ချော့လိုက်ဦး''

''လာ မှီ''

''တအားကြီး မငိုနဲ့တော့လေ''

''ကျွန်တော်တို့ကို ခွင့်ပြုပါဦး မာမီ''

မာမီက မင်းညနှင့်မှီကိုကြည့်ပြီး ခေါင်းညိတ်လိုက်တော့ ချက်နှာက သိပ်မကြည်ပါ။ သရက ယောင်တောင်တောင်နှင့် မင်းညတို့နောက်ကိုလိုက်ဖို့ ခြေလှမ်းအပြင်

''မင်း နေခဲ့ဦး သရ''

''ဟုတ်ကဲ့ အန်တီ''

မင်းည မာမီ့စကားကြောင့် သရ လှုကြီးဝိုင်းမှာ ခေသွေး ပုံလျက် ရပ်ကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းသူငယ်ချင်းကိစ္စက ဘယ်လိုဖြစ်တာလဲ သရ အန်တီတော့ ဘာမှကို နားမလည်နိုင်တော့ဘူး"

"ကျွန်တော်လည်း သူတို့ကိစ္စ သေချာမသိပါဘူးအန်တီ၊ မင်းညက အဖော်လိုက်ခဲ့ဦးဆိုတာနဲ့ လိုက်လာတာပါ"

"မို့မိဘတွေက ဘယ်သူတွေလဲ"

"ကျွန်တော် တကယ်မသိတာပါ အန်တီ"

သရအဖြေကို မင်းညမာမီ ဒေါ်မမက သဘောမကျသလို သရကိုကြည့်သည်။ သရလည်း မတတ်နိုင်။ မို့နဲ့ပတ်သက်ပြီး သူငယ်ချင်းနှစ်ယောက်စလုံး အခုချိန်ထိ ဘာဆိုဘာမှ အတိအကျ သိတာမရှိ။

မို့ကိုမေးတော့လည်း ဘာအဖြေမှ တိတိကျကျမရှိ။ မို့ ပြောနေတာက ညီဆိုသည့် သူမချစ်သူအကြောင်း။ မို့ စိတ်ဝင်စားနေတာက သူမချစ်သူ ညီအဖြစ် သိထားသည့် မင်းညကလွဲ၍ တခြား ဘာဆိုဘာမှ စိတ်မဝင်စား။

"ဘယ်လိုလုပ်ကြမလဲ ကိုမင်း"

"ကိုယ့်သားက ချစ်လို့၊ မခွဲနိုင်လို့ပဲ အိမ်ကိုတောင် ခေါ်





သားပြီးမှတော့ လက်ထပ်ပေးလိုက်ကြရုံပေါ့ မရာ"

ဦးသက်မင်းအဖြေကို ဒေါ်မမ သိပ်သဘောမကျပါ။ လွယ်ကူပေါ့ပါးလွန်းသလို ထင်မိသည်။

"ကိုယ့်သားတစ်ယောက်လုံးကို မိန်းကလေးရှင်ဘက်က လုံးဝသဘောမတူနိုင်ပါဘူးလို့ ပြောထားတာကို မင်းမကြားဘူးလား"

မိခင်တစ်ယောက်၏ အတွေးနှင့် ဒေါ်မမ တစ်ဖက်က မမြင်မတွေ့ဖူးသော သမီးရှင်အပေါ် မကျေမနပ်ဖြစ်နေတာကို မင်းညအဘိုး ဦးနေမင်းရော၊ မင်းညဒက်ဒီ ဦးသက်မင်းပါ ကိုယ်စီ ခံစားနားလည်နိုင်ကြပါသည်။

"သူတို့ သဘောမတူလည်း မင်းချွေးမက အိမ်ပေါ် ရောက်နေပြီလေ၊ ဒီတော့လည်း မိဘတို့ဝတ္တရားရှိသည့်အတိုင်း ပေါ့"

"မမတော့ မကျေနပ်ပါဘူး၊ မမသားနဲ့ သဘောမတူဘူး ပြောရအောင် သူတို့က ဘာတွေမို့လို့လဲ"

"သိချင်ရင် မင်းသားကို မေးကြည့်ကွ၊ ကိုယ်တို့သားနဲ့



www.burmeseclassic.com

www.burmeseclassic.com



တောင် လုံးဝသဘောမတူနိုင်ပါဘူးဆိုတော့ ကိုယ်လည်း တစ်ဖက်က သမီးရှင်ကို စိတ်ဝင်စားတယ်''

''အရေးကြီးတာက မင်းတို့သား ငါ့မြေးလေး စိတ်ချမ်းသာဖို့ပါကွာ၊ တခြား ဘာတွမှ လိုက်တွက်မနေနဲ့၊ သူတို့ချင်းမြတ်မြတ်နိုးနိုးရှိနေတာ မင်းတို့အမြင်ပဲ''

''ငါ့မြေးပျော်ရင် ငါလည်းပျော်တယ်၊ ဘာကိစ္စနဲ့မှ ငါ့မြေးကို စိတ်မဆင်းရဲစေကြနဲ့''

ဦးနေမင်းက ရှင်းသည်။ ပြတ်သည်။ သူ့မြေးချစ်လေး စိတ်ချမ်းသာပျော်ရွှင်တာကိုပဲ မြင်ချင်တွေ့ချင်သည်။ တခြားဘာကိုမှ မစဉ်းစား။ ဆင်းရဲချမ်းသာ စိတ်မဝင်စား။ နေကမ္ဘာရဲ့ တစ်ဦးတည်းသော မျိုးဆက်က မင်းညတစ်ယောက်တည်း။ ကျန်ရစ်မည့် အမွေပစ္စည်းတွေဆိုတာ မင်းည ဆယ်သက်စားမကုန်နိုင်။

''ညကမ္ဘာမှာ သူရောက်တာ ကြာပြီလား''

''ညကမ္ဘာကို မင်းည စရောက်တဲ့နေ့ထဲက သူတို့ အတူတူရှိနေတာပါ အန်တီ''





ဦးသက်မင်းနှင့်ဒေါ်မမ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"သားတို့ဆန္ဒ ဘယ်လိုလဲ၊ သူများသားသမီးကို ဒီအတိုင်း ခေါ်ထားဖို့ဆိုတာ ဘယ်လိုမှ မဖြစ်သင့်ဘူးလေ၊ သမီးကို သူ့မိဘတွေအိမ် ပြန်အပ်မှဖြစ်မှာပေါ့"

"မှီ ဒီမှာပဲ နေပါရစေ အန်တီ၊ မှီ့ကို ဘယ်ကိုမှ ပြန်မပို့ပါနဲ့၊ မှီ ညအနားက ဘယ်ကိုမှ မသွားပါရစေနဲ့နော်"

ငိုသံစွက်နေသည့် မှီ့အသံက တုန်တုန်ရီရီ။ မင်းညလက်တစ်ဖက်ကို မလွှတ်တမ်း ဆွဲကိုင်ထားပုံက အခုပဲ မှီ့နားက မင်းည ထွက်ပြေးပျောက်ကွယ်တော့မယ့်အတိုင်းဆိုတော့ မှီ့ကိုကြည့်ပြီး ဒေါ်မမက စိတ်ရှုပ်ထွေးသည့် အမူအရာနှင့် သားမျက်နှာချောချောကို လှမ်းကြည့်သည်။





"ည မှီ့ကို ဘယ်မှ ပြန်မပို့ပါနဲ့နော်"

"မဟုတ်သေးဘူးလေ သမီး၊ အန်တီတို့က သားရှင်ဆိုတော့ အန်တီတို့မှာ တာဝန်ကရှိနေပြီ၊ သမီးမိဘတွေဆီကို"

"ဟင့်အင်း ဟင့်အင်း၊ မာမီတို့က မှီ့နဲ့ညကို ခွဲကြမှာ၊ မှီ သိတယ်၊ မှီ ညကို မခွဲနိုင်ဘူး၊ မခွဲပါရစေနဲ့ရှင်"

"ည မရှိပဲ မှီ မနေနိုင်လို့ပါ"

"နောက်တစ်ခါ ညကို မှီ ဆုံးရှုံးရရင် မှီ သေရပါလိမ့်မယ် အန်တီရယ်"

"မှီ့ကို သနားပါ ညရယ်၊ မှီ့ကို သနားပါ"

"အဟင့် ဟင့် ဟင့်"

ပြောရင်း မှီက အင့်ခနဲ ငိုချသဖြင့် သားအမိ နှစ်ယောက်ခတိုင်ပင်ဘဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။ ဒေါ်မမအကြည့်က သားဖြစ်သူကို ဘယ်လိုလဲဆိုသည့် သဘောဖြစ်သမယ့် မင်းညအကြည့်တွေကတော့ မှီနှင့် သူ့အကြောင်းကို အဖြစ်မှန်တိုင်း ဖွင့်ချရန် သင့်မသင့်ဖြစ်သည်။

ထိုအကြောင်းအရင်းထဲမှာ မှီက အစိက ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်။ မင်းညနှင့် လူကြီးချင်း သဘောတူထားသည့် ခရစ္စတယ်က အဓိကဖြစ်နေသည်။ အခုလက်ရှိအနေအထားမှာ မှီ့ကို မင်းညမိဘတွေက မင်းညချစ်သူ။ မင်းညနှင့် လက်ထပ်မည့်သူအဖြစ် သိနားလည်ထားသည်။

မှီလည်း မင်းညကို သူမချစ်သူ ညီအမှတ်နှင့် အရှုးအမူး အသည်းအသန် ချစ်ပြနေ၍ မင်းညကိုယ်တိုင် လက်လျှော့ထားရသည့် အနေအထား။

မှီ့နောက်ကြောင်းကို မင်းညကိုယ်တိုင် ဘာတစ်ခုမှ သိတာလည်းမဟုတ်။ မှီ့မိဘတွေဆိုတာ ဘယ်လိုလူတွေမှန်းလဲ မသိ။ နိုင်ငံခြားမှာ စာသွားသင်နေသည့် ခရစ္စတယ်ကလည်း မြန်မာနိုင်ငံကို ပြန်ရောက်လာပြီဖြစ်ကြောင်း သူမကိုယ်တိုင် မင်းညကို ဖုန်းဆက်သည်။

မှီသာ မင်းညနှင့် လုံးဝမသက်ဆိုင်ပါဟုသိလျှင် မာမီတို့ လူကြီးမိဘတွေက မင်းညနှင့်မှီ့ကိုခွဲ၍ ခရစ္စတယ်နှင့် လက်ထပ်ဖို့ကိစ္စ အမြန်ဆုံး စီစဉ်ကြမည်။ ဒါကိုပဲ မင်းည လက်မခံနိုင်တာ ဖြစ်သည်။





ခရစ္စတယ်နှင့်မင်းညကို လူကြီးတွေသဘောကျ လက်ထပ်စေချင်ကြတာ ဘာကြောင့်ဆိုတာကို ခရစ္စတယ်ရော မင်းည ရောသိသည်။ နားလည်သဘောပေါက်သည်။ လူချမ်းသာ လူ့အထက်တန်းစား မိဘတို့၏ ထုံးစံအတိုင်း ငွေကြေးချင်း ပူပေါင်းကြရန် ကုမ္ပဏီလုပ်ငန်းတွေ တိုးချဲ့ရန် ဘဏ်စာရင်းတွေ အသစ်ဖွင့်လှစ်ရန်။

အကြောင်းအရာအားလုံးကို စုပေါင်းလိုက်တော့ မင်းညတို့လို နောင်လာမည့် အနာဂတ်မျိုးဆက်တစ်ခုလုံး ပြန်လှည့်ကြည့်စရာမလိုအောင် ချမ်းသာပြည့်စုံကြွယ်ဝကြမည်။

ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲချည်း ဖိတ်ကြရသဖြင့် အလေအလွင့်မရှိ။ ဒီလိုပုံစံနှင့် လက်ဆင့်ကမ်းလာသည့် ဥစ္စာပစ္စည်းတွေက နှစ်ဘက်အသိုင်းအဝိုင်းမှာ လက်ညှိုးထိုးမလွဲအောင် များပြားသည်။

တစ်ခုပဲ မင်းညတို့အသိုင်းအဝိုင်းမှာ ရှားပါးသည်က လူတစ်ဦးတစ်ယောက်အပေါ်မှာ ထားရှိရမည့် ချစ်မေတ္တာ။ အချစ်သစ္စာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းညမာမီနှင့်ဒက်ဒီ လက်ထပ်တုန်းကလည်း အတိုးအဘွားတွေ ချမှတ်ခဲ့သည့်လမ်းစဉ်အတိုင်းဖြစ်၍ ဥစ္စာပစ္စည်းပိုင်းမှာ ပြည့်စုံတာထက် ပိုခဲ့သည်။ ပေါများခဲ့သည်။

လိုအပ်နေသည့် ချစ်ခြင်းမေတ္တာကိုကြတော့ ဘယ်သူမှ ဘယ်သူ့ကို မပေးနိုင်။ ချစ်၍ မြတ်နိုး၍ လက်ထပ်ခဲ့ကြရခြင်း မဟုတ်၍ပဲလားမသိ။ ဒက်ဒီရော မာမီပါ အပြင်မှာ ပျော်သလို နေခဲ့ကြသည်။ စိတ်ချမ်းသာမည်ထင်တာ လုပ်ကြသည်။

အိမ်တွင်းမှာတော့ ပြဿနာတွေက အများကြီး။ ဒီထဲက မင်းည ဆုံးဖြတ်ချက်ချခဲ့သည်။ သူ့အလှည့်ကြရင် ဒက်ဒီနှင့် မာမီလို မဖြစ်စေရဘူးဟု။ ခရစ္စတယ်ကို သူ လက်မထပ်နိုင်။

"ဘယ်လိုလဲ သား၊ မင်းတို့ဥစ္စာက ဘာတွေလဲ၊ မာမီတော့ ဘာမှကို နားမလည်နိုင်တော့ဘူး"

"အခုလောလောဆယ် ဒီအတိုင်းပဲ ခဏထားလိုက်ပါဦး မာမီ၊ နောက်မှပဲ တစ်မျိုး ကြည့်စီစဉ်ကြရအောင်ပါ"

"သားတို့ကြားမှာ ဘာပြဿနာရှိလဲဆိုတာကို မာမီ မသိဘူး၊ ဒါပေမဲ့ မာမ့ိသားနဲ့ မို့မိဘတွေက သဘောမတူနိုင်ဘူးဆိုတာကရော ဘာလဲ၊ မာမီ ကျေနပ်အောင် သားပဲ ရှင်းပြစမ်းပါဦး"



"နောက်တော့ မာမ့ိကို ရှင်းပြပါ့မယ်၊ မာမီတို့ထင်သလို မဟုတ်ရပါဘူးဗျာ"

မာမီက မင်းညမျက်နှာကို စိုက်ကြည့်သည်။ မာမ့ိ အကြည့်ထဲမှာ မင်းညအဖြေကို သဘောမကျခြင်း၊ မကျေနပ်ခြင်းတို့ ပါဝင်နေတာကို သိပေမယ့် မင်းည မသိဟန်ဆောင်နေလိုက်သည်။

မို့ကတော့ တအိအိငိုနေဆဲ။

"မာမ့ိသားကို မာမီ ယုံပါတယ်၊ သားတို့ချင်း တိုင်ပင်ပြီးမှပဲ မာမ့ိဆီကို ဖုန်းဆက်လိုက်၊ မာမီ ပြန်မယ်"

"ဟုတ်ကဲ့ မာမီ"

မင်းညကို မကျေမနပ်နှင့် မာမီပြန်သွားသည်။

"ည"

"နေဦး ကိုယ် အရင်ပြောမယ်၊ မို့မိဘတွေက ဘယ်သူလဲ၊ ဘယ်မှာနေတာလဲ၊ အဲဒါ အရင်ပြော"

www.burmeseclassic.com

မို့ထံမှ ကျိတ်၍ ရှိုက်ငိုသံလေး တိခနဲ ပြတ်သွားကာ မျက်ရည်တွေ ပြည့်အိုင်နေသော မျက်ဝန်းအစုံဖြင့် မို့က မင်းည မျက်နှာကို မော့ကြည့်သည်။ မင်းညကလည်း မို့မျက်နှာလေးကို စိုက်ကြည့်နေသဖြင့် အကြည့်ချင်းဆုံသွား၏။

"မို့မိဘတွေ ဘယ်သူဆိုတာ ည သိပြီးရင် မို့ကို အိမ်ပြန်ပို့မှာမဟုတ်လား၊ မို့ သိပါတယ်"

ရှိုက်သံစွက်နေသည့် မို့အသံတိုးတိုးလေးကို နားထောင်ပြီး မင်းညမျက်ခုံးတွန့်သွားသည်။ တကယ်လည်း မို့ ပြောသည့်အတိုင်း မို့မိဘအိမ်ကို ဆက်သွားပြီး မို့ကို မင်းညကိုယ်တိုင် ပြန်ပို့ပေးမလို့ပါ။

မင်းညအကြံကို မို့ ကြိုသိနေ၍ ဘာဆက်ပြောရမှန်း မသိ ဖြစ်နေခိုက်မှာ မို့က ထိုင်နေရာက ဆတ်ခနဲ ထရပ်ပါသည်။

"ဒါက ဘယ်လဲ"

"ဘယ်ဖြစ်ဖြစ်"

"ကိုယ့်စေတနာကို အခုထိ မင်း နားမလည်သေးဘူးလား မို့"



"မို့က ဘာကို နားလည်ရမှာလဲ"

မင်းည ဘာမှမပြောပဲ မို့မျက်နှာကိုပဲ စိုက်ကြည့်နေသည်။ ကြာလာတော့ မင်းညထံမှ စူးရှသည့် အကြည့်ကို မခံနိုင်သလို မို့ပါးလေးတွေ ရဲနီလာသည်။

"ည"

"မို့မိဘနာမည်ပြော"

"မို့မိဘအမည် ဟုတ်လား"

"အင်း"

"မို့ မသိဘူး"

"သေချာစဉ်းစားကြည့်ဦးလေ"

"မို့ စဉ်းစားကြည့်ဦးမယ်"

ငြိမ်သက်တိတ်ဆိတ်သွားသော မို့ကိုကြည့်ပြီး မင်းည သက်ပြင်းချလိုက်သည်။ မို့ပုံစံလေးက နားလည်ရခက်သလို မို့ အပြုအမူတိုင်းကလည်း စဉ်းစားရခက်ခြင်းကို မင်းည မို့နဲ့ စတွေ့ထဲက သိခဲ့ပြီးပါပြီ။

သရတော့ မို့ကို ဦးနှောက်မကောင်းသူအဖြစ် လက်ခံ

www.burmeseclassic.com



ထားပေမယ့် မင်းညကတော့ မှီ့ကို ထိုသို့မပြောရက်ပါ။ တကယ် ဖြစ်လာခဲ့ရင်လည်း မှီ အခုလို ဖြစ်ရခြင်းမှာ မင်းည တာဝန်မကင်းသလို ဖြစ်နေ၍လည်း ကိုယ့်ကိုယ်ကို လိပ်ပြာမသန့်။

မှီကိုယ်တိုင်က သူမအကြောင်း ဘာတစ်ခုမှ တိတိကျကျ မပြောနိုင်။ မေးလို့လည်းမရ။ အစထဲက မှီကိုယ်တိုင် ဒီလို ဖြစ်နေတာပဲလား။ ဒါမှမဟုတ် မင်းည တွေ့ပြီးမှပဲ မှီ့ဘဝ တစ်ဆစ်ချိုး ကြောက်စရာကောင်းအောင် ပြောင်းလွဲသွားခြင်းလားဆိုသည့် အဖြေကို မင်းညကိုယ်တိုင် သိချင်နေသည်။

အခုလောလောဆယ် မှီ့အသိထဲမှာ ညီ ရှိသည်။ ညီ့အကြောင်းတွေကသာ မှီ့ကို စိုးမိုးထားသည်။ မှီ့ကို ညီချစ်သည်။ ညီကလည်း မှီ့ကိုချစ်သည်။ မှီ့မိဘတွေက မှီနဲ့ညီကို သဘောမတူ၍ ညီထံ မှီ ရောက်လာသည်။ ဒါကလွဲ၍ မှီ့ထံမှာ တခြား ဘာအကြောင်းအရာမှမရှိ။

"အား…ကျွတ်…ကျွတ်"

"မှီ ခေါင်းတွေမူးလိုက်တာ ညရယ်၊ မှီ မှီနေတဲ့ အိမ်ကို မမှတ်မိတော့ဘူး"

သွားပြီသိလိုက်သည်။ မှီနှင့် ပတ်သက်သမျှ ဇာတ်လမ်းတာ ဒီမှာဆုံးသွားသည်။

"လောလောဆယ် မှီ အနားယူလိုက်ဦး၊ နောက်မှ ကိုယ်တို့ ဒီကိစ္စ ထပ်ဆွေးနွေးကြတာပေါ့ ဟုတ်လား"

"ဟုတ်"

"လာ မှီ့အခန်းကို ကိုယ် လိုက်ပို့မယ်"

သွေးစုပ်သလို ဖြူဖျော့နေသည့် မျက်နှာလေးနှင့် မှီ့ကို သနားကြင်နာစွာ သူမအိပ်ခန်းအထိ မင်းညကိုယ်တိုင် လိုက်ပို့လိုက်သည်။

"အိပ်ပျော်အောင် အိပ်လိုက် မှီ"

စိတ်ငြိမ်ဆေးတစ်လုံးတိုက်ပြီး မှီ့အခန်းတံခါးကို ပိတ်ပေးလိုက်တော့ မှီက အိပ်ရာထဲမှာ ပျော့နွဲ့စွာ မလှုပ်မယှက်ငြိမ်သက်လျက်။

မှီနဲ့ပတ်သက်ပြီး မင်းည ရှေ့ခရီးကို ဘယ်လိုဆက်ရမှန်းမသိ ဖြစ်သွားသည်။ တကယ်တော့ မှီ အခုလိုဖြစ်တာ မင်းညကြောင့်လို့ အတိအကျ မဆိုနိုင်ပေမယ့် မင်းညနှင့် ပတ်သက်ခဲ့တာ





www.burmeseclassic.com

www.burmeseclassic.com



လည်း အသေအချာပါ။

မိုးသည်ညှ မြင်ကွင်းတစ်ခုက မင်းညအာရုံထဲ ဖျတ်ခနဲ ရောက်လာသည်။ အဲဒီတုန်းက မှီ့ကို သူ့ကားနှင့် ဝင်တိုးမိသည်။ နောက် သူ့အိမ်ကို ခေါ်အလာမှာ မင်းညကားပေါ်က မှီ ဖြေ ဆင်းသွားတာ ရေမြောင်းဘောင်နဲ့ဆောင့်ပြီး မိုးရေထဲ မှေးလဲ သွားတာ အဆုံး မင်းညမျက်ဝန်းအစုံကို မှိတ်ချလိုက်သည်။

အဖြေက ဒါပဲဖြစ်မည်။

မှီ့ဦးခေါင်းကို ဆောင့်မိသည့်အချိန်မှာ မှီ ဒီလိုဖြစ်သွား ပုံရသည်။ အခု သူ့လက်ထဲမှာ ရွှေစင်ယမင်းရုပ်ကို သွန်းဆ ထားသလို လှပသော မှီ ရှိနေသည်။

ထိုယမင်းရုပ်လေးကို မင်းည မည်သို့မည်ပုံဆက်၍ စီရင်ရ မည်နည်း။ ချော်လဲရောထိုင်လုပ်ပြီး မှီ့ကို သိမ်းပိုက်ရမည်လား။ မင်းညမှာ တာဝန်ရှိနေတာ သေချာသည်။

သူ့ဘက်က တစ်ခုခု ဆုံးဖြတ်မှဖြစ်တော့မည်။ အကောင်း ဆုံးက အဖြစ်မှန်ကို အမှန်အတိုင်း ရင်ဆိုင်ရန်ဖြစ်သည်။

"အဲဒါပဲ မာမီ၊ တကယ်တော့ မှီ အခုလိုဖြစ်သွားရတာ

စိုး : မိုး : ၈ ၁ ၆ ပ



ကျွန်တော့်ကြောင့်၊ မှီ့အတွက် ကျွန်တော့်မှာ တာဝန်အရှိဆုံးလူ ဟာ ကျွန်တော်ကိုယ်တိုင်ပဲ"

"ဖြစ်ရလေ သားရယ်၊ မာမီက မှီ့ကို တကယ်သား ချစ်သူ ထင်နေတာ၊ အခုမှ ရောဂါဝေဒနာသည်လေးမှန်း သိရ တော့တယ်၊ ဒါဖြင့် မှီက ယဉ်ယဉ်လေးနဲ့ ရူးနေတာပေါ့"

"မှီ မရူးပါဘူး မာမီ၊ အတိတ်ကို သတိမရတာပါ"

"ဘာထူးလဲ သားရယ်၊ သူ့အတိတ်ကို သတိမရမှတော့"

"အခု သား ဘာဆက်လုပ်မယ် စိတ်ကူးလဲ"

"မှီ့အတိတ်ကို ပြန်သတိမရမချင်း ကျွန်တော့်နားမှာပဲ မှီ့ကို ခေါ်ထားမယ် မာမီ"

"မဖြစ်နိုင်တာကွယ်၊ ဟိုက သားကို သူ့ချစ်သူလို့ ထင် နေတာမဟုတ်လား၊ အိုးချင်ထား အိုးချင်ထိတဲ့၊ ဘယ်လိုမှ မဖြစ် နိုင်ပါဘူး သားရယ်၊ မှီ့ကို မာမီနဲ့အတူ ခေါ်ထားလိုက်မယ်"

မာမီက မင်းညတွေးထင်ထားသည့်အတိုင်း မှီနှင့် မင်းည အကြောင်းသိတာနှင့် မှီ့ကို မင်းညနားက ခွဲထုတ်ဖို့ ကြိုးစားသည်။

"မှီက ကျွန်တော်မပါဘဲ မာမီနောက် လိုက်မှာမဟုတ်

စိုး : မိုး : ၈ ၁ ၆ ပ

www.burmeseclassic.com

www.burmeseclassic.com



ဘူး မာမီ''

''ဒါပေမဲ့ လူပျိုလေးနဲ့ အပျိုလေး ဒီလိုအနေအထားနဲ့ နီးနီးနေပါများရင် အိုကွယ်၊ မာမီ့သားကို ဘယ်ကလာပြီး ဘယ်ကို သွားမှန်းမသိတဲ့ မိန်းကလေးတစ်ယောက်နဲ့ ဘယ်လိုမှ သဘောမတူ နိုင်ဘူး''

''မာမီ''

''မာမီ့ကို ကိုယ်ချင်းမစာဘူးပဲ ပြောပြော၊ မာမီရဲ့ တစ်ဦး တည်းသောသားလေးကို ပန်းကောင်းအညွန့်ချိုး အဖြစ်မခံနိုင်ဘူး။ ခရစ္စတယ်ကိုပဲ သား လက်ထပ်ရမယ်''

''ခရစ္စတယ်ကို ကျွန်တော် မချစ်ဘူး မာမီ''

ထိုစကားကို မင်းညီ ပြတ်သားစွာ ဆိုလိုက်တော့ မာမီ က မင်းညီကို တအံ့တသြ ကြည့်သည်။

''အရင်တုန်းက မာမီ့သား ဒီလို စိတ်ကူးမယဉ်တတ်ပါ ဘူး၊ ဘဝမှာ အချစ်ထက် အရေးကြီးတာတွေ အများကြီးပါကွယ်''

''ဘာတွေလဲ မာမီ၊ ဂုဏ်တွေလား၊ ငွေတွေလား''

''နှစ်ခုစလုံးပဲ သား၊ ငွေရှိ ဂုဏ်ရှိမှ လူအထင်ကြီး





လေးစားမှာလေ''

''ဒါကို ကျွန်တော် မငြင်းပါဘူး မာမီ၊ ဒါပေမဲ့ ဂုဏ်တွေ၊ ငွေတွေကြောင့် မာမီ ပျော်နေရလို့လား၊ ဂုဏ်ရှိ၊ ငွေရှိရဲ့ ပိုက်ဆံ ချမ်းသာရဲ့နဲ့ ဒက်ဒီ့အချစ်ကို မာမီတစ်ယောက်ထဲ အပိုင်ရလို့လား''

''သား''

မင်းညီစကားက မာမီ့နှလုံးသားဗဟိုကို တည့်တည့် ထိသွားကြောင်း မင်းညီ သိပေမယ့် စိတ်မကောင်းပါ။

''ကျွန်တော် ချစ်တဲ့သူကိုပဲ လက်ထပ်ပါရစေ မာမီ''

ဒေါ်မမ ဘာမှပြန်မပြောနိုင်ဘဲ ငြိမ်သွားသည်။

''ကျွန်တော့်စကားကြောင့် မာမီ စိတ်ထိခိုက်သွားရင် ခွင့်လွှတ်ပါ မာမီ''

''သားပြောတာ မှန်ပါတယ်ကွယ်၊ မာမီ့သားမှာ အပြစ် မရှိပါဘူး၊ သား ပြောသလို လောကကြီးမှာ ဂုဏ်ရှိ၊ ငွေရှိတိုင်း မပျော်နိုင်တာလည်း အမှန်ပါပဲ''

ခံစားနာကျင်မှုတွေနှင့် ထိုစကားကို ဒေါ်မမ လေးနက် စွာဆိုသေမယ့် သားဖြစ်သူ မင်းညီအပေါ်မှာတော့ မိခင်မေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် အကောင်းဆုံးသာ ဖြစ်စေချင်တာကို ထုတ်ဖော်မပြောတော့ပါ။

"အေးလေ သားလည်း ကိုယ့်စိတ်ကို ကိုယ်ဆုံးဖြတ်နိုင်တဲ့ အသက်အရွယ် ရောက်နေပြီပဲ၊ မာမီ ဒါပဲပြောချင်တယ်၊ သား သဘောပေါက်မှာပါ"

"သား သဘောပေါက်ပါတယ် မာမီ"

"ကောင်းပြီလေ၊ ဒါဆို မာမီပြန်မယ်၊ သားတို့ကိစ္စ ဘယ်လိုအစီအစဉ်ရှိတယ်ဆိုတာ မာမီ့ဆီကို ဖုန်းဆက်ပါ"

"ဟုတ်ကဲ့ မာမီ"

ဒေါ်မမကားလေး မြင်ကွင်းက ပျောက်သွားမှ မင်းည သက်ပြင်းချလိုက်၏။

❖ ❖ ❖



# အခန်း (၁၃)

"မင်းနဲ့မှီရဲ့ ရောက်နေတဲ့ ပတ်ဝန်းကျင်ကို သေချာ သတိထားပြီး ဂရုစိုက်ကြည့်ဦးကွ၊ လူတွေအများကြီးထဲမှာ မင်းရဲ့ မှီကို သိတဲ့လူ တစ်ယောက်မဟုတ် တစ်ယောက်တော့ တွေ့ကို တွေ့မှာပါ"

အစီအစဉ်က သရ အစီအစဉ်။

မှီ့ကို လူစည်ကားသည့်နေရာတွေ တမင် ရွေးခေါ်သွားဖို့ သရ အစီအစဉ်အတိုင်း မင်းညသဘောတူ လက်ခံခဲ့တာက မှီ့ဘဝ အစစ်အမှန်ဘာလဲဆိုတာ မင်းညကိုယ်တိုင် သိချင် ရှာဖွေချင်၍ပါ။

မှီကတော့ မင်းညတို့ သူငယ်ချင်းနှစ်ယောက် အစီအစဉ်



www.burmeseclassic.com

www.burmeseclassic.com



ကို ဘာတစ်ခုမှမသိ။ သူမလိုချင်တာတွေ ဝယ်ပေးမယ်ဆိုတာနှင့် ကလေးတစ်ယောက်လို မင်းညအနားမှာ ပျော်ရွှင်စွာ လိုက်လာသည်။ စင်တာထဲ ရောက်တာနှင့် တစ်ခုပြီးတစ်ခု။ တစ်နေရာပြီး တစ်နေရာ လျှောက်ကြည့် ကောက်ကိုင်လုပ်နေ ပေမယ့် ဘာတစ်ခုမှ အခုချိန်ထိ မိုကဘာတစ်ခုမှ မဝယ်သေးသလို မို့ကို နှုတ်ဆက်မည့် အသိမိတ်ဆွေနှင့်တူသူ တစ်ဦးတစ်ယောက်ကိုမှလည်း သရရော မင်းညပါ မတွေ့ရသေးပါ။

"ည"

"ဟင်"

"မို ဒီအရုပ်လေးယူမယ်နော်"

"ယူလေ၊ ဒီတစ်ရုပ်ထဲ တော်ပြီလား၊ တခြားအရုပ်တွေလဲ ယူလေ"

"ဟင့်အင်း ဒီအကောင်လေးပဲ ကြိုက်တယ်၊ ကြည့်ပါဦး၊ ပုံစံလေးကိုက ညနဲ့တစ်ပုံထဲ ခစ် ခစ်"

"ဟာကွာ"

ကပ္ပလီရုပ် မည်းမည်းသည်းသည်းလေးကိုမှ မင်းညရုပ်





နှင့် တူသည်ဆိုတော့ မင်းည နှုတ်ခမ်းအစုံ သူ့အလိုလို ပြုံးဖြစ်သွားချိန်မှာ မိုက သူမစကားကို သူမဘာသာ သဘောကျပုံဖြင့် တခစ်ခစ်ရယ်နေသည်။

သရက မင်းညတို့အဖြစ်ကို မသိ။ မင်းညတို့နှင့် ခပ်လှမ်းလှမ်း တစ်နေရာက လူရိပ်လူခြေကိုကြည့်လျက် မို့ကို ဘယ်သူတွေ စိတ်ဝင်စားမလဲ။ ဘယ်လိုလူ နှုတ်ဆက်မလဲဆိုတာ စိတ်ဝင်တစား စောင့်ကြည့်အကဲခတ်နေသည်။

အခုချိန်ထိတော့ မို့ကို နှုတ်ဆက်မည့်သူ တစ်ဦးတစ်ယောက်မှ မတွေ့သေး။ မို့ကိုယ်တိုင်ကလဲ အသိမိတ်ဆွေနည်းခြင်းလား။ သူတို့ ရောက်နေသည့်နေရာကပဲ မို့အတွက် အသိမိတ်ဆွေ မရှိနိုင်သည့်နေရာပဲလား မသိ။ ဝယ်စရာရှိတာ ဝယ်ပြီး ပြန်ဖို့ ကားပေါ်သို့ ကိုယ်စီလှမ်းအတက်

"မို မို"

သူတို့ကားရှိရာသို့ အသည်းအသန် ပြေးလိုက်လာသူ တစ်ယောက်ကိုတော့ မင်းညရော သရပါ မမြင်မတွေ့လိုက်ကြပါ။ မင်းည ကားနေရာက ပြေးထွက်သွားချိန်မှာ ဇွေ့ဇွေ့ခုန်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့် အမူအရာနှင့် ထိုလူတစ်ယောက်တည်း ဖုန်းတစ်လုံးဖြင့် ပျာယာခတ်ကျန်ရစ်သည်။

ထိုလူက တခြားသူမဟုတ်။

မီ ပျောက်သွား၍ အသည်းအသန်လိုက်ရှာနေသော ရွှေလိပ်ပြာစံအိမ်ကြီးမှ မို့ဒက်ဒီ၏တပည့် ဦးကျော်သစ်ကိုယ်တိုင်ဖြစ်သည်။ မို့ကို ရုတ်တရက် တွေ့လိုက်ချိန်မှာ ဦးကျော်သစ် တအံ့တသြ ဖြစ်သွားပေမယ့် သတိဝင်လာတာနှင့် နောက်က ချက်ချင်းပြေးလိုက်ပါလျက် မို့ကို မမီလိုက်။

ဒီတစ်ခါတော့ ဦးကျော်သစ် မညံ့။ မီ စီးသွားသည့် ကား၏နံပါတ်ကိုလည်း အတိအကျ သေချာမှတ်သားထားလိုက်သည့်အတိုင်း လက်ထဲက ဖုန်းကို ကမန်းကတန်း နှိပ်သည်။

"ဟဲလို"

တစ်ဖက်က ဖုန်းလာကိုင်သူက မို့ဒက်ဒီကိုယ်တိုင်ဖြစ်နေ၍ ဦးကျော်သစ် အားတက်သွားသည်။

"ဆရာ မို့ကို အခုပဲ ကားနံပါတ်နဲ့ ပါသွားတာတွေ့လိုက်တယ် ဆရာ၊ ကားက ပရာဒိုအဖြူဆရာ"





"သမီးက အခု ဘယ်မှာလဲ"

"ပြည်လမ်းမပေါ်ပဲ ဆရာ၊ ညာဘက်ကို ထွက်သွားတာ မြင်လိုက်တယ်"

"မင်းလိုက်မသွားဘူးလား ကျော်သစ်"

"လိုက်ဖို့ အချိန်ကို မရလိုက်တာ ဆရာ"

"ကားနံပါတ်ရပြီပဲ၊ ပိုင်ရှင် ဘယ်သူဆိုတာ ငါ စုံစမ်းလိုက်မယ်၊ ကျေးဇူးပဲ ကျော်သစ်"

"ဟုတ်ကဲ့ ဆရာ"

ကျော်သစ် ဖုန်းကိုချပြီး ချက်ချင်းပင် ဦးဇော်လတ်ကိုယ်တိုင် တခြားဖုန်းနံပါတ်တစ်ခုကို လှမ်းခေါ်သည်။

"ဟဲလို"

"အေး...ငါပါ၊ ကားနံပါတ် ၇ခ၊ ပရာဒိုအဖြူပိုင်ရှင် ဘယ်သူလဲဆိုတာ အမြန်ဆုံးသိချင်လို့ ဖေယျ"

"အေးပါ ငါ စောင့်နေမယ်"

ဦးဇော်လတ် သူငယ်ချင်းဖေယျဖုန်းကို စိတ်လှုပ်ရှားစွာ စောင့်နေချိန်မှာ မို့မာမီ အခန်းထဲဝင်လာ၏။ တစ်လဆိုသည့်



www.burmeseclassic.com

www.burmeseclassic.com



အချိန်အတွင်းမှာ ဒေါ်ထရီဇာအသွင်က နွမ်းနယ်ဖျော့တော့စွာ ယှပစ်သလို ချုံးကျသွားသည့်အတွက် ဦးဇော်လတ်ရင်မှာ ဇနီးနှင့်သမီးအတွက် သောကမီး ပွပြင်းစွာ လောင်မြိုက်နေပါသည်။

“ကို”

“ပြောလေ ထရီဇာ”

“ထရီဇာသမီးလေးကို ဒီလိုနဲ့ပဲ ဆုံးရှုံးလိုက်ရတော့မှာလား ကိုရယ်”

ပြောရင်း ဒေါ်ထရီဇာ ပါးပေါ် မျက်ရည်တွေ ဝေါခနဲ ပြိုဆင်းလျက် ကိုယ်လေး သိမ့်သိမ့်တုန်အောင် ရှိုက်ငိုသဖြင့် ဦးဇော် လတ် ချစ်ဇနီးကိုယ်လေးကို သူ့ရင်ခွင်မှာ ကြင်နာမြတ်နိုးစွာ ထွေးပွေ့ ထားလိုက်၏။

“မငိုပါနဲ့ ထရီဇာရယ်၊ ကိုယ်တို့သမီးလေးကို မကြာခင် ထရီဇာ ပြန်တွေ့ရတော့မှာပါကွယ်”

“တကယ်လားကိုရယ်၊ ထရီဇာ စိတ်သက်သာရာရ အောင် ထရီဇာ့ကို နှစ်သိမ့်နေတာလား”

“ကိုယ်တကယ်ပြောနေတာ ထရီဇာ၊ သမီးလေးပါသွား



တဲ့ကားကို အခုပဲ ကျော်သစ်ကိုယ်တိုင် တွေ့လို့ ကိုယ့်ကိုဖုန်းဆက် တယ်”

“ရှင်”

“ထရီဇာ့သမီးကို တွေ့ပြီ ဟုတ်လားကို”

“သမီးပါသွားတဲ့ ကားနံပါတ် ကိုယ့်ဆီမှာရောက်နေပြီ ထရီဇာ၊ ကားပိုင်ရှင် ဘယ်သူလဲဆိုတာ အခုပဲ ကိုယ့်သူငယ်ချင်း ဓေယျဆီကို ဖုန်းဆက်ပြီး စုံစမ်းခိုင်းထားတယ်”

“ကိုရယ်…ထရီဇာ…ထရီဇာ သမီးလေးကို ပြန်တွေ့ရ ပြီပေါ့နော်”

“ဒါပေါ့ အချစ်ရယ်”

“အို…မာမီ့သမီးလေးရယ်”

ဒေါ်ထရီဇာက စိတ်လှုပ်ရှားစွာ ဦးဇော်လတ် ရင်ခွင်ထဲ မှာ အားပါးတရ ရှိုက်ငိုချလိုက်သည်။ လက်လွှတ်ဆုံးရှုံးရတော့ မည်ဆိုသောအသိဖြင့် သမီးလေးအတွက် ဒေါ်ထရီဇာ ရင်တစ်ခု လုံး ခံစားနာကျင်ခဲ့ရသမျှ အခုချိန်မှာ အနည်းနှင့်အများဆိုသလို သမီးလေးကို ပြန်တွေ့ပြီဆိုသော မင်္ဂလာရှိသော သတင်းစကား

www.burmeseclassic.com

www.burmeseclassic.com



အောက်မှာ အနည်းငယ် ပြေလျော့သက်သာခဲ့ရပါပြီ။

အကြောင်းပြန်လာမည့် ဧယျဖုန်းအလာကို စောင့်နေရ
သည့်အချိန်မှာ ဦးဇော်လတ်နှင့် ဒေါ်ထရီဇာတို့ဘဝမှာ အရှည်ကြာ
ဆုံးဟု ထင်သည်။

"ဘယ်လိုလဲ ကိုရယ်၊ ကိုသူငယ်ချင်းကို ဖုန်းထပ်ဆက်
ကြည့်ပါဦး၊ ဒါမှမဟုတ်ရင်လည်း သူရှိတဲ့နေရာကို ထရီဇာတို့
လိုက်သွားကြရအောင်"

"ခဏလောက် ထပ်စောင့်လိုက်ပါဦး ထရီဇာရယ်၊ အခု
ချိန်မှာ ကိုယ်တို့ကိစ္စ ဘယ်လောက်အရေးကြီးနေတယ်ဆိုတာ ဧယျ
သိပါတယ်"

"ဒါပေမဲ့ ထရီဇာ"

"တူ...တူ...တူ"

"ဟော...ဖုန်းလာပြီ"

ဒေါ်ထရီဇာ စိတ်လှုပ်ရှားခြင်းကြီးစွာ ဦးဇော်လတ်မျက်နှာ
ကို အားကိုးတကြီး မော့ကြည့်ချိန်မှာ ဦးဇော်လတ် ကိုယ်တိုင်လည်း
ဒေါ်ထရီဇာနည်းတူ သမီးအတွက် စိတ်ဆန္ဒဇောကြီးစွာ ရင်တဒိန်း





လုံး တုန်ရီလှုပ်ရှားနေပါသည်။

"ပြော...ဧယျ၊ မင်းဖုန်းကို ငါစောင့်နေတာ၊ ပိုင်ရှင်က
ဘယ်သူတဲ့လဲ"

"ကားပိုင်ရှင်က ဦးသက်မင်းလို့ ပြောတယ် ဇော်လတ်"

"ဦးသက်မင်း"

"အေး"

ဦးဇော်လတ်နှင့် ဒေါ်ထရီဇာ တစ်ယောက်မျက်နှာ
တစ်ယောက် ကြည့်လိုက်ကြသည်။

"နေစမ်းပါဦး၊ ဒီနာမည်ကို တစ်နေရာရာမှာ ငါရင်းရင်းနှီး
နှီး ကြားဖူးသလိုပဲ"

ဦးဇော်လတ်စကားအဆုံးမှာ တစ်ဖက်က ခပ်သဲ့သဲ့ရယ်သံ
ကို ကြားရသည်။

"နာမည်ကြီးပဲကွ၊ မင်းကြားဖူးမှာပေါ့၊ မင်းကမ္ဘာက
ဦးသက်မင်းဆိုတာလေ"

"မင်းကမ္ဘာက ဦးသက်မင်း"

ဦးဇော်လတ်နှင့် ဒေါ်ထရီဇာ နှုတ်ဖျားက ထိုအမည်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖြိုင်တူလို ရေရွတ်လိုက်မိကြပြီးနောက်မှာ ဖေယျကို ကျေးဇူးတင်စကား အထပ်ထပ်ဆိုပြီး ဦးဇော်လတ် ဖုန်းချလိုက်သည်။

"ဘယ်လိုတွေ ဖြစ်ကုန်ပြီလဲ ကို"

"ဟိုရောက်တော့ သိရမှာပေါ့ ထရီဇာ၊ အခု ထရီဇာ ကိုယ်နဲ့လိုက်မှာလား၊ နေခဲ့မှာလား"

"လိုက်မှာပေါ့ ကိုရယ်၊ ထရီဇာ့သမီးကို ထရီဇာ သိပ်တွေ့ချင်နေပြီ"

ကားသော့ကိုဆွဲပြီး ဇနီးမောင်နှံနှစ်ယောက် ရွှေလိပ်ပြာစံအိမ်ကြီးထဲ ကမန်းကတန်း ပြေးအထွက်မှာ မှီအဘွားနှင့် ဧည့်ခန်းမှာ ဆုံသည်။

"ဒါက ဘယ်သွားကြမလို့လဲ သား"

"မာမီမြေးလေးရှိတဲ့နေရာကိုပါ မာမီ"

"ဟင်…မြေးလေးကို ပြန်တွေ့ပြီဟုတ်လား၊ ဒါဆို မာမီပါလိုက်မယ် သား"

ဦးဇော်လတ်ကိုယ်တိုင် မောင်းသော ကားပေါ်မှာ ရွှေလိပ်ပြာစံအိမ်ကြီးရှိ အရေးအကြီးဆုံးပုဂ္ဂိုလ်များ လိုက်ပါလာ





သည်။

ကိုယ်စီ စိတ်လှုပ်ရှားနေ၍ ကားပေါ်မှာ ဘယ်သူမှစကား မပြောနိုင်။ မင်းကမ္ဘာက ဦးသက်မင်းနှင့် သမီးမှီကို ဘယ်လိုမှ ဆက်စပ်ပတ်သက်ပြီး တွေးမရအောင် ဖြစ်နေပေမယ့် ဦးသက်မင်း အကြောင်းသိသမျှ ကြားရသမျှ စကားထဲမှာ မိန်းကလေးခပ်ငယ် ငယ်လေးတွေနှင့် ခြေရှုပ်တတ်တာ ပြန်ပြန်သတိရတိုင်း အားလုံး ကိုယ်စီ သက်ပြင်းကျိတ်ချနေရသည်။

သမီးသာ တစ်ခုခုဖြစ်လို့ကတော့။

အတွေးကို ထိုထက်ပို၍ မဆက်ဝံ့။

တွေးလည်း မတွေးရဲ။

"တူ…တူ"

ဦးဇော်လတ် ဖုန်းအသံမြည်လာသဖြင့် ဖုန်းနားကြပ်ကို တပ်လိုက်၏။

"ဆရာ…ဦးသက်မင်း ဖုန်းနံပါတ် ရပြီခင်ဗျာ"

"အေး…ပြော"

တစ်ဖက်က ပြောသမျှ လိုက်မှတ်ပြီး ချက်ချင်း ဦးသက်



www.burmeseclassic.com

www.burmeseclassic.com



မင်းဖုန်းကို လှမ်းခေါ်ပေမယ့် ဖုန်းကိုင်မည့်သူမရှိ။

နောက်တစ်ခါ ထပ်ခေါ်တော့ ဖုန်းလိုင်းက မအားတော့။

"ဘယ်လိုလုပ်မလဲ ထရီဇာ၊..ဖုန်းခေါ်လို့မရဘူး"

"အိမ်ကိုပဲသွားကြမယ် ကို၊ ကားပိုင်ရှင်ဟာ ဦးသက်မင်းဆိုရင် သမီးကိုလည်း သူ့အိမ်မှာ တွေ့မှာပဲ၊ အိမ်ကိုမောင်း ကို"

မင်းကမ္ဘာကိုရောက်တော့ ခြံစောင့်က လင်မယားနှစ်ယောက်စလုံး ဂျပန်ကို အလုပ်ကိစ္စနှင့်သွားကြောင်း ပြောသဖြင့် ဦးဇော်လတ်တို့ ဇနီးမောင်နှံ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြ၏။

"ဒါနဲ့ဗျာ…ဒီအိမ်မှာ မှီဆိုတဲ့ကလေးမလေးတစ်ယောက်များ ရောက်နေလား"

"ဆရာကြီးတို့ လင်မယားကလွဲပြီး ဒီမှာ တခြားဘယ်မိန်းကလေးမှ မရှိဘူးခင်ဗျာ"

ဇာတ်လမ်းက ထိုနေရာမှာတင် အဆုံးသတ်သွားသည့်အတွက် လာရာလမ်းအတိုင်း ကားကို ပြန်ကွေ့လိုက်ရသည်။

❖ ❖ ❖



## အခန်း (၁၄)

"ဟိတ်…မှီ"

မှီ့အမည်ကို တရင်းတနှီးခေါ်သံနှင့်အတူ မှီရှေ့ကိုရောက်လာသည့်လူကြောင့် မင်းညရော သရပါ စိတ်ဝင်စားသွားသည်။ အရွယ်ကတော့ မင်းညတို့နဲ့ သက်တူရွယ်တူ။ ရုပ်ကဖြောင့်သည်။ ဝတ်စားထားသည့် အဝတ်အစား အသုံးအဆောင်တွေကလည်း နာမည်ကြီး Brand တွေချည်း။ ဒီတစ်ခါတော့ သရအစီအစဉ်မှန်သွားပြီ ဆိုသောအတွေးနှင့် မင်းညက မှီကို နှုတ်ဆက်လာသည့်လူနှင့် မှီ့ကို စိတ်ဝင်တစား အကဲခတ်ကြည့်နေ၏။

"ဘယ်လိုလဲ မှီ၊ ကိုယ့်ကို မခေါ်ချင်တော့ဘူးလား"

တစ်ဖက်က ပြုံးရယ်နေသလောက် မှီက ခပ်ကြောင်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်ပုံစံနှင့် ပြန်ကြည့်နေ၏။

"ရှင်ကဘယ်သူလဲ"

"ဒီပလေ"

"ရှင့်ကို မီမသိဘူး"

"အဟတ်…ဟား…ဟား"

တစ်ဖက်လူက မို့အဖြေကို သဘောကျစွာရယ်သည်၊ မီကတော့ ဒီပဆိုသူ၏ အရယ်မျက်နှာကိုကြည့်ပြီး စိတ်ရှုပ်နေ၏။

"မီ…ဒီလိုပြောမယ်ဆိုတာ ကိုယ်သိသားပဲ၊ တစ်ခါပဲ အမှားလုပ်ခဲ့မိတာပါ မီရယ်"

"မို့ဘဝထဲက ဒီပဆိုတဲ့နာမည်ကိုရော လူကိုပါ အပြီး အပိုင်ထုတ်ပစ်ချင်အောင် မုန်းသွားပြီလား"

"ကိုယ်က မို့အတွက် စေတနာနဲ့ မီ ဒုက္ခရောက်မှာစိုးလို့ မီတို့ကိစ္စ အန်တီကိုသွားပြောလိုက်တာပါ"

"ရှင်…မို့ကို ဘာတွေလာပြောနေတာလဲ ဒီပ၊ ရှင်ပြောတာတွေ မီ တစ်ခုမှမသိဘူး"

ဒီပ ဘာတွေပြောနေလဲဆိုတာ မီ တကယ်လည်းမသိ၊





ဒီပဆိုသူ၏ မျက်နှာကို မမြင်ချင်။ သူ့နားက တခြား တစ်နေရာကို ထွက်သွားလိုစိတ်သာ မို့ထံမှာ ရှိနေ၏။ ဘာကြောင့် မှန်းမသိ ဒီပကို မြင်မြင်ချင်း မီ မုန်းနေမိသည်။

"အေးပေါ့လေ…မို့ဘက်က မို့ချစ်သူတစ်ယောက်လုံး ဆုံးရှုံးလိုက်ရတာဆိုတော့"

"ဘာပြောတယ်၊ မို့ချစ်သူကို မီ ဆုံးရှုံးလိုက်ရတယ် ဟုတ်လား"

မို့ပုံစံက ကျားနာမလေးပုံစံ အသွင်ပြောင်းသွားကာ ဒီပ ချက်နှာကို စူးလက်စွာ စိုက်ကြည့်သည်။

"ညီဆုံးသွားတာ ကိုယ်သိပါတယ်ဟာ"

"ဘာ"

"ညီဆုံးသွားတာ ကိုယ်စိတ်မကောင်းဘူးလို့ပြောတာ"

"ညီ ဆုံးသွားတာ ဟုတ်လား"

"ညီ"

"မို…ဟာ"

ဒီပရှေ့မှာ မီတစ်ကိုယ်လုံး အရုပ်ကြိုးပြတ်ကျသွားသဖြင့်

www.burmeseclassic.com



အချိန်မီ ဖမ်းယူဆွဲအထိန်း…

“ဟိတ်ကောင်…မင်းလက်တွေကိုဖယ်စမ်း”

“မို…မို”

ဒီပလက်ထဲက မို့ကိုယ်လေးကို ဖြုံးခနဲဖျတ်ခနဲ ဆွဲယူခြင်းခံလိုက်ရသဖြင့် ဒီပ ဘာမှမပြောနိုင်ဘဲ ဖြစ်နေခိုက် နောက်ထပ်လူတစ်ယောက် သူတို့နား အပြေးရောက်လာပြန်သည်။

“မို့ကို ခေါ်ခဲ့ မင်းညု၊ လာ…လာ လူတွေဝိုင်းမလာခင်သွားမယ်”

“ဟိတ်ကောင်…မင်းပါ ငါတို့နဲ့အတူ လိုက်ခဲ့”

သရက ဒီပကို လှည့်ခေါ်ပြီး မို့ကို ပွေ့ချီသွားသော မင်းညနောက် အပြေးလိုက်သွားသည်။ ဒီပက ရုတ်ရုတ်သည်းသည်းရှုခင်းကို အံ့သြစွာ ငေးကြည့်နေလျက် နေရာမှာ ရပ်ကျန်ခဲ့သည်။

အထူးသဖြင့် မို့ကို သူ့လက်ထဲက ပိုင်စိုးစွာ ဆွဲယူသွားသည့် လူ၏မျက်နှာက ညီနှင့်တူနေခြင်းဖြစ်သည်။

ဒီလူဟာ ညီကိုယ်တိုင်များလား။ ညီဆုံးသွားပြီဆိုသည့်



သတင်းကို ဒီပကြားခဲ့သည်။ အခုတော့ ဒီသတင်းကို ဒီပကိုယ်တိုင် ပြန်အတည်ပြုရတော့မလိုဖြစ်နေ၏။

ဒီပ လက်ထဲက ဖုန်းနံပါတ်တွေကို နှိပ်လိုက်သည့်အချိန် မင်းညနှင့်သရမှာ သတိမေ့နေသော မို့ကို ကားပေါ်ပွေ့ယူချီမပြီး နေရာက ကားကို တအားမောင်းထွက်ခဲ့သည်။

“မင်းည…နေဦး ဟိုကောင်ကျန်ခဲ့ပြီ”

“ဒီမှာအရေးကြီးနေပြီကွ၊ စောင့်မနေနိုင်ဘူး”

သရကားနောက်ကို လှည့်ကြည့်ပေမဲ့ ဒီပအရိပ်ကိုပင် မမြင်ရသဖြင့် ဘာမှမပြောဘဲ နှုတ်ဆိတ်နေလိုက်သည်။

“ဟိုကောင် တမင်မလိုက်ဘဲ နေခဲ့တာနေမှာ”

သရစကားကို မင်းည စိတ်မဝင်စား။ ဒီပမျက်နှာကို သေချာမှတ်မိလိုက်၏။ ကားကို ဆေးခန်းရှိရာသို့ ဦးတည်နေချိန်ထိ မို့က သတိမရသေး။

“တီ”

“ကျွိး”

“ဟိတ်ကောင် မင်းည အကုန်နတ်ပြည်ရောက်ချင်လို့

www.burmeseclassic.com



လား၊ ကားကို ဖြည်းဖြည်းမောင်းကွ"

"ကြောက်ရင် မင်းဆင်းနေခဲ့"

မင်းညကို ပြောမရမှန်း သိ၍ လက်လျှော့လိုက်သည်။ ဆေးခန်းရောက်တော့ ဆရာဝန်က မို့ကို လိုအပ်တာတွေ စစ်ဆေးပြီးတော့ ဆေးထိုးပေးသည်။

"လူနာမှာ ဘာစိတ်ထိခိုက်စရာရှိလဲ"

"မရှိပါဘူး"

"မညာနဲ့လေ၊ လူနာစိတ်ထိခိုက်ပြီး ရှော့(ခ်)ဖြစ်လာတာ သေချာဂရုစိုက်ပါ"

"ဟုတ်ကဲ့"

"လူနာစိတ်ချရအောင် ဆေးရုံမှာ တစ်ညအိပ်လိုက်"

"ခင်ဗျာ"

"ငါတော့မဖြစ်ဘူးနော် မင်းည"

မင်းည ဘာမှမပြောရသေးခင် သရက ဆေးရုံမှာ တစ်ညအိပ်ရမည်ဆိုတာနှင့် အလန့်တကြားထအော်သဖြင့် ဆရာဝန်က မျက်နှာထားတည်တည်နှင့် မင်းညတို့ကို မကျေမနပ် လှမ်းကြည့်





သည်။

"မစောင့်ချင်လည်း ရှင်တို့သဘောပဲ၊ လူနာသက်သာရင် ပြန်ခေါ်သွားပေါ့"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

ဆရာဝန်က ဘာမှမပြောတော့ဘဲ မင်းညတို့နားက ထွက်သွားသည်။

"မင်းကွာ…ဒေါက်တာကို အားနာစရာ"

"ငါ့ကိုလည်း အားနာဦး မင်းည၊ ဆေးရုံဆေးခန်းနဲ့တွေ ငါတကယ်မခံနိုင်တာ"

သရကို မင်းည ဘာမှမပြောဘဲ မို့မျက်နှာလှလှလေးကို ငုံ့ကြည့်လိုက်သည်။ ဒီပပြောတာတွေအားလုံး မင်းည ကြားသည်။ မို့နဲ့ညီတို့ အချစ်ဇာတ်လမ်းထဲမှာ ဒီပဆိုသည့်လူက လူကြမ်း။ ဒီပကြောင့် မို့တို့ချစ်သူနှစ်ယောက် ခွဲခဲ့ရသည်။

ရှင်ကွဲခွဲခဲ့ရခြင်းမဟုတ်။

ဘယ်တော့မှ ပြန်မဆုံနိုင်တော့သည့် သေကွဲခွဲခဲ့ရခြင်း။ မို့က သူမချစ်သူ ညီတစ်ယောက် လူ့လောကကြီးထဲမှာ မရှိတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုသည့်စကားကို မခံစားနိုင်၍ နေရာက သတိမေ့လဲကျသွားသည်။

ညီနဲ့ပတ်သက်ပြီး မှီရင်ထဲက ဝေဒနာခံစားချက် အဘယ်မျှ ပြင်းထန်လေးနက်သည်ဆိုတာ မှီ အဖြစ်အပျက်တွေက သက်သေခံနေသည်။

ညီဆိုသည့် မှီ့ချစ်သူကို မှီ့သိပ်ချစ်မှန်းသိရတော့ မင်းညရင်ထဲ ဘယ်နေရာကမှန်းမသိ အခံရခက်သလိုလို ဘာလိုလို။

"အင်း..ဟင်း...ဟင်း"

"မှီ"

"ညီ"

မှီ့အသံတိုးတိုးလေးက မင်း့ညနားထဲ ဖုံးတစ်လုံးလို ပေါက်ကွဲသွားသည်။ မှီ့နှုတ်ဖျားက တမ်းတသူအမည်က ညဆိုသည့် မင်းညအမည်မဟုတ်။ ညီဆိုသည့် မှီ့ချစ်သူ၏အမည်။ မင်းညရင်ထဲ နာကျင်သွားသည်။

"သတိရပြီလား မှီ၊ ကိုယ့်ကို မျက်လုံးဖွင့်ကြည့်ပါဦး"

မှီ မျက်လုံးလေးတွေ ဖြည်းဖြည်းချင်း ပွင့်လာ၏။





"ညီ"

"ဟော့...ဖြည်းဖြည်းထလေ"

"ညီရယ်"

မှီက မင်းညကိုမြင်သည်နှင့် လှဲနေရာက ကျုံးထပြီး မင်းညကို လွတ်ထွက်သွားမှာစိုးသည့်အလား သူမလက်ကလေးများဖြင့် တင်းကြပ်စွာ ဖက်ထားသည်။

"မှီ"

"ဟင့်အင်း...မှီ့ကို ညီခွဲမသွားရဘူး၊ မှီနားမှာပဲ ညီနေရမယ်"

"ညီ ရက်စက်တယ်သိလား"

"မှီ့ကို ညီရက်စက်တယ်"

"အဟင့်...ဟင့်...ဟင့်"

မှီက ကလေးလေးတစ်ယောက်လို မင်းညရင်ခွင်ထဲ တိုးဝင်ငိုရှိုက်ရင်း မင်းညရင်ကို လက်သီးဆုတ်လေးများဖြင့် အဆက်မပြတ်ထုရိုက်အပြစ်တင်ပါသည်။

"မငိုနဲ့လေ မှီ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ကြာ နေမကောင်းထပ်ဖြစ်နေမယ်"

"ဖြစ်ပလေ့စေ"

"ညီက မှီ့ကိုမချစ်ဘူးမဟုတ်လား"

"ပြောလေညီ"

"ညီက မှီ့ကို တကယ်မချစ်ပါဘူး"

"မှီကသာ ညီ့ကို မှီ့အသက်လောက် ချစ်ခဲ့ရတာ၊ ညီ့ကို မှီမခွဲနိုင်လို့ ညီ့နောက်ကို မှီလိုက်ခဲ့ရတာ၊ ညီကတော့ မှီ့ကို"

မှီက ပြောလည်းပြော ငိုလည်းငို။

"တော်တော့ မှီရယ်၊ မှီ နေကောင်းရင် အိမ်ကိုပြန်ကြမယ်"

မှီထံမှ အပြစ်တင်စကားတွေကို မင်းညီ မကြားချင်တော့။ ပြီးတော့ မှီက သူမချစ်သူ ညီဆိုသည့် ကောင်လေးအပေါ်ထားသည့် အချစ်၏တန်ဖိုး။ အချစ်၏ နက်ရှိုင်းလေးနက်မှုတွေကို မင်းညီ ဆက်ပြီးမခံစားနိုင်။

မှီ တန်ဖိုးထားပြီး အသည်းပေါက်မတတ် ချစ်မြတ်နိုးနေသည့် ချစ်သူက မင်းညီမဟုတ်။ မှီ့အချစ်တွေက မှီ့ချစ်သူမဟုတ်





သော မင်းညီကို လာထိသည်။

အခုချိန်မှာ မင်းညီဆိုတာ မှီရဲ့ချစ်သူ ညီမဟုတ်ဘူးလို့ ထပ်ရှင်းပြနေလို့လည်း ဘာမှမထူး။ မှီက မင်းညီကို သူမချစ်သူ ညီလို့ပဲ ထင်နေသည်။ ဒါကလည်း အခုမှမဟုတ်။ မင်းညီနဲ့ မှီ စတွေ့ထဲက လွဲနေသည့် အလွဲ။ မှီ့ကို အမှန်အတိုင်း ဘယ်လိုမှ ရှင်းပြ၍ မရသည့်အဆုံး မှီ့ကျန်းမာရေးကိုငဲ့ပြီး မင်းညီကိုယ်တိုင် သူ့ကိုယ်သူ မှီ့ချစ်သူ ညီနေရာ ရောက်မှန်းမသိ ရောက်ခဲ့ရသူ။

"လာ…မှီ ပြန်ကြမယ်"

"ဟင့်အင်း…မှီ မလိုက်ဘူး၊ ညီ့ဘာသာပြန်"

"ဘာတွေလဲကွ"

မှီက မင်းညီကိုယ်ကို တင်းကြပ်စွာ ဖက်ထားသည့် သူမ လက်ကလေးများကို ဖြေလွှတ်ပြီး မျက်နှာမှာ လက်ဖဝါးအပ်လျက် တသိမ့်သိမ့်ငိုသည်။

မင်းညီ မျက်ဝန်းအစုံကို မှိတ်လိုက်၏။ ရင်ထဲမှာက တင်းကြပ်မှုတွေနှင့် ပေါက်ကွဲချင်နေသမျှ ကြိုးစားထိန်းနေရသည်။

"ဟိတ်ကောင်…မင်းညီ ဟိုမှာ ဒေါက်တာလာနေပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လုပ်ဦး''

သရက ဆေးရုံခုတင်ပေါ်က မဆင်းသေးဘဲ တသိမ့်သိမ့် ရှိုက်ငိုနေသည့်လူနာနှင့် လူနာရှင် မင်းညကို လှမ်းသတိပေးသည်။

''ကြည့်စမ်း…လူနာက ငိုနေပါလား၊ ဘာဖြစ်တာလဲ၊ ရှင်တို့ကို လူနာစိတ်ဆင်းရဲအောင်၊ စိတ်ထိခိုက်အောင် မလုပ်ရဘူးလို့ ပြောထားတယ်မဟုတ်လား''

မင်းညတို့နားရောက်လာသည့် ဒေါက်တာမမက ငိုနေသော မို့ကိုကြည့်ပြီး မင်းညကို အပြစ်တင်သည်။

''ဒါက…ဟို''

''ညီမလေး ဘာဖြစ်တာလဲ၊ မမကိုပြော၊ မမကူညီနိုင်တာဆို ကူညီမယ်''

''ညီ…သူပေါ့''

''ဟုတ်ပြီ၊ သူက ဘာဖြစ်လဲ''

မို့လက်ဖြူဖြူလေးက မင်းညရှိရာ ရောက်လာသဖြင့် ဒေါက်တာမမ အကြည့်တွေက မင်းညထံ စူးလက်စွာ ရောက်လာ၏။





''ညီက မို့ကိုမချစ်ဘူး''

''မို့ကို ရက်စက်တယ် မမ၊ ညီ့ကြောင့် မို့ အခုလိုငိုနေရတာ၊ မို့ကပဲ ညီ့ကိုချစ်နေရတာ၊ ညီကတော့ မို့ကိုမချစ်ဘူး မမ''

မို့က အခုမှအားကိုးရာတစ်ခု တွေ့သွားသလို မင်းညကို လက်ညှိုးထိုးပြီး တိုင်သည်။

''မို့ပြောတာ ဟုတ်သလား''

ဒေါက်တာမမက မို့လူ။

''ကျွန်မလူနာ တစ်ခုခုထပ်ဖြစ်လို့ကတော့ ရှင့်ကြောင့်ပဲ''

''ဟာ''

''ရှင့်ဇနီးကို ရှင်မချစ်ဘူးလား''

''အာ''

ဒေါက်တာမမကိုယ်တိုင်က မင်းညကို မေးလာတော့ မင်းည မျက်နှာကြီး ရဲနီကာ အနေရခက်သွား၏။ မို့က အငိုရပ်ပြီး မင်းညကို ကြည့်သည်။

''ဖြေလေ…မို့ကို ညီမချစ်ဘူးလားလို့''

မို့ကလည်း ဖွတ်တရွတ်။ ဒေါက်တာမမရှေ့မှာ သူမကို



www.burmeseclassic.com

www.burmeseclassic.com



မချစ်ဘူးလား ဖွတ်မေးနေသည်။ အားလုံးအကြည့်တွေက မင်းည ထံ ရောက်နေ၏။ မင်းည ဘာဖြေမလဲဆိုတာ သိချင်နေကြသည်။ စိတ်ဝင်စားနေ၏။

''ဖြေလေ ညီ''

''ကိုယ်ဘယ်လိုဖြေရမှာလဲ မို''

မရှည်သောစိတ်ကို ဆွဲဆန့်ထားသည်။ အရင်လိုစိတ်နဲ့ဆိုပွဲသိမ်းပြီ။

''မို့ကိုမချစ်ဘူးလားလို့ ညီ့ကိုမေးနေတာ''

''ကိုယ်က ညီမဟုတ်ဘူး ည''

မို့နဲ့မင်းည အကြည့်ချင်းဆုံသွားသည်။ ဘယ်သူမှ အကြည့်ကိုမလွှဲ။

''ည…ဟုတ်လား၊ ညီမဟုတ်ဘူးပေါ့''

မို့အသံက တိုးတိုးလေး။

''ဟုတ်တယ်၊ ကိုယ်က ည၊ ညီမဟုတ်ဘူး''

''ရှင်တို့ဟာက ဘာတွေလဲ၊ ဘယ်သူက ညီလဲ၊ ဘယ်သူက ညလဲ''





ဒေါက်တာမမက စိတ်ရှုပ်သွားဟန်ဖြင့် မို့ကိုတစ်လှည့် မင်းညကိုတစ်လှည့် ကြည့်သည်။

''ညီက ညပါ မမ''

မင်းည ဖြေခြင်းမဟုတ်ပါ။ မို့က မင်းညကိုယ်စား ဝင်ဖြေလိုက်တော့ ပိုရှုပ်ကုန်သည်။

''ကဲ…ညီပဲဖြစ်ဖြစ် ညပဲဖြစ်ဖြစ် ကိုယ့်မိန်းမကိုယ် ဂရုစိုက်၊ ဖနီးမောင်နှံနှစ်ယောက် ချစ်ချစ်ခင်ခင်နေ၊ အခု ညီမအခြေအနေက စိတ်ချရပြီဆိုတော့ အိမ်ပြန်မယ်ဆိုလည်း ပြန်လို့ရပြီ''

''ကျေးဇူးတင်ပါတယ် မမ''

ဒေါက်တာမမက သူတို့နားက ထွက်သွားသည်။

''ပြန်ကြစို့ မင်းည၊ ဒေါက်တာမမ နောက်တစ်ခါပြန်ထပ်ဆုံရင် မျက်နှာပူစရာကြီး''

ဒီတစ်ခါ သရက သူ့သဘောထားကို ဝင်ပြောခြင်းဖြစ်သည်။ မင်းညကိုယ်တိုင်လည်း သရနှင့် တစ်သဘောထဲမို့ မို့လက်ကလေးကို ဆွဲယူလိုက်၏။

''ပြန်ကြစို့မို့''



www.burmeseclassic.com

www.burmeseclassic.com

''မို့ကိုချစ်လား''

''အင်း''

ခပ်မြန်မြန်ပဲ မင်းည ခေါင်းညိတ်လိုက်သည်။ ပြဿနာက ဒါမှရှင်းမည်။ အဖြစ်က မင်းညထင်သလိုမဟုတ်။ လှပဲသောမျက်ဝန်းရွဲကြီးတွေနှင့် မင်းညမျက်နှာကို မိုက မော့ကြည့်ပြီး လူကတော့ နေရာကမထ။

''သွားမယ် မို''

''ချစ်တယ်ပြောမှ''

''အာ''

ဒီလိုပြောလိမ့်မည် ထင်မထားသဖြင့် မင်းညမျက်နှာဖြန်းခနဲပူသွားကာ သရမျက်နှာကို လှမ်းကြည့်သည်။

''မေးနေတာဖြေလိုက်လေ မင်းည၊ ဒေါက်တာမမက မင်း မို့ကို စိတ်ချမ်းသာအောင်ထားရမယ်လို့ ပြောထားတယ် မဟုတ်လား''

''ချစ်ရင်ချစ်တယ်ပေါ့''

ပြုံးနေသည့် သရမျက်နှာဖောင်းဖောင်းကြီးကို လက်သီး





နှင့် စွတ်ထိုးပစ်ချင်သည်။ ဒီလောက်ရှုပ်ထွေးနေတဲ့ပြဿနာကို သိရက်နဲ့ အဆင်းမှာ ဘီးတပ်နေသေးသည်။

''မင်းပါးစပ်ကြီးကို ပိတ်ထား သရ''

''ဒါဖြင့် မင်းက မို့ကိုမချစ်ဘူးပေါ့''

''လုပ်ပြန်ပြီ၊ ဒီကောင်''

''မို့ကို မချစ်လို့ကတော့ ညီ့ဘာသာ ဘယ်သွားသွား မို ဒီမှာပဲနေရစ်မယ်''

ကြားထဲက မိုကတစ်မျိုး။

''ဒါကြောင့်ပြောတာ၊ မိုက ညီ့ကိုချစ်ရတာပါလို့''

''ညီမဟုတ်ဘူး ည''

''ညဖြစ်ဖြစ် မနက်ဖြစ်ဖြစ် မို့ချစ်သူက မို့ချစ်သူပဲ''

မင်းည စိတ်ရှုပ်ရှုပ်နှင့်ထအော်တော့ မိုကလည်း မျက်ရည်တွေနှင့် မင်းညကို ပြန်အော်သည်။

''ဟိတ်ကောင် မင်းည တော်သင့်ပြီကွ၊ ဒါ ဆေးရုံနော် မင်းအိမ်မဟုတ်ဘူး၊ အော်ကြီးဟစ်ကျယ်တွေ လုပ်မနေနဲ့''

ဆုတ်လည်းစူး၊ စားလည်းရှူးဆိုတာ ဒါနေမှာ။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်တယ်...ချစ်တယ်၊ ကဲ သွားမယ် လာ"

မင်းညအသံက တိုဆတ်ဆတ်။

မျက်နှာကလည်း နီနေသည်။ အထူးသဖြင့် သရရှေ့မှာ ဒီလိုပြောလိုက်ရတာ ပိုဆိုးသည်။ ဒီကြားထဲ သရထံက ရယ်သံသဲ့သဲ့ကို မကြားဟန်ဆောင်ထားရသေးသည်။ မင်းညဆိုတာ နာမည်တစ်လုံးနဲ့ နေလာတဲ့သူ။ အခုချိန်ထိ ဘယ်မိန်းကလေးကိုမှ ချစ်စကားပြောတတ်တဲ့လူစားမဟုတ်။

အခုတော့ ကိုယ့်ရည်းစားမဟုတ်တဲ့ သူများရည်းစားကို ချစ်ကြောင်းကြိုက်ကြောင်းတွေ ပြောနေရတာ ဘယ်ဘဝက ဝဋ်ကြွေးမှန်းမသိ။

"ဟိတ်...လာလေ"

"မလာပါဘူး"

"ဟ...ဘာလဲ မင်းကြားချင်တဲ့စကား ကိုယ်ပြောပြီးပြီနော်၊ နောက်ထပ် ပြဿနာမရှာနဲ့"

"ဘာပြဿနာလဲ၊ မှီက ညအတွက် ပြဿနာလား၊ ကိုယ့်ချစ်သူကိုယ်ချစ်တယ်ပြောတာများ ဆောင့်ကြီးအောင့်ကြီးနဲ့"





"အဲဒီလိုလေသံမျိုးနဲ့တော့"

"ကဲ...ကဲ သိပ်သိပ်ကိုချစ်ရပါတယ်တဲ့ မှီရယ်၊ ကျေနပ်ပြီလား"

"ခစ်...ခစ်"

"ဒါမှ မှီရဲ့ည"

မင်းည လက်မောင်းကို ပြေးခိုတွဲချိတ်လာသည့် မှီ့ကိုယ်လေးက မင်းညကိုယ်ကို နွေးခနဲ လာထိသည့်ခဏ သက်ပြင်းတစ်ချက် ချလိုက်သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"မင်းညု…ဟိုမှာလာနေတာ ခရစ္စတယ်မဟုတ်လား"

သရပြောမှ ခရစ္စတယ်နှင့်အတူ ရယ်ရယ်မောမော စကားပြောလာသည့် ခန့်ခန့်ချောချော မာမှီအရွယ် အမျိုးသမီးကြီးတစ်ယောက်ကို သတိထားမိသည်။ ခရစ္စတယ်က မင်းညုတို့ကို မမြင်သေး။ သရက မင်းညုနှင့်ခရစ္စတယ် လူကြီးချင်းသဘောတူထားတာသိသလို လက်ရှိ မင်းညုလက်မောင်းမှာ ခေါင်းမှီပါးအပ်ပြီး ခပ်ပြုံးပြုံးလိုက်လာသည့် မှီ့အခြေအနေကိုလည်း သိသည်။

"ဘယ်လိုလုပ်ကြမလဲ မင်းညု"

"နှုတ်ဆက်ရမှာပေါ့"

အဖြေက ဒါပဲဖြစ်သည်။ တခြားမရှိ။ မင်းညုကိုယ်တိုင်





ခရစ္စတယ်ကို သဘောကျတာမဟုတ်။ မှီ့ကြောင့် အထင်လွဲသွားလဲ နားအေးတာပဲဟု သဘောထားသည်။

"ဟယ်…ညု"

ခရစ္စတယ်က မင်းညုကိုမြင်သွားပြီး သူမစကားပြောနေသည့် အန်တီကြီးနားက မင်းညုနား အပြေးလျှောက်လာသည်။

"ဆေးခန်းကို ဘာကိစ္စ"

"ဆေးခန်းလာတယ်ဆိုမှ လူနာလာပြတာပေါ့ ခရစ္စတယ်"

အခုမှ ခရစ္စတယ်အကြည့်က မင်းညုလက်မောင်းကို ပိုင်နိုင်စွာ တွဲချိတ်ထားသည့် မှီရှိရာ ရောက်သွား၏။ လှပသော မှီ့ကိုမြင်ရတော့ ခရစ္စတယ်မျက်နှာပေါ်က တောက်ပလင်းလက်နေသောအပြုံးတွေ မှိန်ဖျော့သွားကာ မျက်နှာပါပျက်သွား၏။

သို့သော် ချက်ချင်းပင် ဘာမှမဖြစ်သလို ရယ်မောလိုက်ပြီး…

"ခရစ္စတယ် မိတ်ဆက်ပေးဦးလေ ညု၊ သူကဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မှီတဲ့"

မင်းည ဒါပဲပြောလိုက်သည်။ ခရစ္စတယ်က မကျေနပ်။

"ဒါပဲလား မင်းည"

"ဒါပဲပေါ့"

"မဟုတ်ဘူးလေ ည၊ မှီက ညရဲ့တစ်ဦးတည်းသော အချစ်ဆုံးချစ်သူ၊ မကြာခင် လက်ထပ်မဲ့ ဇနီးလောင်းဆိုတာပါ ပြောပြလိုက်ဦးလေ"

"ဘာ…ဘယ်လို"

"မှီ ငြိမ်ငြိမ်နေလေ"

"အို…မှီက အမှန်တွေပြောနေတာ၊ ဘာလို့ငြိမ်နေရမှာလဲ"

"ကဲ…ပြော မှီက ညချစ်သူမဟုတ်လို့ ဘာလဲ"

ပြောကာမှ ပိုဆိုးသွားသဖြင့် မှီ့စကားကြောင့် မင်းည ပါးစပ်ပိတ်သွားသည်။ အဖြစ်မှန်ကို ဘယ်လိုရှင်းပြရမှန်းမသိ။ မှီက ခရစ္စတယ်ငြိမ်သွားတာကို မကျေနပ်။ သူမရှေ့မှာ တခြား မိန်းကလေးတစ်ယောက်နှင့် ဖောက်ပြန်ချင်နေသော မင်းညကို မှီက





သူမချစ်သူ ညအဖြစ် စိတ်ဆိုးစိတ်ကောက်လျက် နှုတ်ခမ်းစူလာသည်။

"ပြောလိုက်လေ ည၊ မှီနဲ့ညတို့က သိပ်ချစ်တဲ့ချစ်သူတွေဆိုတာ ခရစ္စတယ်ကို ညကိုယ်တိုင် ပြောပြလိုက်"

"ပြောလေ ည"

"ပြောပြလိုက်ဆို"

မှီက ဇွတ်တရွတ်။

မင်းညချစ်သူအဖြစ် သူမကိုယ်သူမ ခရစ္စတယ်ကို တရားဝင်ကြေငြာရုံတင်မက မင်းညကိုပါ ပြောခိုင်းနေသည်။ ဒါကလည်း ပါးစပ်က ရိုးရိုးပြောခိုင်းတာမဟုတ်။ မင်းညလက်မောင်းကို လက်သီးဆုပ်ကလေးတွေနှင့် မနာကျင်အောင် တဖျတ်ဖျတ် ထုရိုက်လျက် ချစ်စရာကောင်းအောင် ဆိုးနွဲ့စွာ နှုတ်ခမ်းစူ၍ ဆိုခြင်းပါ။

"ဘယ်လိုလဲ မင်းည၊ ယူတို့က တကယ့်ချစ်သူတွေလား"

သြော် အရေးထဲ ခရစ္စတယ်ကတစ်မျိုး။



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

မင်းည ခေါင်းညိတ်လိုက်တော့ ခရစ္စတယ်မျက်နှာ ပျက်သွားသလောက် မို့မျက်နှာက အပြုံးဖြင့် ဝင်းပနေ၏။ မကြာခင်

"ဒါဖြင့် သူပြောသလို လက်ထပ်ကြတော့မယ်ဆိုတာက ရော အမှန်ပဲလား"

"အင်း"

ဒုတိယအကြိမ် မင်းည ခေါင်းညိတ်တော့ မို့က အားမလို အားမရ။

"ခေါင်းချည်းညိတ်မနေနဲ့လေ ညရဲ့၊ မို့နဲ့ည မကြာခင် လက်ထပ်တော့မှာ၊ ဖိတ်စာပါပို့လိုက်မယ်ဆိုတာပါ ပါးစပ်က တစ်ခါတည်းထည့်ပြောမှပေါ့"

"ပြောလိုက်လေ ည"

"အင်း...အင်း သူပြောတဲ့အတိုင်းပဲ ခရစ္စတယ်၊ ကိုယ်တို့ သွားတော့မယ်"

"လာ...မို့"

"သွားပြီနော် မမ"





မို့ကပါ ဝင်နှုတ်ဆက်နေသဖြင့် မင်းည မို့လက်ကိုဆွဲပြီး ခြေလှမ်းကျဲကျဲဖြင့် ထွက်လာခဲ့သည်။

"အဲဒီမမက လှတယ်နော် ည၊ သူက ဘယ်သူလဲဟင်"

"ကိုယ့်သူငယ်ချင်း"

"မို့ကတော့ ညချစ်သူနော်"

"ဟုတ်ပါပြီ၊ ကဲ ကားပေါ်တက်"

မို့လက်ကိုဆွဲပြီး မင်းညကိုယ်တိုင် မို့ကို ကားပေါ်တက် စေသည်။ သရကတော့ မင်းညနဲ့ မို့အဖြစ်ကို ကြည့်ပြီး ခေါင်းတညိတ်ညိတ်။ ကားကို နေရာက ခပ်ပြင်းပြင်းမောင်းထွက်ခဲ့သည်။ မင်းညစိတ်ထဲမှာ ဘာမှန်းမသိ ခံစားချက်တစ်မျိုးနှင့် တင်းတင်းကြီး ဖြစ်နေသည်။

မို့ကို ကြည့်လိုက်တော့ အပြုံးလှလှနှင့် မင်းညမျက်နှာကို ဘယ်အချိန်ထဲက ငေးနေမှန်းမသိသော မျက်ဝန်းလှဲ့လဲ့နှင့်အဆုံမှာ မင်းညရင်ထဲ ဒိတ်ခနဲဖြစ်သွား၏။

"ညက အရမ်းချစ်ဖို့ကောင်းတာပဲနော်"

"မို့လေ...ညကို သိပ်ချစ်တယ်သိလား"



www.burmeseclassic.com

www.burmeseclassic.com



လုပ်လိုက်ကွ။ မှီဆိုတဲ့ ကလေးမက ညကို သိပ်ချစ်တယ် ဆိုပဲ။ မင်းညမျက်နှာကြီး ပူထူသွားသလို ထင်မိသည်။ ဘယ်သူကမှ မင်းညမျက်နှာကို တစိမ့်စိမ့်ကြည့်ပြီး မင်းညကို ချစ်ကြောင်း မပြောဘူး။ ကြားလည်းမကြားဘူးခဲ့ပါ။ မှီဆိုသည့် သူမနှင့်ကြမှ မင်းည မျက်နှာအထားရခက်အောင် သူမပဲ တတ်နိုင်သည်ထင်။

"ည"

"ဟင်"

"မှီ့ကို မုန်းလား"

လူတစ်ယောက်ကို အလကားမုန်းသူမရှိ။ မင်းည ခေါင်းခါ လိုက်သည်။

"ဟင့်အင်း"

"ဒါဖြင့် ချစ်တယ်ပေါ့"

မင်းည ဘာပြောရမှန်းမသိ။

"ဖြေလေ...ည မှီ့ကိုချစ်တယ်လို့"

"အင်း"

"ပါးစပ်က ဖြေပါဆို"





"အင်း...ချစ်တယ်"

မင်းည ဖွတ်မှိတ်ပြီး ခေါင်းအညိတ်မှာ ကားနောက်ခန်းက သရထံမှ ခွိခနဲရယ်သံကြီးကို ကြားဖြစ်အောင် ကြားလိုက်သဖြင့် မင်းညမျက်နှာ ရဲခနဲဖြစ်သွားသည်။

"မှီလည်း ညကိုချစ်တယ်"

မှီ့အသံက တိုးတိုးလေး။ သို့သော် မင်းည နှလုံးသားကို လှုပ်ခတ်မှုပေးနိုင်တာကို ဝန်မခံလို့မဖြစ်။ ညကမ္ဘာရှိရာသို့ ကားကို ဦးတည်ခိုက်မှာ ကားဟွန်းသံ ဆူဆူညံညံနှင့် နောက်ကားတစ်စီးက မင်းညကားကို ဓွတ်အတင်းကျော်ဖြတ်ဖို့ ကြိုးစားသည်။

မခံချင်စိတ်နဲ့ တစ်ဖက်ကားကို လှမ်းကြည့်လိုက်တော့ အသက်ကြီးကြီးလူတစ်ယောက်က မင်းညတို့ကားကို ရပ်ဖို့ အချက်ပြနေသဖြင့် မင်းည မျက်ခုံးတွန့်သွား၏။

ဒါက ဘာသဘောလဲ။ ဒီလူကို မင်းညလည်းမသိ။

ကားကိုရပ်မပေးဘဲ အရှိန်မြှင့်ပြီး မင်းညဆက်မောင်းတော့ တစ်ဖက်ကားပေါ်ကလူက ပြူးပြူးပြာပြာနှင့် ကားရပ်ဖို့ ဓွတ်အော်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွ…မင်းညှ အသည်းအသန်ကြီးပါလား၊ ကားကိုရပ်ပေးပြီး ဘာကိစ္စလဲမေးကွာ"

သရအသံက စိတ်မရှည်သံ။

မင်းညက သူ့ကားကို လူရှင်းသည့်နေရာမှာ ထိုးရပ်လိုက်တော့ အတူပါလာသည့် ကားပါ ရှေ့ဆင့်နောက်ဆင့် ရပ်သွားပြီး ကားတံခါးတွေ တဝုန်းဝုန်းပွင့်သွား၏။

စုစုပေါင်း လူသုံးယောက် ပြေးဆင်းလာပြီး မင်းညကားနား ရောက်လာသည်။ အားလုံး၏အကြည့်တွေက တစ်နေရာထဲ။ တစ်ယောက်တည်းမှာ ရောက်နေ၏။

"သမီး…မို့"

"မို့ သမီးလေး"

"အမလေး ကံကောင်းလို့ မာမို့သမီးလေးကို ပြန်တွေ့ရတာပါလားကွယ်"

ချောမောခန့်ညားသည့် အမျိုးသားကြီးတစ်ယောက်၊ လှပသည့် အမျိုးသမီးကြီးတစ်ယောက်၊ နောက် ဒရိုင်ဘာနှင့်တူသူ တစ်ယောက်။ မို့ မျက်နှာလေးကို တစိမ့်စိမ့်ကြည့်လျက် မျက်ရည်





ပေါက်ပေါက်ကျကာ အခုပဲ မို့ကို ဆွဲတော့လွဲတော့မလို ယူကျုံးမရဖြစ်နေသည့် မို့မာမီနှင့် သူမ၏ဒက်ဒီဟု ထင်ရသူကို မို့က ဘာတစ်ခွန်းမှ စကားမဆိုဘဲ ခပ်ကြောင်ကြောင် ကြည့်နေ၏။

"သမီး ဒက်ဒီလေ၊ အခုဘယ်သွားမလို့လဲ၊ အိမ်ပြန်ဟင်"

မို့ဒက်ဒီစကားက တစ်ဝက်တစ်ပျက်နှင့် ရပ်သွားပြီး ခင်းညမျက်နှာကို တအံ့တသြကြည့်လျက် မျက်စိမျက်နှာပျက်သွား၏။ မို့မာမီကလည်း အခုမှ မင်းညကို မြင်သွားပုံဖြင့် ဘာမှမပြောနိုင်ဘဲ အံ့ဩနေ၏။

"မင်း…မင်းက"

"ကျွန်တော် မင်းညပါ အန်ကယ်"

"မင်းည ဟုတ်လား"

မို့မာမီထံမှ ထွက်လာသော အသံဖြစ်ပြီး အခုချိန်ထိ မင်းညမျက်နှာကို တအံ့တသြကြည့်နေဆဲဖြစ်သည်။

"ဟုတ်ပါတယ် အန်တီ၊ ကျွန်တော် မင်းညပါ"

"ညီ…ညီတော့ မဟုတ်ပါဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



“ညီပဲလေ…ညဆိုတာ ညီပဲပေါ့”

“သမီးလေး မို”

“ဒီတစ်ခါတော့ မို့ကို ညနဲ့ခွဲလို့မရတော့ဘူး မာမီ၊ မိုက ညနားမှာပဲ တစ်သက်လုံးနေတော့မှာ၊ ညကလည်း မို့ကို သူ့နားက ဘယ်လိုမှ သွားခိုင်းတော့မှာမဟုတ်ဘူး၊ ဟုတ်တယ်မဟုတ်လား ည”

“အင်း”

“အဲဒါကြောင့် ညကို မိုကချစ်တာ”

“အို”

မို့မာမီရော ဒက်ဒီပါ မျက်နှာပျက်နေပေမယ့် မိုက ဂရုမစိုက်။ မျက်ရည်ပြည့်နေသော မျက်ဝန်းပြာကြီးတွေနှင့် မင်းညမျက်နှာကို ငေးကြည့်ရင်း မျက်နှာလှလှလေး ပြုံးနေသည်။

“မိုတို့သွားတော့မယ်”

“အို…မဟုတ်ဘူး၊ သမီး မိုက မာမီတို့နဲ့ ပြန်လိုက်ခဲ့ရမှာ”

“မလိုက်ဘူး၊ မလိုက်ဘူး”





“မိုက ညနဲ့အတူတူနေတာ၊ မိုက ညရဲ့ချစ်သူ၊ ညရဲ့ မိန်း”

“အမလေး”

“ထရီဇာ သတိထားလေ”

မိုက်ခနဲ လဲပြိုသွားသည့် မို့မာမီကို မို့ဒက်ဒီက အချိန်မီ ဝင်ပွေ့ပြီး ထိန်းလိုက်၍ လဲပြိုမသွားသော်လည်း အခြေအနေက တော့ အတော်ရှုပ်ထွေးနေပါသည်။

“အန်ကယ်တို့ကို ဆက်သွယ်ရမယ့်လိပ်စာသာ ကျွန်တော့်ကိုပေးပါ အန်ကယ်၊ ဒီမှာ ကျွန်တော့်လိပ်စာကဒ်ပါ”

“အို…ဘာလို့ ညလိပ်စာကို ပေးတာလဲ၊ မပေးနဲ့ညး ဒီတစ်ခါလည်း မာမီက မိုနဲ့ညကို ခွဲဦးမှာပဲ”

“ပေး…အဲဒီကဒ်”

“ဟိတ်…မို အဲဒီလိုဖွတ်မလုပ်ရဘူးလေ”

“သမီးလေး မို”

“မခေါ်နဲ့၊ မို့ကို ဘယ်သူမှမခေါ်နဲ့”

“မအော်ရဘူးလေ မို”



www.burmeseclassic.com

www.burmeseclassic.com



"အော်မယ်…ညလည်း မို့ကိုမချစ်ဘူး၊ မချစ်လို့ မို့ကို ပြန်ထည့်ပေးချင်နေတာ"

"အီး…အဟင့်…ဟင့် ညကိုမုန်းတယ်"

"သိပ်မုန်းတယ် သိလား"

မို့က ကလေးတစ်ယောက်လို အသံထွက်ငိုရင်း မင်းည တစ်ကိုယ်လုံး လက်သီးလေးများဖြင့် အဆက်မပြတ် ထုရိုက်သည်။

"မို့…နေဦး ကိုယ်ပြောမယ်"

"မပြောနဲ့၊ ဘာမှမကြားချင်ဘူး"

"ညကိုမုန်းတယ်"

"အီး…အဟင့်…ဟင့်"

မင်းညက မို့လက်သီးဆုပ်လေးများကို ဖမ်းယူဖို့ ကြိုးစားသည်။ မို့က မခံ။ နှစ်ယောက်သား ရုန်းရင်းဆန်ခတ်ဖြစ်နေချိန် သရ ကားပေါ်ကဆင်းသွားပြီး မို့ဒက်ဒီနှင့် မာမီနား ရောက်သွားသည်။

"ကျွန်တော်က မင်းညသူငယ်ချင်း သရပါ အန်ကယ်၊ ကိစ္စအသေးစိတ်ကို နောက်မှ အန်ကယ့်ကို ရှင်းပြပါရစေ၊ ဒီမှာ





မင်းညလိပ်စာပါ"

"ဒီမှာ အန်ကယ့်ဗစ်ဇစ်တင်းကဒ်ပါ မောင်သရ၊ အခု မင်းတို့က ဘယ်ကိုသွားကြမှာလဲ"

သရလက်ထဲ ရောက်လာသည့် ကဒ်ဖြူဖြူလေးကို သိမ်းလိုက်၏။

"မင်းညအိမ်ကို ပြန်မှာပါ အန်ကယ်၊ မို့ နေမကောင်းလို့ ဆေးခန်းကပြန်လာကြတာပါ"

"သမီး နေမကောင်းဘူးဟုတ်လား မောင်သရ၊ သမီးလေး ဘာများဖြစ်လို့လဲကွယ်"

"သရ…အန်ကယ် ဒီမှာ မို့ကိုခေါ်လို့မရတော့ဘူး"

"သမီး"

"မို့…မို့"

အားလုံး ပျာကုန်သည်။

"ဆေးခန်းကိုမောင်း မင်းည"

"နေဦး…နေဦး အန်ကယ်တို့သမီးနဲ့အတူ အန်ကယ်တို့ပါလိုက်ခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



မို့မာမီ ဒေါ်ထရီဇာကိုယ်တိုင် မင်းညကားပေါ် ပါလာသည်။ မင်းညတို့ကားနောက်က မို့ဒက်ဒီ ဦးဇော်လတ်ကား။ ဆေးခန်းကို ဝုန်းဒိုင်းကျဲရောက်သွားတော့ သတိမေ့နေသည့် မို့ကိုယ်လေးကို မို့ဒက်ဒီကိုယ်တိုင် ပွေ့ချီမယူသွား၍ သရနှင့် မင်းညတစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိသည်။

သမီးရှင်ပီသပုံကို သဘောကျ၍ပါ။ မို့ကိုယ်တိုင် မင်းညရင်ခွင်ထဲဝင်ချင်တဲ့အချိန်ဝင်၊ ထွက်ချင်တဲ့အချိန်ထွက် စိတ်တိုင်းကျလုပ်နေတာမြင်လျှင် ဘယ်လိုနေမည်မသိ။ မင်းညကိုယ်တိုင်မှာတော့ မို့က သူမချစ်သူအဖြစ် စိတ်ထင်တိုင်းကျဲသမျှ ဘာခံစားချက်မှ မရှိသလို နေပြနေရပေမဲ့ ရင်ထဲမှာတော့ မို့အပြုအမူတိုင်း မင်းညနှလုံးသားကို အရှိန်ပြင်း လှိုင်းပမာ ပုံတင်ရိုက်ကျန်ခဲ့သည်ချည်း။

"လူနာရှင်ဘယ်သူလဲ"

"ကျွန်မတို့က သမီးလေးမိဘတွေပါရှင်"

မို့မာမီနှင့် ဒက်ဒီက သတိမေ့နေသော မို့အေးမှာ မို့လက်တစ်ဖက်စီ ကိုင်ထားလျက် အနေအထားအတိုင်း စိုးရိမ်ကြီးစွာမျက်စိမျက်နှာပျက်ပျက်နှင့် မို့မျက်နှာလေးကို ငုံ့ကြည့်နေကြသည်။





ဆရာဝန်က လိုအပ်တာတွေ စစ်ဆေးပြီး ဆေးတစ်လုံးထိုးပေးသည်။ ပြီးတော့ မို့မိဘနှစ်ပါး၏မျက်နှာကိုကြည့်ကာ မို့ကိုစိတ်ချမ်းသာအောင်ထားဖို့ မို့ကို နောက်ထပ်စိတ်မဆင်းရဲပါစေနဲ့ စိတ်ထိခိုက်မခံပါနဲ့ဆိုတာတွေ ပြောနေ၏။

မို့ရောဂါက နှလုံးအားနည်းသည့်ရောဂါ။ ဒါတွေကို မင်းညနှင့်သရကို ဆရာဝန်မမက နားပူလောက်အောင် ပြောပြီးသား။ ကြားနေကျစကားဖြစ်၍ မင်းညတို့အတွက် မထူးတော့သော်လည်း မို့မာမီနှင့် ဒက်ဒီမှာ ခြေမကိုင်မိ လက်မကိုင်မိ။

မို့ကို သမီးချင်းထပ်အောင်ခေါ်လျက် မို့မာမီက ကျိတ်မျက်ရည်ကျနေ၏။ မို့ဒက်ဒီက မို့မာမီပခုံးကို ဖက်ထားပြီး မငိုရန်နှစ်သိမ့်နေ၏။

"ဘယ်လိုလဲ မင်းည၊ အခုချိန် မင်း မို့ကိုထားပြီး လစ်ပြေးရင် မကောင်းဘူးလား"

သရက တိုးတိုးကပ်ပြီး ကျိတ်သတိပေးသဖြင့် မင်းညအကြည့်တွေက ဆေးရုံခုတင်ထက်က မို့မျက်နှာလှလှလေးထံဖျတ်ခနဲ ရောက်သွားသည်။ မို့ သတိရရင် သူ့ကိုများ လိုက်ရှာ



www.burmeseclassic.com

www.burmeseclassic.com

နေဦးမှာလား။

"သွားမယ်ဆို အချိန်မီသေးတယ်နော် မင်းည၊ တော်ကြာ မင်းမီက"

"ည"

"ဟော…ပြောရင်း မင်းမီ သတိရလာပြီ"

"သမီး…သမီးလေး မာမီရှိတယ်လေ"

"ည…ည ဘယ်မှာလဲ၊ ညကိုခေါ်ပေး၊ ညကိုခေါ်ပေး ပါ"

"မငိုနဲ့လေ သမီး၊ ဟိုမှာ သမီးရဲ့ည ရှိပါတယ်ကွယ်"

မို့မာမီက သမီးကိုချော့ရင်း မျက်ရည်တွေနှင့် မင်းညတို့ ရှိရာ လှမ်းကြည့်သည်။

"မောင်မင်းည"

မင်းည ဘယ်လိုမှမသိသလို ဟန်ဆောင်နေ၍မရတော့ မီနားကို ရောက်သွား၏။

"မီ"

"ညရယ်"





မီက မင်းညကို မြင်တာနှင့် ကလေးတစ်ယောက်လို မင်းညရင်ခွင်ထဲ ပြေးဝင်လိုက်တာမို့ အားလုံးတိတ်သွားကာ မင်းည နှင့်မီကို ငေးနေကြသည်။

"မို့ကို ထားမသွားပါနဲ့ညရယ်၊ ညကို မီ မခွဲနိုင်ဘူး"

"ညမရှိရင် မီသေမှာသိလား"

မီက မင်းညကိုယ်ကြီးကို တင်းကြပ်စွာဖက်ထားပြီး ကလေးလေးလို မင်းညရင်ခွင်ထဲ တိုးဝင်ငိုနေသည်။ မင်းညမှာ မီကိုယ်လေးကို ထိရအခက် ကိုင်ရအခက် မီမိဘတွေရှေ့မှာ မျက်နှာ အထားရခက်စွာ မျက်နှာသွေးရောင်လွှမ်းနေ၏။

"မငိုနဲ့လေ…မီနားမှာ ကိုယ်ရှိနေပြီပဲ၊ ဘာလို့ ဒီလောက် ငိုနေတာလဲ"

"မို့ကို ညထားသွားမှာစိုးလို့"

"မထားပါဘူး၊ ကလေးကျနေတာပဲ၊ မျက်ရည်တွေသုတ် လိုက်"

"ည သုတ်ပေး"

မျက်ရည်တွေနှင့် လှပသောမျက်နှာလေးက မင်းညရင်ခွင်


www.burmeseclassic.com

www.burmeseclassic.com



ထဲ ခပ်မော့မော့လေးဖြစ်နေတာကို ငုံ့ကြည့်ရင်း မင်းည မိဘတွေ ရှေ့မှာ ဘာလုပ်ရမှန်းမသိ။

"သမီးစိတ်ချမ်းသာအောင် သုတ်ပေးလိုက်ပါသားရယ်"

မှီမာမီ ဒေါ်ထရီဇာကိုယ်တိုင် မင်းညလက်ထဲ လက်ကိုင်ပဝါ ဖြူဖြူလေး လာထည့်ပေးသည်။ မင်းည ရှေ့မျက်နှာနောက်ထားပြီး မှီမျက်နှာပေါ်က မျက်ရည်တွေကို ဖြူဆွတ်ဆွတ် လက်ကိုင်ပဝါလေးနှင့် ခပ်ဖွဖွလေး သုတ်ပေးလိုက်ရသည်။

ပထမဆုံးအကြိမ် ကိုယ်နဲ့ဘာမှမပတ်သက်သော သူစိမ်းမိန်းကလေးတစ်ယောက်၏ ပါးပြင်ပေါ်က မျက်ရည်များကို မင်းညကိုယ်တိုင် ဖယ်ရှားပေးရသည့်အဖြစ်က မင်းညရင်ထဲ ဘယ်လိုမှမရသော ပုံရိပ်ဖြစ်သွား၏။

❖ ❖ ❖



## အခန်း (၁၆)

"ဘယ်လိုလုပ်ကြမလဲ ကို"

"ထရီဇာကရော ဘယ်လိုလုပ်ချင်လဲ"

ဒေါ်ထရီဇာအမေးကို ဦးဇော်လတ်ကိုယ်တိုင်က အမေးဖြင့် ထပ်တုံ့ပြန်လိုက်သဖြင့် ဒေါ်ထရီဇာ ဘာပြောရမှန်းမသိ ဖြစ်သွား၏။

"ကောင်လေးက ညီနဲ့တူလိုက်တာ ကိုရယ်"

"ဒါကြောင့် သမီးက မင်းညကို ညီညီလို့ထင်နေတာပေါ့ ထရီဇာ"

အသံတွေ ခဏတော့ တိတ်သွားသည်။ သမီးမှီ ပျောက်သွားတုန်းက ဒေါ်ထရီဇာတို့ မိသားစု ကမ္ဘာပျက်မတတ် ဖြစ်ခဲ့

စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ အခုပြန်တွေ့ရတော့လည်း သမီးဖြစ်သူက ဒေါ်ထရီဇာ
တို့ မိဘတွေထက် မင်းညဆိုသည့် ကောင်လေးအနားက မခွာ။

ဦးဇော်လတ်ရော ဒေါ်ထရီဇာပါ မိုကြောင့် မျက်နှာ
ဘယ်လိုထားရမှန်းမသိ။ ကိုယ့်သမီးက ရွှေလိပ်ပြာ၏ တစ်ဦးတည်း
သော အမွေဆက်ခံရရှိမည့်သမီး။ ပြီးတော့ အားလုံးက ဖူးဖူးမှုတ်
အလိုလိုက်ထားခဲ့သည့် အပျိုစင်။

အချစ်ရေးမှာ ညီညီဆိုသည့် ကောင်လေးကြောင့် သမီး
အပေါ်မှာ ရက်စက်မှုဖြစ်စေခဲ့သလို သမီးချစ်သူ ညီညီဆိုသည့်
ကောင်လေး ဘဝခန္ဓာပျက်ဆုံးစေခဲ့သည်။

"ထရီဇာတော့ ဝဋ်လည်ပြီကို"

"ထရီဇာ"

"ထရီဇာ တကယ်ပြောတာကို၊ မင်းညဆိုတဲ့ကောင်လေး
က ဦးသက်မင်းရဲ့သား၊ နာမည်ကြီးပဲ၊ အခုချိန်ထိ ဘယ်မိန်းကလေး
ကိုမှ မချစ်ဘူး၊ အထင်လည်းမကြီးဘူးတဲ့"

ဒေါ်ထရီဇာအသံက တုန်နေ၏။

"ဒါပေမယ့် သမီးက သူ့အိမ်မှာ သူနဲ့အတူနေတာပဲ





ယောက်ျားပီပီ သူ့တာဝန်သူယူရမှာပေါ့ ထရီဇာ"

"ကို သူ့ကို အဲဒီလိုပြောမှာလား"

ဦးဇော်လတ် အကြည့်က ဒေါ်ထရီဇာထံ ရောက်သွား၏။

"ကို့သမီးရဲ့ ကျန်းမာရေးအခြေအနေက ပုံမှန်မဟုတ်ဘူး၊
ပြီးတော့ မင်းညကို သမီးက သူ့ချစ်သူညီညီလို့ ထင်နေတာ ကြာဖန်
ပြီး ကျေးဇူးတင်ရမယ်ဆိုရင် ထရီဇာတို့ သမီးလေးကို ဖြစ်ချင်ရာ
ဖြစ် လမ်းမှာပြစ်မထားခဲ့တာကိုပဲ"

"တော်တော့ ထရီဇာ၊ တို့သမီးကို ကျန်းမာရေးကြောင့်ပဲ
ဖြစ်ဖြစ်၊ လူမှုရေးကြောင့်ပဲဖြစ်ဖြစ် သူ့အိမ်မှာခေါ်ထားရင်
သူ့တာဝန်ပဲ"

"သမီးကို သူ လက်ထပ်ရမယ်"

"ကိုက ဖွင့်အတင်းပြောလို့ သူက လက်မခံရင်ရော"

ဦးဇော်လတ် ထိုင်ရာက ဝုန်းခနဲ ထလိုက်သည်။

"ကို သူ့မိဘတွေနဲ့ သွားတွေ့မယ်"

"ကို နောက်ကျသွားပြီ၊ ထရီဇာ မင်းညမာမီ ဒေါ်မမနဲ့
တွေ့ပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"သူ့သားသဘောတဲ့၊ မင်းညမှာ လူကြီးချင်းသဘောတူပြီး စေ့စပ်ထားတဲ့ မိန်းကလေးရှိတယ်လို့ ထရီဇာကို ပြောလိုက်တယ်"

"ဘာကွ"

"သားသမီးချင်းမစာမနာ ကိုယ်တို့က သမီးရှင်ကွ၊ ဒီလိုတာဝန်မဲ့စကားပြောလို့ရမလား"

"အခုကိစ္စမှာ သူတို့သားက ဖြစ်နေတာမှမဟုတ်ဘဲ ထရီဇာတို့သမီးလေးက သူတို့သားကို မခွဲနိုင်ပါဘူးဆိုပြီး ထရီဇာတို့မိဘတွေခေါ်ရာနောက် ပြန်မလိုက်တာပဲကြည့်လေ"

"သူများသားကို ကိုယ့်သမီးနဲ့ သဘောမတူနိုင်ပါဘူးလို့ ပြောခဲ့တာ အခု ထရီဇာမှ ဝင့်ရှုလည်တယ်မပြောရင် ဘယ်သူပြောမလဲ"

ပြောရင်း စိတ်ထိခိုက်ဝမ်းနည်းစွာ ဒေါ်ထရီဇာ ငိုလိုက်တော့ ဦးဇော်လတ် ဒေါ်ထရီဇာကိုယ်လေးကို ရင်ခွင်ထဲ တင်းကြပ်စွာ ထွေးပွေ့ထားလိုက်သည်။



ဒေါ်ထရီဇာလို မငိုပေမယ့် ဦးဇော်လတ်ရင်ထဲမှာလည်း တင်းကြပ်မှုတွေနှင့် ပေါက်ကွဲချင်နေ၏။ ဦးဇော်လတ်ဘဝမှာ ဒီလိုအဖြစ်မျိုး ရှိလာမည်ဟုမထင်ခဲ့။ ကိုယ့်သမီးက ပုံမှန်မဟုတ်။ ချစ်သူညီအတွက် စိတ်ထိခိုက်ပြီး အိမ်ကထွက်သွားရာမှ မင်းညနှင့်တွေ့သည်။ မင်းညဆိုသည့်ကောင်လေးက ညီညီနှင့် ရုပ်ချင်းတူသည်ဆိုတော့ စိတ်ပုံမှန်မဟုတ်သော မီအမြင်မှာ မင်းညက မီ့ချစ်သူဖြစ်နေ၏။ သေကွဲကွဲရပြီဟု သိထားသော ချစ်သူက ပြန်တွေ့ချိန်မှာ မီက သူမချစ်သူ၏ အရိပ်ကလေးအဖြစ် မခွဲအတူရှိနေသူ။

ဘယ်သူဘာပြောပြော ဂရုမစိုက်တော့။

မင်းညဆိုသည့် ကောင်လေးက မီ လူမှားနေကြောင်း ဘယ်လိုရှင်းပြရှင်းပြ မရ။ ဒီကြားထဲ မီ့ရဲ့မွေးရာပါ နှလုံးအားနည်းရောဂါက ထလာတော့ မီ့ကို အတင်းအကြပ် ဘာမှမလုပ်ရဲ။ မီတစ်ခုခုဖြစ်မှာ ကြောက်နေသည်။

ဒီလိုနဲ့ပဲ ဆေးရုံကဆင်းတော့ မီက သူတို့လူကြီးမိဘတွေရှေ့မှာပဲ မင်းညလက်ကို မလွှတ်တမ်းဆွဲပြီး မင်းညကားပေါ်တက်၊ မင်းညအိမ်ကို လိုက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ ဘာမှမပြောရဲ။

ကိုယ့်သမီး အပျိုလေးကိုယ်တိုင်က သည်းသည်းလှုပ်လှုပ်။ တစ်ဖက်က လူပျိုလေးကို ဖွတ်ချစ်ပြနေတာဆိုတော့ မိဘနှစ်ပါး၏ မျက်နှာ ဘယ်ထားရမှန်းမသိ။ ကာယကံရှင်ဖြစ်သော မင်းညဆိုသည့် လူချောလေး၏ မျက်နှာမှာ စိတ်ရှုပ်ထွေးမှုတွေ အထင်းသား။

သမီးရှင်တွေရှေ့မှာ အနေရခက်နေမှန်း အားလုံးသိသည်။ မိုးကို ဘယ်လိုနားချပြောပြလို့မရတော့ မိုးမိဘတွေရှေ့မှာလည်း မိုးကို ညကမ္ဘာကို ပြန်ခေါ်သွားသည့်အဖြစ်တွေ။

ဘာဆိုဘာမှမတတ်နိုင်။

သမီးရှင်ပေမယ့် ဒီအတိုင်း လက်ပိုက်ကြည့်နေခဲ့ရသည်။ သားရှင်ဘက်က ပြတ်သည်။ လူကြီးချင်း စေ့စပ်သဘောတူထားသည့် သတို့သမီးလောင်းရှိကြောင်း ဖွင့်ပြောပြီး အားလုံး သူ့သားသဘောဆိုတာနှင့် ကိစ္စပြတ်သွား၍ မင်းညကိုပဲ ဒူးထောက်တောင်းပန်ပြီး ကိုယ့်သမီး အပျိုနုနုထွတ်ထွတ်ကို လက်ထပ်ယူပါဟု ဖွတ်ပြောရတော့မလိုဖြစ်နေ၏။





"မငိုပါနဲ့ ထရီဇာရယ်၊ ကိုယ်တို့သမီးလေး ကံကောင်းမှာပါ"

ဒေါ်ထရီဇာ ဘာမှမပြော။ ခင်ပွန်းသည်ရင်ခွင်ထဲမှာ ကိုယ်လေး သိမ့်သိမ့်တုန်အောင်သာ ရှိုက်ငိုနေခိုက် မိုးအဘွားဖြစ်သူ ရွှေလိပ်ပြာ၏ အရှင်သခင် ဒေါ်ရီမာက သမီးနှင့်သားမက်တို့ အခန်းနားမှ လေးလံသောခြေလှမ်းများဖြင့် အောက်ထပ်လှေကားအတိုင်း ဖြည်းဖြည်းချင်း ဆင်းခဲ့သည်။

ဒေါ်ရီမာ အားလုံးကြားခဲ့ရပြီ။ သိခဲ့နားလည်ခဲ့ရပါပြီ။ ရွှေလိပ်ပြာ၏ အချစ်ဆုံး၊ အမြတ်နိုးဆုံး မြေးလေး၏ လက်ရှိအခြေအနေမှာ အားလုံး အရှုံးဖြစ်နေ၏။ သမီးနှင့်သားမက်က မြေးမလေးကို ပြန်တွေ့သည့်အကြောင်း ဘာမှမပြော။ ဒေါ်ရီမာကို အသိမပေး။

သူတို့ဘာသာ တိုးတိုးကျိတ်ကျိတ်လုပ်နေထဲက ထူးခြားမှုကို ဒေါ်ရီမာဘာသာ သတိထားမိခြင်းဖြစ်သည်။ အခုတော့ ဒေါ်ရီမာ သိချင်တာတွေ သိခဲ့ရပြီ။ ရွှေလိပ်ပြာ၏ ဂုဏ်သိက္ခာ။ မြေးမလေး၏ ဘဝရှေ့ရေးအားလုံး ဒေါ်ရီမာ လေးနက်စွာ စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



သည်။

တိကျခိုင်မာသော ဆုံးဖြတ်ချက်ရမှ မင်းကမ္ဘာမိသားစုကို ဆက်သွယ်လိုက်သည့်အချိန်။ ညကမ္ဘာမှာရှိနေသည့် မင်းညကတော့ မို့ဆိုသည့် ကိုယ့်ရည်းစားမဟုတ်သော သူများရည်းစား မိန်းမလေးနှင့် ရှင်းမရအောင် ရှုပ်နေပါသည်။

“မဟုတ်ဘူးလေ မို့၊ ကိုယ်ပြောတာက”

“ည ဘာမှမပြောနဲ့၊ မို့ မကြားချင်ဘူး”

“ကိုယ့်စကားကို ဆုံးအောင်နားထောင်ဦး မို့”

“မို့က ဘာကိုနားထောင်ရမှာလဲ၊ ညဘက်က စကားအလှတွေ ဘယ်လိုပဲသုံးသုံး နောက်ဆုံးကြတော့ မို့ကို ညအနားက ထွက်သွားခိုင်းတာပဲ မဟုတ်လား”

“မို့ သိပါတယ်၊ မို့ကိုခွဲပြီး ည ဟိုးအဝေးကြီးကို ထွက်သွားဦးမှာပါ”

တိုးတိတ်တုန်ရီသော မို့စကားအဆုံးမှာ မို့အပြုံးတွေ ကြောက်စရာကောင်းအောင် အေးစက်သွားသဖြင့် မင်းညရင်ထဲ လေးခနဲဖြစ်သွား၏။





မျက်ရည်တွေနှင့် မို့က မင်းညမျက်နှာကို မျက်တောင်ခတ်တမ်း စူးစိုက်ကြည့်နေတာမြင်ရတော့ မင်းညကိုယ်တိုင် အသက်ရှူဖို့ ခပ်ခက်ခက်ပါ။ မို့ပြောသလို မင်းညကိုယ်တိုင် မို့ကို စကားအလှတွေသုံးပြီး ပြောနေပေမယ့် အဆုံးသတ်က မို့ကို သူမဘဝတွေနောက် လာခေါ်သည့်အခါ ပြန်လိုက်သွားရန်သာ။

မို့ကလည်း ထိုစကားကို ခါးခါးသီးသီး။ မင်းည ဘာပြောပြော လက်မခံ။ မင်းညကို ခွဲရမည့်အရေး မို့ စိတ်အဆင်းရဲကြီး ဆင်းရဲနေပုံကို မြင်ရတွေ့ရသော မင်းညကိုယ်တိုင် မို့ သူ့အပေါ် သွယ်တာနေပုံကိုကြည့်ပြီး ရင်ထဲမချို။

ကိုယ့်ရည်းစားမဟုတ်တော့လည်း ခက်သည်။ မို့တကယ်ချစ်နေတာ မင်းညကိုမဟုတ်။ ညီဆိုသည့် သူမချစ်သူ။ မင်းညကိုဆော့ မို့က သူမချစ်သူ ညီအဖြစ် အမှတ်မှား၍ အသည်းအသန်ဖြစ်ပြ၊ မြတ်နိုးပြနေ၏။

မို့ ရည်းစားမဟုတ်သည့် မင်းညက မို့ကို ညီအဖြစ် ထွေးပိုက်ရမည်လား။ ညအဖြစ် လက်ခံရမည်လား။ မို့ထံမှ အကြည့်ကိုလွှဲပြီး မင်းည ကျောခိုင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညို"

မင်းညိုကိုယ်ကြီး နေရာက ဆက်ရွေ့မသွားနိုင်အောင် မှီက သူမလက်ကလေးများဖြင့် မင်းညိုကို နောက်မှ တင်းကြပ်စွာဖက်လျက် သူမပါးနှင့် မင်းညိုကျောကို ဖိကပ်ထားသည်။

"မှီ့ကို ထားမသွားပါနဲ့ ညိုရယ်"

"မှီ့ကို တစ်ယောက်တည်း မထားခဲ့ပါနဲ့နော်"

"မှီလေ"

"မှီ…ညိုနဲ့မခွဲနိုင်ဘူး၊ ညိုနဲ့ခွဲပြီး ဝေးမနေနိုင်လို့ပါ ညိုရယ်"

ရှိုက်သံဖြင့် ရောထွေးနေသည့် မှီ့အသံက တိုးတိတ်စွာ နာကျင်ကြေကွဲနေရသလို မင်းညိုကျောပြင်မှာ စိုစွတ်နေသည့် မှီ့ မျက်ရည်တွေကလည်း မင်းညိုရင်ထဲက ခံစားချက်တွေကို ပွင့်အန် ပေါက်ကွဲသွား၏။

မှီ့ကိုယ်လေးကို လက်နှစ်ဘက်မှ ဆွဲယူကာ မင်းညို ရင်ခွင်ထဲ တင်းကြပ်စွာ ဆွဲယူလိုက်၏။

"မှီ"





"ညိုရယ်"

တစ်ယောက်မျက်လုံးထဲကို တစ်ယောက် နှင့်နှင့်သည်းသည်း စူးစိုက်ကြည့်မိကြသည်။ မျက်ရည်တွေနှင့် လဲ့နေသော မှီမျက်ဝန်းအစုံက မင်းညိုနှလုံးသားကို ဖမ်းစားသွားသည့်အချိန်မှာတော့ လှပသော မှီ့မျက်နှာလေးထက်သို့ မင်းညိုမျက်နှာက ညင်သာစွာ အုံ့မိုးအပ်ကျသွား၏။

"ညို"

မှီ့အသံကလေးက တိုးသဲ့စွာ လေထဲမှာ ပျောက်သွား၏။ မှီကိုယ်လေးကို ဖက်တွယ်ထားသည့် မင်းညိုလက်အစုံက ပိုတင်းကြပ်သွား၏။ မည်သူမျှ စကားမဆိုကြ။ ချစ်ခြင်း၊ မြတ်နိုးခြင်းတို့ဖြင့် လှိုက်ဖိုနေသော နှလုံးသားအစုံက ချစ်ခြင်းတို့ဖြင့် စွတ်စိုနွေးထွေးနေ၏။

"မှီ"

"ရှင်"

"ချစ်တယ်"

"အိုကွယ်"



www.burmeseclassic.com

www.burmeseclassic.com



လှပသော အချစ်ပန်းတို့ ရင်ခုန်လှိုက်မောစွာ ပွင့်ဖူးသွာ ၏။ ကိုယ့်အသိစိတ်ကို ဦးနှောက်က ထိန်းချုပ်ထားနိုင်ပေမယ့် နှလုံးသား၏အလိုကိုတော့ ဦးနှောက်က သိသိနှင့် လိုက်လျော သွားသည့် အဖြစ်တွေရှိပါသည်။

မှီချစ်တာ မင်းညဆိုသည့် သူ့ကိုမဟုတ်မှန်း သိသိနှ မင်းညနှလုံးသားက မှီ့ကို မြတ်မြတ်နိုးနိုး ချစ်မိသွားသည့်အခါမှ တော့ မင်းညကိုယ်တိုင် ဘာမှမတတ်နိုင်ခဲ့ပါ။

မှီက မင်းညကို မျက်စိအောက်က အပျောက်မခံ။ မင်းည သွားရာနောက် အရိပ်ကလေးလို လိုက်ပါနေတတ်သလို မင်းည ကိုယ်တိုင်ကလည်း သူဘယ်သွားသွား သူ့အနားမှာ မှီကို အပါခေ သွားတတ်သူဖြစ်လာသည်။

မှီနှင့် မင်းည ဆန္ဒအတိုင်း လက်ထပ်ဖို့ကိစ္စကို နှစ်ဖ လူကြီးတွေက သဘောတူပေးကြသည်။ အားလုံးပျော်နေကြသည် အားလုံးထဲမှာ မှီက အပျော်ဆုံး။ တစ်ချိန်လုံး မင်းညမျက်နှာ လိုက်ကြည့်နေတတ်၍ ကြာတော့ မင်းညမှာ မှီ့အကြည့်အောက်မှ မျက်နှာနီနီနှင့် အနေရခက်စွာ ရယ်မောနေရသည့်အထိ မှီ့အချစ်တွေ





ာ သည်းသည်းလှုပ်။

"ကိုယ့်ကို ဘာလို့ ဒီလောက်လိုက်ကြည့်နေရတာလဲ မှီရဲ့"

"ချစ်လို့ပေါ့"

"ဘာဖြစ်လို့ ကိုယ့်ကိုချစ်တာလဲ"

"ချစ်တာ ချစ်လို့နေမှာပေါ့၊ မှီလည်း သေချာမသိဘူး"

"ညရော မှီ့ကိုမချစ်ဘူးလား"

"ချစ်တယ်"

"ဘာဖြစ်လို့ချစ်တာလဲ"

မှီကို မင်းည ချက်ချင်းမဖြေဘဲ မှီမျက်နှာလေးကို ပြုံးပြီး စိုက်ကြည့်သည်။

"ဖြေလေ...ည မှီကို ညက ဘာဖြစ်လို့ချစ်တာလဲလို့"

"အမှန်အတိုင်းဖြေရမှာလား"

"အင်း"

"မှီက ကိုယ့်ကို ရွှတ်အတင်းလိုက်ချစ်လို့ ကိုယ်က မှီကို ချစ်သွားကာ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်"

"တကယ်ပေါ့"

"ဒါဖြင့် မီက ညက ဖွတ်အတင်းလိုက်မချစ်တော့ဘူး ဆိုရင်ရော ညက မီကိုမချစ်တော့ဘူးလား"

"အင်း"

"ဟာ"

"တော်ပြီ…တော်ပြီ၊ ညကို မီ မချစ်တော့ဘူး"

"ရတယ်လေ…မီက ကိုယ့်ကို ချစ်မှတော့ ကိုယ်က လည်း မီကို ပြန်ပြီးမချစ်ဘဲနေရုံပေါ့"

"ဒါဆိုလည်း မချစ်နဲ့ပေါ့"

မီက မင်းညကို မခေါ်တော့ဘဲ တစ်ဖက်ကို ဆတ်ခနဲ လှည့်သွားသဖြင့် သူ့ကို စိတ်ကောက်သွားသော မီ့ကိုကြည့်ကာ မင်းည ပြုံးလိုက်သည်။

မီ ဘယ်လိုနေနေ ချစ်စရာကောင်းနေတာ ခက်သည်။ ရယ်နေလည်း လှသည်။ ငိုနေလည်းလှသည်။ စိတ်ကောက်လျှင် လည်း လှသည်။ အချစ်ကို လုံးဝအယုံအကြည်မရှိသည့် မင်းည



လိုလူတစ်ယောက်ကို မြတ်မြတ်နိုးနိုး ချစ်တတ်လာအောင် သင်ပေး သူက မီ။

"မီ"

မီကမထူး။

"ကောင်မလေးတစ်ယောက် သူ့ချစ်သူကောင်လေးကို စိတ်ကောက်နေပါတယ်ဗျို့"

မင်းညအော်တော့ မီ လှုပ်လှုပ်ရှားရှားဖြစ်လာပြီး မင်းညကို လှည့်ကြည့်သည်။

"ညနော်…ဘာတွေလျှောက်အော်နေတာလဲ"

"စိတ်ကောက်နေတဲ့ ကောင်မလေးကို ချော့တာ"

"ဘာမှမဆိုင်ဘူး"

"ဆိုင်ကြောင်း သက်သေပြမှထင်တယ်"

"လာခဲ့"

"ညနော်…အို"

ချစ်သူနှစ်ယောက်အတွက် အပျော်တွေက မိုးမမြင်လေမမြင်။ လက်ရှိကမ္ဘာလေးထဲမှာ အပျော်လွန်ပြီး အရာအားလုံးကို

www.burmeseclassic.com



မင်းညက မေ့နေပေမယ့် မမေ့နိုင်သူတွေက ရှိနေသည်။

"သားအတွက်တော့ မာမီဖြင့် သိပ်ရင်လေးတာပဲကွယ်၊ လက်ရှိအခြေအနေမှာ သားပျော်နေတာကို မာမီသိပါတယ်၊ မှီ့ကို သား သိပ်ချစ်တာလည်း မာမီသိတယ်"

"တစ်ခုပဲ မာမီစိုးရိမ်တယ်"

"ဘာကိုလဲ မာမီ"

"မှီက သားကို တကယ်ချစ်ဖို့"

"ဗျာ"

"သားလည်းသိပါတယ်လေ၊ မှီ့ကျန်းမာရေးက"

"သားနားလည်ပါတယ် မာမီ၊ သားကို မှီ တကယ်ချစ်လာမှာပါ၊ ဒါကို သားယုံပါတယ်"

"အေးလေ...သားပျော်တယ်၊ စိတ်ချမ်းသာတယ်ဆို ပြီးတာပါပဲ၊ မာမီက သားအတွက် စိတ်ပူမိလို့ပါ"

မှီနဲ့ပတ်သက်ပြီး မာမီက မင်းညကို ဒီလောက်ပဲပြောကာ တခြားအကြောင်းအရာတွေကို စကားလမ်းကြောင်း ပြောင်းလိုက်သည်။ ဒါကို မင်းညလည်း သိသည်။





မှီထံမှ စိတ်ကျန်းမာရေးက ပုံမှန်မဟုတ်မှန်း မင်းည သိသလို နှစ်ဖက်လူကြီးမိဘတွေလည်း သိထားသည်။ မှီကို အထူးကုဆရာဝန်ကြီးတွေနှင့် ကြပ်မတ်၍ ဆေးဝါးကုသမှု ခံယူ ထားပေမယ့် မှီ စိတ်ကျန်းမာရေးအခြေအနေက ဘာမှမထူး။

မင်းညကို မှီက သူချစ်သူညီဟု ထင်နေဆဲ။ မှီတကယ် ချစ်နေတာ မင်းညမဟုတ်။ အရင်က သူမချစ်သူရည်းစားဟောင်း ညီညီဆိုသည့် ကောင်လေးအဖြစ် မင်းညကို အစားထိုးချစ်နေသူ။

မင်းညသာ ရှိနေလျှင် မှီ့ဘဝက ပြည့်စုံနေသည်။

ဘာဆိုဘာမှမလို။

မင်းညက မှီ့ကမ္ဘာ။ မှီ့အချစ်။ မှီမြတ်နိုးကိုးကွယ်ရာစစ် စစ်။ မင်းညနားမှာပဲ မှီနေသည်။ မှီ့မိဘတွေအိမ်ကိုလည်း မသွား။ မင်းညမိဘတွေအိမ်ကိုလည်း မသွား။ ချစ်သူနှစ်ယောက်တည်း ချစ်ကမ္ဘာလေးတစ်ခု သီးသန့်တည်ဆောက်လျက် ကျေနပ်ပျော်ရွှင် နေသည့် မှီ့အဖြစ်။ မှီက မင်းညကိုယ်ပွား ဖြစ်နေ၏။

သိပ်လှပြီး သိပ်ချစ်ပြနေသည့် မှီကို မင်းညကိုယ်တိုင် သိပ်ချစ်မိသွားရသည့်အဖြစ်ကလည်း ဆန်းတော့မဆန်းပါ။ မင်းည



www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ တခြားတစ်ယောက်ဆိုရင်လည်း မှီကို မင်းညလိုပဲ သိပ်ချစ်သွားကြမှာ သေချာပါသည်။

အချစ်ကို လုံးဝအယုံအကြည်မရှိသည့် မင်းညသည်ပင်လျှင် မှီ့အချစ်နဲ့တွေ့တော့ နှလုံးသားတွေ အရည်ပျော်ခဲ့ရသည်။ နှစ်ဘက်လူကြီးမိဘဆန္ဒအရ မှီနဲ့မင်းည တရားရုံးမှာ လက်မှတ်ထိုး လက်ထပ်လိုက်ကြသည်။

"ပျော်လား မှီ"

"အင်း"

"ညရော"

"မှီလိုပဲပေါ့"

"မှီ့ကို ခွဲမသွားရဘူးနော်"

"မှီကရော"

"တစ်သက်လုံးမခွဲဘူး"

"ဘယ်သူနဲ့လဲ"

"ညနဲ့ပေါ့"

"အခုတော့ပြောတာပဲ နောက်မှ"





"နောက်မှ ဘာဖြစ်လဲ"

"ညကို မချစ်တော့ပါဘူးဆိုပြီး မှီကထားသွားရင် ဘယ်နှယ့်လုပ်ရမလဲ"

"ဘယ့်နှယ်မှမလုပ်နဲ့၊ မှီသာလျှင် ည၏ တရားဝင်ချစ်ဇနီးဖြစ်ပါကြောင်း သတင်းစာမှာ ကြော်ငြာလိုက်ပေါ့"

"အင်း…သတင်းစာထဲ မကြော်ငြာခင် လူကိုယ်တိုင်အရင်ကြော်ငြာမှထင်တယ်"

"သွား"

"သွားမယ်"

လှပသော အချစ်ဥယျာဉ်နန်းမှာ အချစ်ပန်းတွေ ဝေဆာပွင့်ဖူးသွားသည်။

"ချစ်တယ်မှီရယ်"

"မှီရောပဲ"

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

နှစ်ဖက်မိဘ အသိုင်းအဝိုင်း၏ အရှိန်အဝါဖြင့် မင်းညနှင့် မှီတို့ မင်္ဂလာဆြေ့ခံပွဲက အထူးစည်ကားခမ်းနားစွာပင် အောင်အောင် မြင်မြင် ပြီးဆုံးသွားသည်။ အခုမှ မှီတို့ သမီးရှင်ဘက်က သက်ပြင်း ကိုယ်စီချနိုင်ကြသည်။

"တော်ပါသေးရဲ့ကိုရယ်...ထရီဇာသမီးကို တကယ်ချစ် တဲ့၊ မြတ်နိုးတဲ့သူနဲ့တွေ့လို့"

"မောင်မင်းညက လူတော်လေးပါကွယ်၊ သမီးကျန်းမာ ရေးအခြေအနေကို သိရက်နဲ့ လက်ထပ်ယူတာ နည်းတဲ့အချစ်လား"

"တစ်ခုပဲ ဆုတောင်းပါတယ်"

"ဘာဆုလဲကို"





"မောင်မင်းညကို သမီးလေးကိုယ်တိုင် မေတ္တာစစ်နဲ့ ပြန်ချစ်နိုင်ပါစေလို့"

"ကိုဆိုလိုတာက"

"ညီညီဆိုတဲ့ကောင်လေးကို သမီးလေး ဘယ်တော့မှ ပြန်သတိမရစေချင်တော့ဘူး ထရီဇာ"

အခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်။ ကိုယ်က သမီးရှင်ဖြစ်၍ တစ်ချိန်လုံး စိတ်ပူနေကြရ၊ စိုးရိမ်သောကဖြစ်ခဲ့ ကြရသည်။ အားလုံးအဆင်ပြေပြန်တော့လည်း ဦးဇော်လတ်ပြော သလို ကိုယ့်သမီးလေး စိတ်မချမ်းမြသာဖြစ်မှာ၊ စိတ်ဆင်းရဲမှာ တွေးပူကြရပြန်သည်။

"ဒီလောက်လည်း စိုးရိမ်မနေပါနဲ့ကိုရယ်"

"နောက်တော့လည်း သမီးကိုယ်တိုင် အဖြစ်မှန်ကို လက်ခံလာနိုင်မှာပါ၊ ပြီးတော့ ညီညီနဲ့တူတဲ့ မောင်မင်းညကိုယ်တိုင် ထရီဇာသမီးလေးကို သိပ်ချစ်တာကိုလည်း အမြင်ပဲမဟုတ်လား"

"ထရီဇာတို့သမီးလေး ကံကောင်းမှာပါကို"

"ဟုတ်ပါတယ်၊ ထရီဇာပြောတဲ့အတိုင်းပဲ ကိုတို့သမီး



www.burmeseclassic.com

www.burmeseclassic.com



လေး ကံကောင်းမှာပါ ထရီဇာ”

ဒေါ်ထရီဇာက ကုလားထိုင်မှာ ကျောမှီထိုင်နေသော ခင်ပွန်းဖြစ်သူ ဦးဇော်လတ်ကိုယ်တစ်ပိုင်းကို ဆွဲယူပြီး သူမရင်ခွင်ထဲ ပွေ့ယူလိုက်သည့်အချိန် မီကတော့ ဘာအပူအပင်မှမရှိသည့် ကလေးမလေးတစ်ယောက်လို မင်းညရင်ခွင်မှာ သူမကိုယ်လေးကို မှီနွဲ့ရင်း လက်ဖွဲ့အဖြစ်ရရှိထားသော ပါကင်ဗူးများကို မင်းညနှင့်အတူ ဖြည်ယူဖွင့်ဖောက်နေသည်။

“ဟယ်…ဒီဗူးလေးက လှလိုက်တာ၊ အထဲက ဘာပစ္စည်းများ ဖြစ်မလဲမသိဘူး၊ ဒီဗူးကို ဖွင့်ကြည့်ရအောင်နော် ည”

“နေဦး…ကိုယ်ဖွင့်ပေးမယ်”

လှပစွာထုပ်ပိုးထားသည့် ပါကင်ဗူးကို မင်းညကိုယ်တိုင် အလှမပျက်အောင် ဖွင့်ဖောက်ပြီး မီနှင့်အတူကြည့်သည်။

“ဟယ်…ဒါက ဘာလေးလဲမသိဘူး”

မင်းညကြည့်နေဆဲ မီ့လက်ထဲ ဖြူလွလွပိတ်သားဖြင့် အထပ်ထပ်ရစ်ပတ်ထားသည့် ဘောင်ခတ်ထားသည့်ပစ္စည်း ပါသွား





၏။ မီက စိတ်ဝင်တစားနှင့် အဝတ်ဖြူစကို တစ်လွှာချင်းခွာအချ နောက်ဆုံးမြင်လိုက်ရသည်က ရွှေမှုင်ဘောင်အနားသတ်ထားသည့် လူရွယ်တစ်ယောက်၏ ကိုယ်တစ်ပိုင်းဓာတ်ပုံတစ်ခု။ မရယ်မပြုံး မင်းညတို့ကို စိုက်ကြည့်နေ၏။ ထူးခြားသည်က ဓာတ်ပုံထဲက လူရွယ်၏ပုံက မင်းညနှင့် တူနေခြင်းဖြစ်သည်။

“ဟင်…ညီ”

မီနှုတ်ဖျားမှ တိုးတိတ်အံ့သြစွာထွက်လာသည့် မီ့အသံက မင်းညရင်ကို ဒိတ်ခနဲ ဆောင့်ခုန်သွားသည်။

“ည…ဒီမှာ ညီ”

“ညီ…ညီရယ်”

“ဟာ…မီ သတိထားလေ”

“ဟင့်အင်း…ညီ့ဆီကို မီသွားမယ်၊ သွားပါရစေ”

“ညီ…ညီရေ”

“ဟိတ်…မီ…မီ ရှေ့မှာ”

“ဝုန်း”

“ခွမ်း”



www.burmeseclassic.com

www.burmeseclassic.com



"အား"

အဖြစ်အပျက်တို့က လျှင်မြန်လွန်းသည်။ ညီ့ဓာတ်ပုံကို ရုတ်တရက် မြင်တွေ့လိုက်ရသည့် မှီ့မျက်နှာလှလှလေးမှာ သွေးမရှိတော့သလို ဖွေးဖြူသွားရာမှ ညီညီ့ဓါတ်ပုံကို မှီက သူ့မရင်ခွင်မှာ တင်းကြပ်စွာ ပွေ့ဖက်လျက် မျက်ရည်တွေ သွန်ချသလို ဝေါခနဲ ပြိုကျလာ၏။

မင်းညလည်း အံ့သြပြီး ဘာလုပ်ရမှန်းမသိဖြစ်နေခိုက် မှီက ညီညီ့ဓါတ်ပုံကို ပိုက်ပြီး နေရာက တအားပြေးအထွက် မှီက သူမရှေ့တည့်တည့်က စားပွဲခုံကို ဝင်တိုက်မိပြီး အရှိန်ပြင်းပြင်း ပစ်လဲကျသွားခြင်းဖြစ်သည်။ ညီညီ ဓာတ်ပုံက မှီလက်ထဲက လွတ်ပြီး အခန်းထောင့် လွင့်စင်သွားသလို မှီကတော့ အိပ်ခန်းကြမ်းပြင်မှာ ခွေခွေလေး ပုံလဲလျက် မလှုပ်တော့။

"မှီ"

မင်းညက ပျော့ခွေသတိလစ်နေသည့် မှီ့ကိုယ်လေးကို သူ့ရင်ခွင်ထဲ ဆွဲပွေ့ပြီး မှီမျက်နှာလေးကို ဖွတ်လှုပ်နှိုးသည်။

"မှီ…မှီ"





မှီက လုံးဝသတိမရ။ မင်းည ပြာပြီး မှီကိုယ်လေးကို ခေါင်းလာဦးခုတင်ကြီးပေါ် ပွေ့တင်ပြီး ရေအေးအေးဖြင့် မှီ့မျက်နှာလှလှလေးကို သုတ်ပေးတော့ မှီ့ထံမှ ညည်းသံသဲ့သဲ့ဖြင့် လူးလွန့်သွား၏။

"မှီ…သတိရပြီလား၊ ကိုယ့်ကို မျက်လုံးဖွင့်ကြည့်ပါဦး"

"မှီ…မှီ"

"အင်း…ဟင်း…ညီ…ညီ"

"မှီ့ကိုမထားခဲ့ပါနဲ့ ညီရယ်"

"ညီ့နောက်ကို မှီလိုက်ခဲ့ပါရစေ"

"အဟင့်…ဟင့်…ဟင့်"

မှီငိုရှိုက်သံက ဗလုံးဗထွေး။ သို့သော် ညီဆိုသည့် အမည်ကို နှုတ်ဖျားကမချ။ တမ်းတမ်းတတငိုရင်း မှီကိုယ်လေး သိမ့်သိမ့်တုန်အောင် ရှိုက်ငိုချလိုက်သဖြင့် မင်းညရင်ထဲ ကျင်ခနဲဖြစ်သွား၏။

"မှီ"

"သတိထားဦးလေ၊ မှီ့နားမှာ ကိုယ်ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



တသိမ့်သိမ့်ရှိုက်ငိုနေသော မှီထံမှ ငိုရှိုက်သံလေး ရပ်တန့်သွားပြီး မင်းညကို ဖျတ်ခနဲ လှည့်ကြည့်သည်။

"ဟင်...ညီ၊ အို...မဟုတ်ဘူး ညီကသေပြီ"

"ရှင်...ရှင်က ဘယ်သူလဲ၊ ညီရော"

"မှီရဲ့ညီရော၊ ညီမရှိတော့ဘူး၊ ညီသေသွားပြီဆိုတာ တကယ်လား၊ မှီ့ကိုပြောပါဦး"

"ညီရေ...ညီ"

"မှီရယ်"

အိပ်ရာထက်မှ လူးလိမ့်ငိုကြွေးနေသည့်မှီက မင်းညချစ်သော မြတ်နိုးသော မင်းည၏ချစ်သူ မင်းည၏ သတို့သမီးလေး မဟုတ်တော့ပါ။ ချစ်သောချစ်သူနှင့် ခွဲခွာကွေကွင်းရသောကအပူမီး ပြင်းစွာလောင်မြိုက်နေသော ချစ်သူမိန်းကလေးဖြစ်နေ၏။

ညဆိုသည့် မင်းည၏အမည်ကိုတ၍ ငိုနေခြင်းမဟုတ်။ ညီဆိုသည့် သူမချစ်သူအမည်ကိုတ၍ ငိုနေခြင်းဖြစ်သည်။ ဒီအချိန်ကို မင်းညကိုယ်တိုင် ခံနိုင်ရည်ရှိရန် ကြိုတင်ပြင်ဆင်ထားသည်





ဆိုပေမယ့် အခုအချိန်မျိုးဖြစ်လိမ့်မည်ဟု မျှော်လင့်ထားခြင်းမရှိပါ။

မှီက မင်းညကို စိတ်ဝင်စားခြင်းမရှိတော့ပါ။ မင်းညဆိုတာ ဘယ်သူလဲဆိုတာ မသိတော့။ ညီနဲ့တူသော မင်းညကို မြင်မြင်ချင်းခေတ္တခဏသာ တုန်လှုပ်ပြီး မင်းညကို သူမရဲ့ညီ မဟုတ်မှန်း ချက်ချင်းသိသလို ညီညီသေဆုံးသွားပြီး လောကကြီးထဲမှာ မရှိတော့ဘူးဆိုတာကိုပါ မှီ့ဘာသာ အတည်ပြုထား၏။

အားလုံးကို မှီ သတိပြန်ရသွားပြီ။ အဖြစ်မှန်အတိုင်း မှီ လက်ခံနိုင်ပြီ။ မှီ စိတ်အခြေအနေ ပုံမှန်အတိုင်းဖြစ်သွား၍ မင်းညဝမ်းသာစိတ်ကတစ်ဖက် မှီက မင်းညကို လုံးဝသူစိမ်းပြင်ပြင်တစ်ယောက်လို စိမ်းကားသွား၍ ခံစားရသည့် ခံစားချက်ကတစ်ဖက်။

မှီ့အနားမှာ သူဘာလုပ်၍ လုပ်ရမှန်းမသိဘဲ မင်းညတစ်ယောက်တည်း နာကျင်ကြေကွဲနေမိသည်။

"အား...ကျွတ်...ကျွတ် မှီခေါင်းထဲက နာလိုက်တာ"

"မှီ ငြိမ်ငြိမ်နေလေ၊ ကိုယ် ဆရာဝန်ခေါ်လိုက်မယ်"

"ဟင့်အင်း...မှီ့မာမီကိုပဲ ခေါ်ပေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"မို့မာမီကို ခေါ်ပေးပါဆိုတာ မကြားဘူးလားလို့၊ မို့
အခု ဘယ်နေရာရောက်နေတာလဲ၊ မို့ကို အိမ်ပြန်ပို့ပေး"

မို့ထံမှ တောင်းဆိုတာတွေက တစ်ခုပြီးတစ်ခု။ မင်းည
မို့မာမီထံ ဖုန်းဆက်တော့ မီက ငိုရှိုက်သံဗလုံးဗထွေးနှင့် မင်းည
လက်ထဲက ဖုန်းကို ယူပြော၏။

"မာမီ…အဟင့်…ဟင့်"

"သမီး ဘာဖြစ်လို့လဲ"

"မာမီ…မို့ကို လာခေါ်ပါ"

"ဟင်"

"ညီညီ့ဆီကိုသွားတာ အခု မို ဘယ်ရောက်နေမှန်းမသိ
ဘူး မာမီ၊ အဟင့်…ဟင့်"

"အို"

"ကို…သမီးက အားလုံးပြန်သတိရလာပြီး သူ့ကိုလာ
ခေါ်ဖို့ ပြောနေတယ်၊ ထရီဇာတို့ ဘယ်လိုလုပ်ကြမလဲဟင်၊ သမီး
ငိုနေတယ်"





"သွားခေါ်ကြရုံပေါ့ ထရီဇာ"

ညတွင်းချင်း ဒေါ်ထရီဇာတို့ မိဘနှစ်ပါး ညကမ္ဘာကို
ရောက်လာ၏။

"မာမီ"

မီက သူ့မမာမီကို တွေ့တာနှင့် ကလေးတစ်ယောက်လို
မိခင်ရင်ခွင်ထဲ ပြေးဝင်ပြီး ငိုသည်။

"မို့ကို ခွင့်လွှတ်ပါ မာမီ၊ မာမီတို့ကို အသိမပေးဘဲ မို
ညီညီ့ဆီကို ထွက်သွားမိပါတယ်"

"မို သမီးရယ်"

မင်းညကို အားနာပေမယ့် မတတ်နိုင်။ သမီး ကိုယ့်ဘဝ
အမှန် ကိုယ်ပြန်သတိရလာတာကိုပဲ ဝမ်းသာဝမ်းနည်းဖြစ်နေလျက်
မင်းညရှိရာ မကြာခဏ လှမ်းကြည့်မိကြသည်။

"မို အိမ်ပြန်မယ်"

"ဒါလည်း သမီးအိမ်ပဲလေ"

"ရှင်"

မီက အံ့သြနားမလည်ဟန်ဖြင့် သူ့မမာမီမျက်နှာကို မော့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။

"သမီး မောင်မင်းညကို သိတယ်မဟုတ်လား"

"မင်းညဆိုတာ သူလား"

မှိုထံမှ စိမ်းသောအကြည့်။ စိမ်းသောအမေးစကားက မှိုကို ချစ်ခြင်း၊ မြတ်နိုးခြင်းတို့နှင့် ငေးရီလှဲ့ရွှန်းစွာ စူးစိုက်ကြည့်နေသော မင်းညနှလုံးသားရင်ပြင်ကို ပြင်းထန်စွာ လာထိသည်။

"သူက ညီနဲ့တူတယ်နော်မာမီ"

"ဒါပေမယ့် သူ့ကို မှိုမသိဘူး"

"အို"

မှို့အသံတိုးတိုးလေးက မင်းညနားမှာ အပြင်းအထန် အကျယ်လောင်ဆုံး ဗုံးတစ်လုံးဖြစ်သွားသည်။ ထိန်းထားသည့်ကြားက ပျက်သွားသည့် မင်းညမျက်နှာကို မှို ဒက်ဒီနှင့် မာမီက အားနာစွာ လှမ်းကြည့်သည်။

"မဟုတ်ဘူးလေ သမီး၊ သမီးက မောင်မင်းညနဲ့ လက်ထပ်ထားတဲ့ မောင်မင်းညရဲ့ဇနီး"

"ရှင်"





မှိုက မင်းညမျက်နှာကို ထိတ်လန့်စွာ လှမ်းကြည့်ပြီး ဦးခေါင်းကို ချက်ချင်းခါယမ်းသည်။

"မဟုတ်ဘူး မာမီ၊ မှိုက သူ့ဇနီးဆိုတာ မဟုတ်ဘူး၊ မှိုချစ်တာ ညီ့ကိုပါ၊ ညီတစ်ယောက်တည်းကိုပဲ မှိုဘဝနဲ့ရင်းပြီး ချစ်ခဲ့ရတာပါ မာမီရယ်"

"ညီကသာ မှို့ဘဝ၊ မှို့နှလုံးသား"

"တော်တော့ မှို၊ ညီဆိုတဲ့ကောင်လေးနဲ့ သမီး ဘာမှ မဆိုင်ဘူး"

မင်းညကိုယ်စား မှို့မာမီက ဝင်ပြောခြင်းဖြစ်သည်။ မှို့မာမီကိုယ်တိုင် တင်းမာသော မျက်နှာ၊ ခါးသီးသောလေသံဖြင့် ခပ်ပြတ်ပြတ်ဆိုလိုက်တော့ မှို အံ့သြသွားကာ သူမမာမီကိုတစ်လှည့် မင်းည၏မျက်နှာကိုတစ်လှည့် လှမ်းကြည့်သည်။

အခုချိန်ထိ မင်းညက မှိုကို ဘာတစ်ခုမှ မပြောသေး။ မှိုတို့သားအမိ ဖြစ်ပျက်သမျှကို ပွဲကြည့်ပရိသတ်နေရာက တစ်ချိန်လုံးငြိမ်ပြီး ကြည့်နေသည်။ အငိုမျက်ဝန်းအစုံဖြင့် မှိုက မင်းညမျက်နှာကို လှမ်းကြည့်တော့ မှို့ကို တစ်ချိန်လုံး နှုတ်ဆိတ်ငြိမ်သက်စွာ



www.burmeseclassic.com

www.burmeseclassic.com



ငေးကြည့်နေသည့် မင်းညမျက်ဝန်းများဖြင့် ဆုံသည်။

"ညို"

မို့နှုတ်ဖျားက ညိုအမည်တိုးတိုးလေး ထွက်သွားသည့်အထိ မင်းညက ညိုနှင့်တူသူတစ်ယောက် ဖြစ်နေခြင်းက မို့နှလုံးသားကို ဒုတ်ခနဲလာထိ၏။

"သူက ညိုမဟုတ်ဘူးသမီး၊ မင်းည၊ သမီးကိုယ်တိုင် ဟောဒီမှာရပ်နေတဲ့ မောင်မင်းညကို တစ်နာရီ၊ တစ်စက္ကန့်မှ ခွဲမနေနိုင်ပါဘူးဆိုလို့ သမီးသဘောဆန္ဒအတိုင်း မာမိတို့ကိုယ်တိုင် လက်ထပ်ပေးခဲ့ရတဲ့ သမီးခင်ပွန်း၊ သမီးရဲ့ယောကျ်ား"

"အို"

မို့ရပ်တည်နေသော ကမ္ဘာကြီး သွက်သွက်ခါသွားသည်။ ညိုနဲ့တူတဲ့တစ်ယောက်က မင်းညဆိုတဲ့သူက မို့ရဲ့ခင်ပွန်း။ မို့ယောကျ်ား။ မို့ လက်ထပ်တဲ့သူဆိုပါလား။ မို့ မင်းညမျက်နှာကို ချောက်ချားတုန်လှုပ်စွာ လှမ်းအကြည့်မှာ မင်းညဆိုသည့်သူက လည်း မို့ကို ဘာစကားတစ်ခွန်းမှမဆိုဘဲ မတုန်မလှုပ် ကျောက်ရုပ် ချထားသလို မို့ကို စိုက်ငေးကြည့်နေတာနှင့် ကြုံပါသည်။





"မင်း…ည"

ထိုအမည်ကို မို့နှုတ်ဖျားက ခပ်တိုးတိုးရေရွတ်ကြည့်မိ၏။

ဟင့်အင်း…မင်းညဆိုတာ ညိုနဲ့တူလွန်းတဲ့ ထိုတစ်ယောက်ကို မို့မသိပါ။ မို့မသိတဲ့လူတစ်ယောက်ကို မို့ကိုယ်တိုင် မခွဲနိုင်လွန်းလို့ လက်ထပ်ခဲ့သည်ဆိုပါလား။

"သမီး…မို့"

"ဟင့်အင်း…မို့ ဘာမှမသိဘူးမာမီ၊ မို့ ဘာဆိုဘာမှ မမှတ်မိတော့ဘူး၊ မို့လေ…မို့"

"မို့"

"သမီး"

အရုပ်ကြိုးပြတ် ဒူးညွတ်ခွေကျသွားသည့် မို့ကိုယ်လေးကို မင်းညကိုယ်တိုင် အချိန်မီ ပြေးပွေ့ဖမ်းထိန်းလိုက်သဖြင့် မို့ကိုယ်လေး ကြမ်းပြင်ပေါ် ကျမသွားပါ။ မင်းညရင်ခွင်ထဲ အဝတ်စလေးလို ပျော့ခွေပုံကျနေတာကို ငုံ့ကြည့်ရင်း မင်းညနှလုံးသားမှာ ဆစ်ခနဲ နာကျင်သွားသည်။

"မို့ကို ဘာမှထပ်မပြောပါနဲ့ အန်တီ၊ လောလောဆယ်



www.burmeseclassic.com

www.burmeseclassic.com



မှီစိတ်ချမ်းသာသလို နေပါစေဗျာ၊ မှီ့ကို ကျွန်တော်နားလည်ပါတယ်''

''တစ်နေ့ ဒီလိုဖြစ်လာမယ်ဆိုတာ ကျွန်တော်ကိုယ်တိုင် ကြိုတွေးပြီးသားပါ၊ မှီစိတ်ချမ်းသာအောင် အန်တီတို့အိမ်ကိုပဲ မှီ့ကို ခေါ်သွားလိုက်ပါ''

''မဟုတ်သေးဘူးလေ မောင်မင်းည''

''ကျွန်တော်ကိုယ်တိုင် ခွင့်ပြုသဘောတူလိုက်ပြီပဲ အန်တီရယ်၊ မဟုတ်သေးပေမယ့်လည်း ဟုတ်လိုက်ပါ''

မှီ့ကိုယ်လေးကို ပွေ့ယူချီမပြီး မင်းညကိုယ်တိုင် မှီ့မာမီကားပေါ် လိုက်တင်ပေးသည်။ မှီ့ဒက်ဒီရော မာမီပါ မင်းညအတွက် စိတ်မကောင်း။

''သမီးမှီကို ခေါ်သွားရမယ်ဆိုရင်လည်း သမီးနဲ့အတူ သားပါလိုက်ခဲ့ပါလားကွာ''

''ကျွန်တော် မလိုက်တော့ပါဘူး အန်ကယ်၊ မှီနေကောင်းမှပဲ ကျွန်တော် မှီ့ဆီကိုလာခဲ့ပါ့မယ်၊ လောလောဆယ် မှီ့ကိုပဲ အန်ကယ်တို့ ဂရုစိုက်ပေးပါ''





''ဒါဆိုလည်း အန်ကယ်တို့သွားမယ်''

''သား ဘာမှစိတ်မကောင်းမဖြစ်နဲ့နော်၊ သမီးက နောက်တော့ သူသိပ်ချစ်တဲ့သားကို ပြန်သတိရလာမှာပါကွယ်''

ဒေါ်ထရီဇာက မင်းညအပေါ် သားသမီးချင်းစာနာစိတ်ဖြင့် စိတ်မကောင်းစွာ နှစ်သိမ့်အားပေးစကားဆိုမှန်း မင်းညသိသဖြင့် အလိုက်သင့်ပြုံးနေလိုက်ပါသည်။

''သမီးအခြေအနေကို အန်ကယ်တို့ ဖုန်းဆက်လိုက်မယ်''

''ဟုတ်ကဲ့ပါ အန်ကယ်''

မင်းည မျက်စိရှေ့မှာပင် မှီ့ကို တင်ဆောင်သွားသော ဦးဒေါ်လတ်ကားလေး မြင်ကွင်းက ပျောက်သွားသည်နှင့် မင်းညရင်တစ်ခုလုံး လှိုက်ဟာသွား၏။

လေးကန်သော ခြေလှမ်းတွေက မှီနှင့်သူ အတူနေရမည့် မင်္ဂလာဦးအိပ်ခန်းရှိရာ ရောက်သွားသည်။ အခန်းထဲလှမ်းအဝင်မှာ သူပထမဆုံး အကြည့်ရောက်သွားသည့်နေရာက ညီညီဓာတ်ပုံကို လှပသေသပ်စွာ ထုပ်ပိုးထားသည့် လက်ဖွဲ့ဗူးဖြစ်သည်။

မှီတစ်ဘဝလုံးကိုရော၊ မှီ့အသည်းနှလုံးကိုပါ ပိုင်စိုးပြီး



www.burmeseclassic.com

www.burmeseclassic.com



မို့အချစ်ကို ရယူပိုင်ဆိုင်ထားသည့် ညီညီက မင်းညနဲ့ ဘယ်လောက်များတူနေလဲဆိုသည့် အတွေးတစ်စ မင်းညအာရုံထဲ ဖျတ်ခနဲ ရောက်လာ၏။

ညီညီ့ဓါတ်ပုံကို မင်းည သေချာမမြင်လိုက်ရ။ ထိုဓာတ်ပုံကြောင့် မေ့ပျောက်နေသော မို့အတိတ်ပုံရိပ် အပိုင်းအစတို့ ဘွားခနဲ ပေါ်လာ၏။ မို့လက်ထဲက လွင့်စင်ကျန်ရစ်သည့် ညီညီ့ဓာတ်ပုံကို အခန်းထောင့်က မင်းည သွားကောက်ယူလိုက်၏။

ဓာတ်ပုံထဲမှာက မင်းညနဲ့တူသော လူတစ်ယောက်။ ရုတ်တရက်ကြည့်လျှင် ညီညီနှင့် မင်းညဆိုတာ တစ်ယောက်တည်းလို့ ထင်ရပေမယ့် သေချာဂရုစိုက်ကြည့်လျှင် မင်းညနှင့်ညီညီမှာ မတူညီသောအချက်တွေ အများကြီးရှိသည်။

ဘယ်လိုပဲဖြစ်ဖြစ် မင်းညနှင့်ညီညီတူတာကိုတော့ လက်ခံရမည်။ ဒါကြောင့်လည်း မင်းညကိုမြင်တော့ မို့က သူမချစ်သူ ညီညီနှင့် လူမှားသလို ညီညီ့ကို မြင်ဖူးတွေ့ဖူးသော မို့မာမီနှင့် ဒက်ဒီကလည်း မင်းညမျက်နှာကို မြင်တွေ့စက တအံ့တဩ မျက်စိမျက်နှာပျက်သွားကြတာ မင်းည ပြန်သတိရသည်။





မင်းညလက်ထဲက ညီညီ့ဓာတ်ပုံကို အသာချပြီး ဒီဓာတ်ပုံကို မင်္ဂလာလက်ဖွဲ့အဖြစ် ပို့လိုက်သည့် လက်သည်တရားခံကို လိုက်ရှာသည်။ လက်ဖွဲ့ဗူးအောက်ခြေမှာ အဖြူရောင်စာရွက်စိမ်းလေးတစ်ခု။ မင်းည ကောက်ယူပြီး ဆွဲဖြန့်လိုက်တော့ သေးကွေးလှပသော မိန်းကလေးတစ်ယောက်၏ လက်ရေးများကို မြင်လိုက်ရသည်။

*မို့...*

*ရှင့်ကြောင့် အဖြစ်ဆိုးနဲ့သေဆုံးသွားခဲ့ရတဲ့ ချစ်သူအပေါ်မှာ သစ္စာမရှိဘဲ နောက်ထပ်အချစ်သစ်ရှာပြီး ပျော်ပျော်ကြီး လက်ထပ်ရဲတဲ့ ရှင့်လိုမိန်းမကို ညီညီရော ကျွန်မပါ ဘယ်တော့မှ ခွင့်မလွှတ်ဘူး။*

*ရှင်မမေ့နိုင်အောင် ညီညီ့ဓာတ်ပုံကို မင်္ဂလာလက်ဖွဲ့အဖြစ် ပို့လိုက်တယ်။*

*ဆုံးနှင်းဆီ*

လက်ထဲကစာရွက်ခေါက်လေးကို မင်းည အကြာကြီး ငေးကြည့်နေပြီးမှ တစ်စစီ ဆုတ်ခြေပစ်လိုက်သည်။ ညီညီဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မင်းညလိုပဲ တစ်ဦးတည်းသောသားဟု သိထား၍ ဤစာကိုပေးပို့သူမှာ ညီညီ ညီအစ်ကိုမောင်နှမမဟုတ်တာ သေချာသည်။

မှီ့ရင်ထဲက ခံစားချက်။ မှီကြုံတွေ့ရင်ဆိုင်လိုက်ရသည့် မှီ့အဖြစ်အပျက်တွေကို မသိနားမလည်သူတွေအတွက်တော့ သူတို့အမြင်မှာ မှီဆိုတာ သစ္စာမဲ့သူ။ ဖောက်ပြန်သူဖြစ်ချင်ဖြစ်နေမည်။ မင်းညလို မှီ့အကြောင်း အစအဆုံးသိထားသူတစ်ယောက်အတွက်တော့ မှီဆိုတာ ဆူးနှင်းဆီဆိုသည့် မိန်းကလေးပြောသလိုမဟုတ်။

မှီက သူ့ချစ်သူအပေါ် သစ္စာစောင့်ထိန်းသူ။ သူမအချစ်အပေါ်မှာ သစ္စာရှိသူ။ မင်းညကို သူ့ချစ်သူ ညီညီအမှတ်ဖြင့် တွယ်တာစွဲလမ်းခဲ့ရာက မင်းညကိုယ်တိုင် မှီအပေါ်မှာ မြတ်မြတ်နိုးနိုး ချစ်သွားမိတာ။ လက်ထပ်ဖို့ သဘောတူခေါင်းညိတ်ခဲ့တာတွေတော့ ဘယ်သူမှ သိမှာမဟုတ်။

"တူ...တူ...တူ"

တိတ်ဆိတ်ခြင်းကို ဖြိုခွင်းဝင်ရောက်လာသည့် ဖုန်းသံက လွင့်ပျံ့နေသော မင်းညအသိစိတ်ကို စုစည်းဖမ်းထိန်းသွား၏။

"ဟဲလို"

စိုး၊မိုး၊စာပေ



"မင်းည ငါပါ"

သရ အသံ။

"ပြော"

"မှီ့မာမီဖုန်းဆက်လို့ မင်းတို့အကြောင်း အကုန်သိပြီး ငါအခု မင်းအိမ်ရှေ့ရောက်နေပြီ၊ တံခါးဖွင့်ဦး"

"ငါတစ်ယောက်တည်း နေချင်တယ် သရ"

"သေချာတယ်နော်"

"အေး"

"မင်းပြန်တော့ သရ"

"အိုကေ"

လက်ထဲကဖုန်းကိုပိတ်ပြီး အိပ်ရာပေါ် လှမ်းအတင်လိုက်မှာ လှပခမ်းနားသော မင်္ဂလာဦးအိပ်ရာကြီးကို ငေးခနဲကြည့်ဖြစ်သွား၏။

❖ ❖ ❖

စိုး၊မိုး၊စာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"အခုမှငိုမနေပါနဲ့သမီးရယ်၊ မောင်မင်းညကိုယ်တိုင်က
လည်း မာမီ့သမီးလေးကို ရောဂါသည်လေးမှန်းသိသိနဲ့ မြတ်မြတ်
နိုးနိုး ချစ်ရှာတာကိုက သမီးလေး ကံကောင်းပါတယ်ကွယ်"

တသိမ့်သိမ့်ငိုနေသော မှီကို မာမီက သူ့ရင်ခွင်ထဲမှာ
ထွေးပွေ့ရင်း တိုးတိတ်ညင်သာစွာ နှစ်သိမ့်ချော့မော့နေပါသည်။
မာမီပြောပြ၍ မင်းညနှင့် စတင်တွေ့ဆုံရာမှ နောက်ဆုံး လက်ထပ်
ဖြစ်ကြသည်အထိ မှီ့ဘက်က တစ်ချိန်လုံး မင်းညကို ညီအမှတ်ပြီး
မခွဲနိုင်အောင် ချစ်ခဲ့မြတ်နိုးခဲ့သည်။

မင်းညဆိုသည့်သူ့ကို မှီက ညီညီအဖြစ် စွဲလမ်းမြတ်နိုး
သည်းသည်းလှုပ် ချစ်ပြခဲ့သော မှီကြောင့် မင်းညကိုယ်တိုင် နှိုး





မြတ်မြတ်နိုးနိုးချစ်ခဲ့သည့် အခြေအနေများ။

"သမီးကို ချစ်လွန်းလို့ သမီးစိတ်ချမ်းသာအောင် မာမီတို့
နောက်ကို သူ့ကိုယ်သူ ရင်အကွဲခံပြီး ထည့်လိုက်ထဲကိုက
မောင်မင်းညမေတ္တာကို သမီးနားလည်သင့်ပါပြီကွယ်"

"မောင်မင်းညက သမီးကို သိပ်ချစ်ရှာတာ၊ သမီးကိုယ်
တိုင်လည်း မောင်မင်းညကို"

"တော်ပါတော့ မာမီရယ်၊ မှီ မကြားပါရစေနဲ့၊ မှီ မကြား
ချင်တော့လို့ပါ"

မှီ့စကားအဆုံးမှာ မာမီက သက်ပြင်းချသည်။ ရွှေလိပ်ပြာ
ခံအိမ်ကို မှီပြန်ရောက်တာ ဒီနေ့နဲ့ဆို တစ်ပတ်တိတိရှိပါပြီ။ အခုချိန်
ထိ မင်းညက ဖုန်းဆက်တိုင်း မှီက ဖုန်းလုံးဝမကိုင်သေး။ မှီ
မာမီ့ကိုသာ လွှဲပေးနေမြဲ။ မင်းည မာမီနှင့် မှီ့အခြေအနေကိုမေးပြီး
ဖုန်းချသွားပေမယ့် မှီရှိနေသည့် ရွှေလိပ်ပြာကို လာတွေ့ခြင်းမရှိ။
မှီကလည်း မင်းညကို မတွေ့ချင်သဖြင့် လာတွေ့ဖို့မတောင်းဆို။

မင်းညလာတွေ့လျှင်လည်း မှီ့ဘက်က လက်ခံတွေ့ဆုံဦး
မည်မဟုတ်ကြောင်း မှီ မိသားစုအားလုံးကို အသိပေးထားသဖြင့်
မင်းညကို ဘယ်သူကမှ ရွှေလိပ်ပြာကိုလာပြီး မှီ့ကိုတွေ့ဆုံရန်



www.burmeseclassic.com

www.burmeseclassic.com



မပြောကြပါ။

မို့ရင်ထဲမှာ ဝေခွဲရခက်သော အကြောင်းများဖြင့် ရှုပ်ထွေးနေခြင်းကြောင့် ရွှေလိပ်ပြာစံအိမ်ကြီးကို မိုပြန်ရောက်နေပေမယ့် ပျော်ရွှင်ခြင်းမရှိ။ မို့ကြောင့် ညီ အခုလိုဖြစ်ရတာကို ပြန်တွေးမိတိုင်း မို့ကိုယ်မို ခွင့်မလွှတ်နိုင်သလို ညီနဲ့တူသော မင်းညဆိုသည့်သူကို လက်ထပ်ထားမိသည့် မို့အဖြစ်ကို မိုလည်းမယုံနိုင်။ မယုံရဲအောင်ဖြစ်နေသည်။

"သမီး သိပ်ပင်ပန်းနေပြီ၊ အိပ်ပျော်အောင် အိပ်ပြီး အနားယူလိုက်ပါဦးကွယ်၊ မာမီ ဒီနေ့ ဘယ်မှမသွားဘဲ သမီးကိုစောင့်မယ်"

"မို နေကောင်းပါတယ်မာမီ၊ မာမီ သွားစရာရှိတာသာ သွားပါ၊ မိုအတွက် စိတ်မပူပါနဲ့"

"ကောင်းပြီလေ၊ သမီးနေကောင်းတယ်ဆိုလည်း ပြီးတာပါပဲ၊ ဒီည ဒေါ်ဖွေးထိုက်တို့ ကုမ္ပဏီဧည့်ခံပွဲရှိလို့ မာမီသွားရမယ်၊ သမီး နေထိုင်မကောင်းဖြစ်ရင် မာမီနဲ့ဒက်ဒီဆီ ဖုန်းဆက်ပါ၊ သမီးအဘွားကိုလည်း ဂရုစိုက်ဖို့ မာမီမှာခဲ့ဦးမှာပါ၊ မာမီသွားမယ်နော် သမီးလေး"





"ဟုတ်ကဲ့မာမီ"

မာမီက မိုနဖူးလေးကို ဖွဖွနမ်းပြီး မို့အိပ်ခန်းတံခါးကို သူကိုယ်တိုင် ဆွဲပိတ်ပေးသွားသည်။ တိတ်ဆိတ်သော အခန်းထဲ မိုတစ်ယောက်တည်း ကျန်ခဲ့ရင်း အတွေးတွေ ပြန့်လွင့်နေ၏။ အထူးသဖြင့် မိုနှင့်လက်ထပ်ထားသည့် မို့ခင်ပွန်းသည် မင်းညဆိုသည့်လူအကြောင်းက မို မတွေးဘဲ မို့ခေါင်းထဲရောက်ရောက်လာ၏။

မိုက ဟိုတုန်းကလို လွတ်လပ်သူမဟုတ်တော့။ မို့မှာ မိုမသိသော ခင်ပွန်းသည်တစ်ယောက် ရှိနေသည်။ မို့စိတ်ပုံမှန်မရှိတုန်းက မင်းညဆိုသည့် မို့ခင်ပွန်းသည်ကို မိုဘယ်လိုဘယ်ပုံ ပြောဆိုပြုမူခဲ့တာကို ပြန်မမှတ်မိတော့သော်လည်း လက်ရှိ စိတ်ဓာတ်ပုံမှန်လူပုံမှန်ဖြစ်နေသော မို့အတွက် မင်းညဆိုသူကို ရင်ဆိုင်ရခက်နေသည်။

မို့ကို မာမီတို့က ဆိုင်သာဆိုင်သည်။ မပိုင်တော့။ မို့ကိုပိုင်ဆိုင်သူက တခြားတစ်ယောက်ဖြစ်နေသည်။ မာမီကတော့ မို့ကို မင်းညရှိနေသည့် ညကမ္ဘာကို ပြန်သွားသင့်ကြောင်း မို့ကို မကြာခဏ တိုက်တွန်းနားချနေ၏။

မာမီပြောတာ လွယ်ပေမယ့် မို့အတွက်တော့ ခက်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မင်းညကို မို မျက်နှာချင်းမဆိုင်ရဲ။ ဟိုတုန်းက သူ့အပေါ်မှာ မို့ဘက်က သည်းသည်းလှုပ် ချစ်ခဲ့၊ မြတ်နိုးခဲ့တာတွေ မာမီပြောပြထားသမျှ ပြန်တွေးမိတိုင်း မို ရှက်လည်းရှက် ဝမ်းလည်းနည်းနေမိ၏။ မို အခုလိုဖြစ်ရတာ ညီကြောင့်။ ညီ့ကိုသိပ်ချစ်မိလို့။ မို့ကြောင့် ညီ့ဘဝတစ်ခုလုံး ဆုံးရှုံးသွားခဲ့ရလို့။

ညီရယ် မို့အဖြစ်တွေကို ညီမြင်ရင် မို့ကို ညီဘယ်လိုပြောမှာလဲ။ ညီကို သိပ်ချစ်ပါတယ်ဆိုပြီး ညီမဟုတ်တဲ့ တခြားတစ်ယောက်ကို ညီအမှတ်နဲ့ အရှူးအမူး အစွဲအလန်းချစ်ခဲ့မိတဲ့ မို့ကို အပြစ်လို့ဆိုမှာလား။ ခွင့်လွှတ်နားလည်ပေးမှာလား။

မို့ကို ခွင့်လွှတ်ပါညီရယ်။ မိုလေ…

“ဒေါက်…ဒေါက်”

“မြေး…မို”

“တံခါးဖွင့်ထားပါတယ် ဘွား”

အခန်းထဲက ဘွားရောက်လာသည်။

“မြေးလေး”

“ဘွားရယ်…အဟင့်…ဟင့်”

ဘွားရင်ခွင်ထဲကို ကလေးတစ်ယောက်လို ပြေးဝင်မိတော့





ဘွားက မိုကိုယ်လေးကို ပြန်လည်ပွေ့ဖက်ထားပါသည်။

“မငိုပါနဲ့မြေးရယ်…လောကကြီးဟာ ဒီလိုပဲ ကိုယ်ဖြစ်ချင်တာမဖြစ်ဘဲ သူဖြစ်ချင်တာဖြစ်တတ်တာမျိုးကွဲ့”

“ဒါပေမယ့်ဘွားရယ် မိုကြောင့် ညီ အခုလို”

“မြေးကြောင့်မဟုတ်ပါဘူးကွယ်၊ သူ့ကံပါလာလို့ ဒီလိုဖြစ်ရတာပါ၊ ညီညီမှမဟုတ်ပါဘူး ဘွားတို့မြေးလေးတို့လည်း သူ့အချိန်မှာ ဖြစ်ရပျက်ရမဲ့ကံပါလာပြီးသားပါ၊ ဒါကို ဘယ်သူမှ ရှောင်လွှဲလို့လည်း မရပါဘူးကွယ်၊ လွတ်အောင်ပုန်းလို့လည်း မလွတ်ဘူး”

“ဖြစ်ချိန်တန်ဖြစ်ပြီး ပျက်ချိန်တန်ပျက်ရမယ့် လူတွေချည်းပဲ၊ ညီ အခုလိုဖြစ်ရတာ မြေးလေးကြောင့်မဟုတ်ဘူး၊ အတိတ်ဘဝက ပါလာတဲ့ သူ့ကံကြောင့်ဖြစ်ရတာ၊ မြေးအပြစ်မဟုတ်ဘူး”

“ဘွားပြောတာ နားလည်လား မြေး”

“နားလည်ပါတယ် ဘွားရယ်”

ဒါပေမယ့် မိုရင်ထဲမှ ညီအကြောင်းကို ပြန်တွေးမိတိုင်း မို့နှလုံးသားတွေ နာကျင်နေရဆဲပါဆိုတာကိုတော့ ဘွား နားလည်မည်မထင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

“ဘွားမြေးလေးက သိပ်ကိုလိမ္မာတဲ့ကလေးပါ၊ ပြီးခဲ့တာတွေကို မေ့ပစ်ပြီး လက်ရှိဘဝကိုသာ အကောင်းဆုံးဖြစ်အောင် တည်ဆောက်ပါလို့ ဘွားပြောချင်တယ်”

“မြေးကြောင့် ညီ အခုလိုဖြစ်ရလေခြင်းလို့ မြေးလေးတွေးနေတုန်းပဲဆိုရင် နောက်ထပ် ညီနဲ့တူတဲ့ မင်းညဆိုတဲ့ ကလေးအပေါ်မှာလည်း ညီလိုမဖြစ်ရအောင် မြေးက ဂရုစိုက်ရမယ်”

“ဘွား”

“ဟုတ်တယ်မြေးလေး မောင်မင်းညက ညီနဲ့တူတဲ့ကလေး၊ ဒါကြောင့်လည်း မြေးလေးက မောင်မင်းညကို ညီအဖြစ်အရူးအမူးစွဲလမ်းခဲ့တာ ဘွားသိတယ်၊ မြေးလေးကြောင့် ညီ ဒုက္ခရောက်ရတာဆိုရင် ညီကြောင့် မြေးလေးကိုယ်တိုင်လည်း ဘဝပျက်မတတ် ဖြစ်ခဲ့ရတာမဟုတ်လား”

“မြေး သေချာစဉ်းစားကြည့်စမ်း၊ မောင်မင်းညလိုသူတော်ကောင်းလက်ထဲကိုသာ ရောက်မသွားခဲ့ဘူးဆိုရင် မြေးဘဝဘာဖြစ်သွားမယ်ထင်လဲ”

မှီ မထင်ရဲပါ။

ဘွားပြောစကားနှင့်ပင် ကြောက်လှပါပြီ။ လူကောင်း





မဟုတ်သည့် မှီကို မင်းညက မေတ္တာစစ်နှင့် ကူညီစောင့်ရှောက်ပေးခဲ့၍သာ မှီ့ဘဝလေး ဤမျှ ဖြူစင်သန့်ရှင်းနေရခြင်းကို မှီ သိပါသည်။

“မြေး…မှီ”

“ဘွား”

“မောင်မင်းညကို ဒုတိယညီတော့ မဖြစ်စေချင်ဘူးမဟုတ်လား”

“ရှင်”

“အောက်ထပ်မှာ မြေးကိုတွေ့ဖို့ မောင်မင်းညရောက်နေတယ်၊ မြေးဆင်းတွေ့လိုက်ပါ”

“အို”

မှီကိုတွေ့ဖို့ မင်းညရောက်နေသည်ဆိုပါလား။ သူ့အမည်ကြားတာနှင့်ပင် မှီ့ရင်တွေ တဒိတ်ဒိတ်ဖြစ်လာ၏။ ရွှေလိပ်ပြာကို မှီပြန်ရောက်ထဲက မင်းညနှင့် နောက်ထပ်တစ်ခါမှ မဆုံဖြစ်တော့သလို ဖုန်းပင် လက်ခံမပြောဘဲ ရက်စက်စွာ ပြစ်ထားသော မှီထံသူဘာကြောင့် ရောက်လာသနည်း။

“သွားတွေ့လိုက်ပါ မြေးရယ်၊ မောင်မင်းညက



www.burmeseclassic.com

www.burmeseclassic.com



ကလေးကို သိပ်ပြီးချစ်မြတ်နိုးရှာတဲ့ကလေးပါ၊ သူ့ကြောင့်တော့ ဒီတစ်သက် ဘွားမြေးလေး ဘယ်တော့မှ စိတ်ဆင်းရဲရမှာမဟုတ်ဘူးဆိုတာ ဘွားသိပါတယ်ကွယ်"

"ဘွားမြေးက လိမ္မာပါတယ်"

"လာ…ဘွားကိုယ်တိုင် မြေးလေးကို မောင်မင်းညဆီ လိုက်ပို့မယ်"

ဘွားက မို့လက်လေးကိုဆွဲပြီး ရှေ့မှဦးဆောင်သွားသဖြင့် မို့မှာ ဖွတ်တိုးပြီးငြင်းရခက် ရုန်းရခက်ဖြစ်လျက် ဘွားခေါ်ရာနောက် တွန့်ဆုတ်တွေဝေစွာ ပါလာသည်။

"မို့…သူ့ကိုမတွေ့ချင်ဘူးဘွား"

နောက်ဆုံး မို့ ဘယ်လိုမှ မျိုသိပ်မထားတော့ဘဲ သူမရင်ထဲက ဆန္ဒကို ဘွားသိအောင် ထုတ်ပြောလျက် နေရာမှာရပ်လိုက်တော့ ဘွားက မို့ကို ပြုံးကြည့်ပါသည်။

"မြေးက သူ့ကို ဘာလို့မတွေ့ချင်တာလဲဆိုတာ ဘွားကို ပြောပါဦး"

"မြေး သူ့ကိုမုန်းလို့လား"

ဘွားအမေးကို မို့မဖြေတတ်ပါ။





မို့ မင်းညကို မတွေ့ချင်တာ မုန်းလို့မဟုတ်။ သူနဲ့ဘယ်လို မျက်နှာချင်းဆိုင်ရမှန်းမသိသောကြောင့် ဖြစ်ပါသည်။

"ဘွားပြောတာ ဖြေပါဦးမြေးရဲ့၊ မောင်မင်းညကို ဘွားမြေးက မုန်းလို့လား"

"မမုန်းပါဘူးဘွား"

မို့အသံက တိုးတိုးလေး။

"ဟုတ်ပြီ၊ ဘွားလိုချင်တဲ့အဖြေက အဲဒါပဲ၊ သမီး ဒီမှာစောင့်နေ၊ မောင်မင်းညကို ဘွားလွှတ်လိုက်မယ်"

"ဘွား"

ဘွားက မို့ကို လှည့်မကြည့်တော့ဘဲ အောက်ထပ်ကို ဆင်းသွားသဖြင့် မို့မှာ ဘွားကိုပဲ လိုက်ဆွဲရမှန်းနှီး၊ အောက်ထပ်ကိုပဲ ဘွားနဲ့အတူ လိုက်ဆင်းရမှန်း ဖြစ်ကာ ဝေခွဲမရဖြစ်ကျန်ခဲ့ပါသည်။

သူနဲ့မတွေ့ချင်ပါဘူးဆိုမှ။ ဘာဖြစ်လို့ မို့ဆီကို လိုက်လာမှန်းမသိ။ တကယ်ဆို မို့က သူနဲ့မျက်နှာချင်းဆိုင်ရမှာကိုပဲ ဝန်လေးနေမိသည်။

သိပ်မကြာလိုက် ဖွဖွနင်းလျှောက်လာသော ခြေသံနှင့်အတူ လူတစ်ယောက် မို့ရှေ့ကိုလာရပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မို"

မင်းညခေါ်သံကို ကြားပေမယ့် မို မော့မကြည့်။ စိတ်ရှုပ်ထွေးစွာ ခေါင်းကိုဖွတ်ငုံ့ထားမိ၏။

"နေကောင်းရဲ့လား မို"

ပန်းနုရောင်ဝတ်စုံလေးနှင့် သိပ်လှနေသော မိုကို ငေးကြည့်ရင်း သူ့ကို တစ်ချက်မော့ကြည့်ဖော်မရသော မိုကို မင်းည မေးလိုက်တော့ မိုက ပုတ်သင်ညိုလေးလို ဆတ်ခနဲ ခေါင်းအညိတ်မှာ မင်းည နှုတ်ခမ်းတွေ သူ့အလိုလိုပြုံးသွားသည်။

"ကို မိုကို နေ့တိုင်းသတိရနေတာ မိုသိလား"

မိုမဖြေပါ။

ငုံ့ထားသည့်ခေါင်းကလည်း မော့လာခြင်းမရှိ။

"မိုနေကောင်းရင် ကိုယ်တို့အိမ်ပြန်ကြမယ်"

"ဟင့်အင်း...မိုမလိုက်ဘူး"

မိုထံမှ အသံလေးထွက်လာသဖြင့် မင်းည ပြုံးလိုက်သည်။

"ဘာဖြစ်လို့ ကိုယ်နဲ့မလိုက်ချင်ရတာလဲ"

"မို ဒီမှာပဲနေမှာ"

"ဒီမှာပဲနေမှာဟုတ်လား"





"အင်း"

"ဒါဆို ကိုယ်လည်း ဒီမှာပြောင်းနေမှထင်တယ်"

"ဟင်"

ငုံ့နေသည့် မို့ဦးခေါင်းလေး ဖျတ်ခနဲမော့အလာမှာ မို့ကို ငေးစိုက်ကြည့်နေသော မင်းည၏ နူးညံ့ရွှန်းလက်သည့် မျက်ဝန်းအစုံနှင့် ဆုံပါသည်။

"ဘယ်လိုလဲ မို၊ ကိုယ်ဒီကိုပြောင်းနေရတော့မှာလား"

မို့ထံမှ ဘာသံမှထွက်မလာသဖြင့် မင်းည မိုလက်လေးကို ဆုပ်ကိုင်လိုက်သည်နှင့်

"အို...မို့အသားကိုမထိပါနဲ့"

ဖျတ်ခနဲ မိုက သူမလက်ကလေးနှစ်ဘက်ကို နမြောတွန့်တိုစွာ သူမကိုယ်လေးနောက်သို့ ဝှက်ကွယ်လိုက်ဟန်က မင်းည ရင်ထဲက ချစ်စိတ်ကို ပို၍ဖြစ်ထွန်းသွားစေ၏။

ပြီးတော့ မိုကို စချင်လာသည်။

မင်းညဆိုသည့် လူတစ်ယောက်ကို မိုကိုယ်တိုင် သူမချစ်သူညီနှင့် လွဲမှားပြီး အရူးအမူး အသည်းအသန် ချစ်ပြနေတုန်းက မို့အချစ်တွေကို မင်းည ပြန်သတိရ၍ပါ။ မင်းညရင်ခွင်ထဲကို



www.burmeseclassic.com

www.burmeseclassic.com



မီုက သူမသဘောအတိုင်း ဝင်ချင်သည့်အချိန်ဝင်၊ ထွက်ချင်သည့်အချိန်ထွက် စိတ်ထင်တိုင်းကျဲခဲ့တုန်းက မင်းညမှာ ဘာခံစားချက်မှ မရှိသလို သူ့စိတ်ကို သူ မနည်းထိန်းချုပ်ခဲ့ရသည့် အချိန်နာရီနေ့ရက်တွေ။

အခု မင်းည မျက်စိရှေ့မှာ ရှိနေသည့်မီုနှင့် လုံးဝတခြားစီး

"မီုပဲ အရင်တုန်းက ကိုယ့်ကိုသိပ်ချစ်တာပဲ၊ လုံးဝမခွဲနိုင်ဘူးဆို"

"အိုး…အဲဒါက ညီထင်လို့ပေါ့"

"အခုလည်း ညီပဲလေ"

"မဟုတ်ဘဲနဲ့"

"ဒါဖြင့် ဘယ်သူလဲ"

မီု့အကြည့်တွေက မင်းညထံ ဖျတ်ခနဲရောက်လာပြီး ချက်ချင်းအကြည့်လွှဲသွား၏။ ပြီးမှ အသံတိုးတိုးလေးနှင့်…

"မင်းည"

"ညီမဟုတ်မှန်း သိပြီပေါ့"

"အင်း"

ညီနဲ့မင်းညကို ကွဲပြားအောင် ခွဲခြားသွားနိုင်တာကို





မင်းည ရင်ထဲ ရှင်းလင်းပေါ့ပါးစွာ ဝမ်းသာရပြန်ပါသည်။ မင်းည ကိုယ်တိုင် မီုက သူ့ကို သူမချစ်သူညီအမှတ်နှင့် ဖွဲလမ်းမြတ်နိုးနေတာကို အလိုမရှိ ဖြစ်နေခဲ့တာကြာပါပြီ။ အခု မင်းညဖြစ်ချင်သည့်ဆန္ဒတစ်ခု ပြည့်သွား၏။

နောက်တစ်ခုပဲ ကျန်တော့သည်။

မီုက မင်းညဆိုသည့်သူ့ကို ညီလိုပဲ အရူးအမူးစွဲလမ်းပြီး ချစ်မြတ်နိုးနေဖို့။ မီု့မျက်နှာလေးကို မင်းည စိုက်ကြည့်ပစ်လိုက်၏။

မီုနှင့် မတွေ့ရသည့်ရက်တွေမှာ မင်းည လူးနေအောင် လွမ်းခဲ့ရသည်။ တမ်းတခဲ့ရသည်။ ဖြစ်နိုင်ရင် ချစ်သူရှိရာ အပြေးသွားပြီး မီုကိုယ်လေးကို သူ့ရင်ခွင်ထဲ ဆွဲယူရှိုက်နမ်း၍ လွမ်းသမျှအတိုးချချင်ပေမယ့် သူမလုပ်ခဲ့။

မီုစိတ်အခြေအနေ။ မီုခံစားချက်တွေကို မီု့မာမီကတစ်ဆင့် စောင့်ကြည့်အကဲခတ်လေ့လာခဲ့သည်။ လူကသာ မီု့ဆီကို မရောက်ပေမဲ့ မီု့အိမ်ရှေ့ကို တစ်နေ့သုံးလေးခေါက် အမြဲရောက်ပြီး မီုကို တိတ်တဆိတ် ခိုးကြောင်ခိုးဝှက် ငေးခဲ့ရသည်။

အခု မီုက သူ့ကို ညီမဟုတ်မှန်းသိသွားသလို မင်းည အဖြစ် လက်ခံလိုက်ပြီ။

"အခု ကိုယ်ဘာဆက်လုပ်ရမှာလည်း မီု"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အိမ်ကိုယ်ပြန်ပေါ့"

"ပြန်စေချင်ရင် မှီပါလိုက်မှရမယ်"

"မှီမလိုက်ရင် ကိုယ်လည်းမပြန်ဘူး"

"ဟင်"

မှီနှင့်မင်းည တစ်ယောက်မျက်နှာ တစ်ယောက်စိုက်ကြည့်လိုက်ကြသည်။ စူးရှရှန်းလက်သည့် မင်းညအကြည့်တွေကို ရင်မဆိုင်ရဲသလို မှီကပဲ စပြီး အကြည့်ကိုမျက်လွှာချသွား၏။

"မှီ့ကိုခွင့်လွှတ်ပါ"

"ကိုယ်က ဘာကိုခွင့်လွှတ်ရမှာလဲ"

"ဟို…မှီ…ရှင်နဲ့ကွာ…ကွာရှင်း"

"ဘာပြောတယ်မှီ"

မင်းညလက်နှစ်ဘက် မှီ့ပခုံးလေးကို တင်းကြပ်စွာဆုပ်ကိုင်လျက် အံ့သြတုန်လှုပ်စွာ မေးလိုက်တော့ မှီ အကြည့်တွေက မင်းညထံ ပြန်ရောက်လာ၏။

"မှီ့ကို ကွာရှင်းခွင့်ပေးပါ မင်းည"

"ဘာ"

"မှီ့ကြောင့် မင်းညမှာ နစ်နာဆုံးရှုံးမှုတွေဖြစ်သွားတယ်ဆိုရင် မှီ့ဘက်က မင်းည ကျေနပ်တဲ့အထိ လျော်ကြေးပေးပါ့မယ်"





"တကယ်ပေးမှာလား"

မှီမျက်နှာလေးကို စိုက်ကြည့်ရင်း မင်းည မေးလိုက်တော့ မှီက ခေါင်းညိတ်သည်။

"တကယ်ပေးမှာပါ"

"ဒါဆို ကိုယ့်အတွက် နစ်နာမှုလျော်ကြေးကို အခုပဲယူလိုက်တော့မယ်"

"အို"

မှီတစ်ကိုယ်လုံး မင်းညရင်ခွင်ထဲက ရုတ်ရုန်းပေမယ့် မင်းညက မလွှတ်။

"မှီ"

"ဟင့်အင်း…ရှင့်ကို မှီပေးမယ့်လျော်ကြေးက ဒီလိုမဟုတ်ဘူး"

"ကိုယ်လိုချင်တဲ့ မှီ့ဆီကလျော်ကြေးကတော့ ဒီလိုပဲ"

"မှီ့ကိုချစ်တယ်"

"အို"

မင်းညရင်ခွင်ထဲမှာ မှီ့ကိုယ်လေး နစ်သွားသည်။ မင်းညက မှီ့ကို ဘာစကားမှဆိုခွင့်မပြု။ လွမ်းခဲ့ရသမျှ အလွမ်းတွေကို အနမ်းဖြင့် အတိုးချဖြေသိမ့်နေသမျှ မှီ အသက်ရှူမှားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကိုချစ်သလားမီ"

"မီ့ကိုလွှတ်"

"ကိုယ်မေးတာ မီဖြေဦးလေ"

"ကိုယ့်ကို မီချစ်လား"

"မီ မသိဘူး"

"မီသိသွားအောင် ကိုယ်သင်ပေးမှထင်တယ်"

"ရှင်နော်"

"ညလို့ခေါ်"

"ဟင့်အင်း"

မီဘာမှမပြောရသေးခင် မီ့နှုတ်ခမ်းလေး နွေးထွေးသွားသည်။

"မီ"

"ရှင် မီ့ကိုလွှတ်ပါတော့၊ ဒီမှာ အသက်ရှူကြပ်လှပြီ"

"ချစ်တယ်လို့ပြော"

"မီ စဉ်းစားဦးမယ်"

"ဖယ်ပါ"

မင်းညကိုယ်ကြီးကို မီ တွန်းထုတ်ပေမယ့်မရ။ မင်းည ပန်းနုရောင်နှင်းဆီပွင့်နှင့်တူသော မီမျက်နှာလေးကို စိုက်ကြည့်ပြီ





မီမျက်နှာလေးကို ဆွဲယူပင့်မော့လျက် မျက်နှာချင်းဆိုင်သည်။

"ကိုယ့်မျက်နှာကို သေချာကြည့်စမ်း မီ"

အမိန့်ပေးသလို ပြောလာပေမယ့် မင်းညအသံက နူးညံ့နေသလို သူ့စကားသံကလည်း သိမ်မွေ့နေသဖြင့် မီ အနေရခက်ခက်နှင့်ပင် မင်းညပြောသလို သူ့မျက်နှာချောချောကို မျက်လွှာပင့်၍ ကြည့်လိုက်၏။

စူးရှလင်းလက်သော ချစ်ခြင်းတို့ ပျော်ဝင်နေသော မင်းည မျက်ဝန်းအစုံက မီကို စူးစိုက်ကြည့်နေတာမို့ အကြည့်ချင်းဆုံသွားခိုက် မီရင်ထဲ နွေးခနဲ ရှိန်းဖိုသွား၏။

"ကိုယ့်ကိုချစ်ဖို့ မီကစဉ်းစားဦးမှာလား"

မီမဖြေ။

"ကိုယ်မေးတာဖြေလေ မီ၊ မီ့အတွက် ကိုယ့်အချစ်တွေက သေချာစဉ်းစားပြီးမှ လက်ခံရမယ့် အခြေအနေလား"

"မီမသိဘူး၊ အခုမှတွေ့တဲ့လူစိမ်းတစ်ယောက်ကို"

"ဘယ်လို မီ"

"အခုမှတွေ့တဲ့ လူစိမ်းတစ်ယောက်ဟုတ်လား"

"အို…မီ ဘာမှမသိတော့ဘူး၊ မီ့ကိုသာလွှတ်ပါ၊ မီ သွားပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်မှမသွားရဘူးမို၊ အစထဲက မင်းစိတ်ထင်ရာ သွားစေချင်ရင် မို့ကို ကိုယ့်အနားမှာ ဒုက္ခခံပြီး ခေါ်ထားမှာမဟုတ်ဘူး"

"ကိုယ် မို့ကို ကိုယ့်အနားက ဘယ်ကိုမှ သွားခွင့်မပေးတာ မို့ကိုသိပ်ချစ်လို့၊ မြတ်နိုးလို့၊ ပြီးတော့ မိုကိုယ်တိုင်က ကိုယ့်ကို မခွဲနိုင်အောင် ချစ်ပြနေလို့"

မင်းညစကားအဆုံးမှာ မိုပါးလေးတွေ ဖြန်းခနဲ ရဲနီတောက်ပသွား၏။

"အဲဒါက ဟို ရှင့်ကို"

"ညကိုလို့ပြော"

"အို"

နွေးသွားသည့်ပါးလေးကို အုပ်ကွယ်ရန် အချိန်မရလိုက်ပါ။ မို့ကိုယ်လေးကို သူ့ရင်ခွင်ထဲ ထားပြီး စိတ်ထင်တိုင်းကျဲနေသည့် မင်းညကိုယ်ကြီးကို မိုနဲ့ဝေးရာတွန်းထုတ်ချင်ပေမယ့် အင်အားချင်းကမမျှ။

"ရှင်နော်…လူကို"

"ရှင်လို့တစ်ခါပြောတိုင်း တစ်ခါအနမ်းခံချင်ရင် ကြိုက်သလိုပြော"





မို့ကိုယ်လေး တွန့်သွားသည်။ သူခြိမ်းခြောက်နေတာ မဟုတ်မှန်း မိုသိ၍ပါ။

"ရှင်…ဟို ည မို့ကို အနိုင်မကျင့်ပါနဲ့၊ မို စိတ်ဆိုးမိလိမ့်မယ်"

"အဟွန်း…ဟွန်း ကိုယ်က မို့ကို အနိုင်ကျင့်တယ်ပေါ့ဟုတ်လား၊ မိုကိုယ့်ကို အနိုင်ကျင့်ခဲ့တုန်းက ကိုယ်က မို့ကို လုံးဝစိတ်မဆိုးခဲ့ရပါလားဗျာ"

"အို…အဲဒါကတော့ မိုက ညကို ညီလို့ထင်နေတာကိုး"

"ဘာလဲ အခုညီမဟုတ်ဘဲ ညဖြစ်သွားလို့ မချစ်ချင်တော့တာလား"

မင်းညအမေးကို မို မဖြေတတ်ပါ။

မိုစိတ်ထဲမှာ ရှုပ်ထွေးနေသည့် ခံစားချက်ကတစ်မျိုး။ သင်းဖျော့သော ကိုယ်ငွေ့နွေးနွေးထဲမှာ မိုတစ်ကိုယ်လုံး အသက်ရှူမှားမတတ် ရောက်နေရတာကတစ်မျိုးနှင့် စိတ်ရှုပ်စွာ သူ့နားက ထွက်ပြေးချင်နေသည်။

ဖြစ်နိုင်လျှင် မို့ကိုမချစ်ဘဲ မုန်းသွားစေချင်သည်။ မင်းညတို့လို ယောကျ်ားတွေက သူတို့ကိုသာ အချစ်ဦး၊ အချစ်ဆုံးဖြစ်စေချင်ကြတာ။ ဖျတ်ခနဲ မိုအတွေးထဲ ရောက်လာ၏။ တကယ်ဆို

www.burmeseclassic.com



မီက မင်းညရဲ့ ချစ်သူလည်းမဟုတ်။ သူ့ကိုချစ်ခဲ့တယ်ဆိုတာက လည်း မီ့ကြောင့် သေဆုံးသွားခဲ့သော မီ့ချစ်သူ ညီရယ်လို့ ထင်မိ တာကြောင့် သူ့နားက မခွဲနိုင်အောင်ဖြစ်ခဲ့ရတာပါ။

အခုချိန်မှာ မီကိုယ်တိုင် ညီနဲ့ညကို ခွဲခြားနိုင်ခဲ့ပြီဖြစ်သလို မီ အချစ်ဦးဖြစ်သော ညီအပေါ်မှာ သစ္စာရှိဖို့ကြိုးစားရင်း မီ တစ်ယောက်တည်းသာ နေလိုပါသည်။

ဒါတွေကို မင်းညသိအောင် ရှင်းပြနေလို့လည်း သူက လက်ခံနားလည်ပေးမှာမဟုတ်။ မီ့ကိုသာ တစ်ခါတည်း စိတ်ပျက် ပြီး နောက်ဆုတ်သွားစေရန်သာ အကြံဉာဏ်လေးထုတ်ပြီး မင်းညနှင့် မျက်နှာချင်းဆိုင်လိုက်၏။

“ညကို မီပြောစရာရှိတယ်”

“ဘာလဲ ပြော”

“တကယ်ဆို မီက ညကိုချစ်ခဲ့တာမှမဟုတ်ဘဲ၊ ညကို ညီထင်ပြီးချစ်ခဲ့တာ”

“အဲဒီတော့ ဘာဖြစ်လဲ”

မင်းညက မျက်နှာတစ်ချက်မပျက်။ မီပြောနေသည့် အကြောင်းအရာတွေက မင်းည မီ့ကိုစတွေ့ထဲက သူသိထား နားလည်ထားသည့် အကြောင်းအရာတွေမို့ ဘာမှလည်းမထူးခြား။





“မီက ညချစ်သူလည်းမဟုတ်ဘူး၊ ညရည်းစားလည်း မဟုတ်တဲ့ သူများရည်းစားကြီးကို”

“ဘယ်လို…မီက သူများရည်းစားဟုတ်လား”

“ဟုတ်တယ်လေ မီက ညီ့ချစ်သူ၊ ညီ့ရည်းစား သူများ ရည်းစားကြီးကို ညက”

မီမျက်နှာလှလှလေးကို စိုက်ကြည့်နေသော မင်းည မီအပေါ်မှာ စိတ်ပျက်သွားပါစေ၊ စိတ်ကုန်သွားပါစေလို့ ကျိတ် ဆုတောင်းပေမယ့် မီ့ဆုတောင်းက မပြည့်။

“ဘာဖြစ်လဲ သူများရည်းစားကြီးကို ကိုယ်ကချစ်တယ်၊ မြတ်နိုးတယ်၊ လက်ထပ်ထားတယ်၊ ကဲ ဘာပြောဦးမလဲ”

မီ့မှာ ဘာမှပြောစရာမရှိတော့ပါ။ မီထင်သလို ဖြစ်မလာ သဖြင့် စိတ်ညစ်သွားချိန်မှာ သူက မီ့ပါးလေးကို ငုံ့နမ်းပါသည်။

“သိပ်ချစ်တာပဲ မီရယ်”

“ကိုယ့်ကို ဒီလိုအပြောတွေနဲ့ စိတ်ပျက်သွားအောင် လုပ်လို့မရဘူးဆိုတာ မီသိထားသင့်တယ်”

“ဖယ်ပါ”

“ဟင့်အင်း…ချစ်တယ်”

“သူများရည်းစားကြီးကို”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ သူများရည်းစားကြီးကိုပဲ ချစ်နေရတာ"

"သွား"

"သွားမယ်"

"အဟွန်း…ဟွန်း…ဟွန်း"

ချစ်ခြင်း၊ မြတ်နိုးခြင်းများဖြင့် တိုးတိတ်ညင်သာစွာ ရယ်မောလိုက်သူ၏ ရင်ခွင်ထဲ မှီ မျက်နှာလှလှလေးကို ရှက်စနိုး ကွယ်ဝှက်ရန်မှတစ်ပါး။

ချစ်သူတိုင်း ပျော်ရွှင်ကြည်နူးနိုင်ကြပါစေ။

ချစ်ခြင်းမေတ္တာဖြင့်

မြပုလဲသွယ်

စိုး မိုး [illegible]

www.burmeseclassic.com